The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL.25, NO. 3 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 3, 2025

# ပြည်ထောင်စုအဆင့် MSMEs ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ

စာမျက်နှာ - ၂၄ ➢



# ငွေလည်း ချွေတာ၊ ကျန်းမာရေးအတွက်လည်း ကောင်းသည့် ပြည်တွင်းဖြစ် စားသုံးဆီ

pmrsufESm10 ➢








# EMIN

Testing & Measuring Everything

## စမ်းသပ်တိုင်းတာရေးလုပ်ငန်းများအတွက် အရည်အသွေးပြည့်ဝသော **Testing & Measuring Instruments** များ




- လျှပ်စစ်တိုင်းတာရေး ကိရိယာများ
- စက်ပစ္စည်းတိုင်းတာရေး ကိရိယာများ
- သဘာဝပတ်ဝန်းကျင် တိုင်းတာရေး ကိရိယာများ
- ဓာတ်ခွဲခန်းသုံး တိုင်းတာရေး ကိရိယာများ
- ဆောက်လုပ်ရေးသုံး တိုင်းတာရေး ကိရိယာများ
- ဓာတုစမ်းသပ်တိုင်းတာရေး ကိရိယာများ



Vietnam နိုင်ငံ သိပ္ပံ နှင့် နည်းပညာ အဖွဲ့အစည်းမှ Calibration Center အဖြစ် အသိအမှတ်ပြု လက်မှတ်ရရှိထားပါသည် ။

**အစရှိသောပစ္စည်းအမျိုးမျိုးကို Emin Myanmar တွင် ဝယ်ယူရရှိနိုင်ပါသည် ။**

## Emin Myanmar

09-266 993 007

www.emin.com.mm

အမှတ် (၅၁၁/B)၊ ဝေဇယန္တာလမ်း၊ (၄) ရပ်ကွက် ၊ ပါရမီ မီးပွိုင့်အနီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

# ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနှင့် CITIC တို့ နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနှင့် CITIC တို့ ကြိုတင်ဖြည့်ဆည်းရမည့် အချက်များ (Conditions Precedent) နှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ-၁ ၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရခိုင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနှင့် CITIC မှ နှစ်ဖက်ကြိုတင် ဖြည့်ဆည်းရမည့်အချက် (Conditions Precedent) ကိစ္စရပ်များနှင့် သက်ဆိုင်သည့်ဌာနများမှ တာဝန်ရှိသူများ၊ CITIC Consortium Myanmar Port Investment Limited မှ ဥက္ကဋ္ဌ Mr.Liang Chuanxin နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်း ဆောလျင်စွာ စတင်နိုင်ရေးအတွက် မြန်မာနိုင်ငံဖက်နှင့် တရုတ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းခိုင်မာလာစေရန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးဆွဲထားသည့် Development Plan ကို ခေတ်စနစ်နှင့်အညီ ကောင်းမွန်စေရန် ရေးဆွဲသင့်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ကျောက်ဖြူအထူး စီးပွားရေးဇုန်ရေနက်ဆိပ်ကမ်းစီမံကိန်းသည် မြန်မာနိုင်ငံအတွက် အရေးကြီးသကဲ့သို့ တရုတ် နိုင်ငံအတွက်လည်း မဟာဗျူဟာကျသည့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုမြင့်တင်စေနိုင်မှာဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းများသတ်မှတ်ကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် လိုအပ်သည့်လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေးနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို Timeline ချမှတ်၍ ကြိုးစားဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

ထို့နောက် CITIC Consortium Myanmar Port Investment Limited မှ တာဝန်ရှိသူများက နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များ (Conditions Precedent) နှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့်အခြေအနေများကို အသေးစိတ် ရှင်းလင်းဆွေးနွေးတင်ပြကြရာ တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များက ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာနှင့် CITIC တို့ နှစ်ဖက်ကြိုတင် ဖြည့်ဆည်းရမည့်အချက်များ (Conditions Precedent) အနက် EIA/SIA ဆိုင်ရာ ကိစ္စရပ်များနှင့် Development Plan တို့နှင့်စပ်လျဉ်းသည်များကို တင်ပြခဲ့ရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေ ၃ နာရီခွဲတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနှင့် CITIC တို့ နှစ်ဖက်ကြိုတင် ဖြည့်ဆည်းရမည့်အချက်များ (Conditions Precedent) နှင့်စပ်လျဉ်းသည့် လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ၂/၂၀၂၅ ကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ(၁) ၌ ပထမအကြိမ်ကျင်းပခဲ့ရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့ တက်ရောက်ခဲ့ကြသည်။

# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၁၀) သင်တန်းဆင်း

ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ပို့ကုန်သွင်းကုန်ရုံး ရန်ကုန်တိုင်းဒေသကြီးတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ) အမှတ်စဉ် (၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာနလက်အောက်ရှိဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များ အသင်းချုပ် (UMFCCI) မှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းမှ သင်တန်းသားဟောင်းများ၊




သင်တန်းနည်းပြများနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံ သင်တန်းအမှတ်စဉ် (၁၀)မှ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ်က ပထမ၊ ဒုတိယ၊ တတိယနှင့် စာတမ်း အကောင်းဆုံးဆု ရရှိသူများအား အသီးသီး ဆုချီးမြှင့်ခဲ့ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

TTI

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
သောင်းနိုင်၊ နီနီကျော်

**စာတည်းမှူးချုပ်**
မျိုးမြင့်ဦး

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ကျော်ကျော်

**အုပ်ချုပ်ရေးမှူး**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
သဇင်(မအူပင်)
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သင်းသင်းအေး(မုံရွာ)
မျိုးဝင်းသန်း(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၀၉၇၇)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com


DIAMOND & GOLD
SHWE MIN NYI NAUNG
JEWELLERY
09777766983, 09777767663, 09772760105, 09776292879.



MISL Myanmar ICT Solutions Limited
DRIVE YOUR BUSINESS FORWARD
WITH
INNOVATIVE TECH INTEGRATION!
09 765101660
www.misl.com.mm




GOLD DELTA
GOLD DELTA CO.,LTD.
永 祥
YONGXIANG
www.golddeltamyanmar.com

# ပြည်ခရိုင် စားသောက်ကုန် ဈေးနှုန်းဈေးကွက်

ပြည်ဈေးကွက်၏ ကြက်သွန်နီဈေးကွက်အနေဖြင့် အရောင်းအဝယ်ကောင်းလျက်ရှိနေပြီး ဖေဖော်ဝါရီလအတွင်း တောင်တွင်း၊ အောင်လံ၊ သရက်စသည့် နယ်ဘက်မှ ကြက်သွန်နီများ ပိုမိုဝင်လာ ကြောင်းသိရသည်။

ပြည်ဈေးကွက်သို့ ၂၈ ပိဿာဆံ့ အိတ် ၅၀၀ ခန့် ပိဿာချိန်အားဖြင့် ပိဿာ ၁၄၀၀၀ နေ့စဉ်ပုံမှန် အဝင်ရှိနေပြီး အရောင်းအဝယ်အားဖြင့် ပုံမှန်ဒေသတွင်း ဝယ်လက်များ၊ အိတ်ဆွဲ ဝယ်ရောင်းသမားများအပြင် ရန်ကုန်နှင့် သာယာဝတီခရိုင် မင်းလှမြို့နယ်ဘက်ခြမ်းမှ အဝယ်များပြီး ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်ဘက်ခြမ်းတွင် အရောင်းအဝယ် အနည်းငယ် လျော့နည်းသွားကြောင်း သိရသည်။

ဖေဖော်ဝါရီလအတွင်း အဝင်များသည့်အတွက် ယခင် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ပျမ်းမျှ တစ်ပိဿာလျှင်ကျပ် ၄၀၀-၅၀၀ နှုန်းခန့် ကျဆင်းသွားပြီး လက်ရှိတွင် ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် ကြီး၊ လတ်၊ သေး ကျပ် ၃၂၀၀၊ ၃၀၀၀-၂၈၀၀၊ ၂၆၀၀-၂၄၀၀ နှုန်းများနှင့် မြို့ပေါ် လက်လီဈေးများတွင် ကျပ် ၄၀၀၀၊ ၃၈၀၀-၃၅၀၀၊ ၃၀၀၀-၃၂၀၀ နှုန်းတို့ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိနေကြောင်း သိရသည်။

ပြည်ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသော စပါးအမျိုးအစားများမှာ မော်ဘီစပါး ၄၀ ပေါင် တင်း ၁၀၀ လျှင် ကျပ် ၁၈၄၀၀၀၀၊ ရတနာတိုး ၄၆ ပေါင် တင်း ၁၀၀ လျှင် ကျပ် ၁၆၅၆၀၀၀၊ ကရင်မစပါးမှာ ကျပ် ၁၇၄၈၀၀၀ လျှင် နံ့ကောက်စပါးမှာ ကျပ် ၁၅၆၄၀၀၀ ဈေးဖြင့် အရောင်းအဝယ်ရှိသည်။

ဆန်ဈေးများအနေဖြင့် ရတနာတိုးဆန်သစ် တစ်အိတ်လျှင် ကျပ် ၆၅၀၀၀၊ မော်ဘီဆန် (၁၅)မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ မော်ဘီ (၂၅)မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၇၀၀၀၀၊ နံ့ကောက်ဆန် သစ်တစ်အိတ်လျှင် ကျပ် ၇၂၀၀၀၊ ကရင်မဆန် တစ်အိတ်လျှင် ကျပ် ၇၀၀၀၀၊ ဆင်းသွယ်တစ်အိတ်လျှင် ကျပ် ၇၃၀၀၀၊ ရိုးနီသစ် တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ မနောသုခ (အသစ်)တစ်အိတ်လျှင် ကျပ် ၆၉၀၀၀ ဖြင့် ဈေးကွက်အတွင်းအရောင်းအဝယ်ရှိသည်။ ဆန်စီးဆင်းမှုအနေဖြင့် ပြည်ခရိုင်မှ ရန်ကုန်သို့ တစ်ပတ်လျှင် အိတ်ရေ ၂၀၀၀ ခန့် တင်ပို့မှုရှိပြီး မကွေးတိုင်းဒေသကြီးသို့ တစ်ပတ်လျှင် အိတ် ၅၀၀၀ ခန့်စီးထွက်မှုရှိပြီး ပေါ်ဆန်းဧရာပဒေသာ၊ ပခမ်းဆန်များမှာ ဧရာဝတီတိုင်းဒေသကြီးမှ စီးဝင်မှုရှိသည်။ ဧရာဝတီတိုင်းမှ ပြည်သို့ တစ်ပတ်အတွင်းဆန်အိတ်ရေ ၂၅၀ ခန့် ဝင်ရောက်မှုရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးနှမ်းစိုက်ဧက ၆၉၉၄၀ ဧကတွင် ၆၄၁၃၃ ဧက ရိတ်သိမ်းနိုင်ခဲ့ပြီး တစ်ဧကအထွက်နှုန်းအနေဖြင့် ၁၇ ဒသမ ၁၀ တင်းထွက်ရှိပြီး ဆောင်းနှမ်းစိုက်ဧကမှာ ၁၁၂၆၄ ဧက စိုက်ပျိုးထားကြောင်း သိရသည်။ ယခင်နှစ်ဖြစ်သော ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မိုးနှမ်းစိုက်ပျိုးဧက ၆၆၃၇၁ စိုက်ပျိုးပြီး ၆၆၃၇၁ ဧက ရိတ်သိမ်းနိုင်ခဲ့သည်ဟု ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ သိရသည်။

ထို့ကြောင့် မိုးနှမ်းစိုက်ဧကမှာ ယခုနှစ်တွင် စိုက်ပျိုးဧက များလာကြောင်း သိရသည်။ နှမ်းဈေးနှုန်းများ အနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ဖြစ်ပေါ်ခဲ့သော နှမ်းသီးနှံဈေးနှုန်းများမှာ နှမ်းနီ တစ်တင်းလျှင် ကျပ် ၁၂၀၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၁၇၃၀၀၀ နှင့် စမုန်နက်နှမ်း တစ်တင်းလျှင် ကျပ် ၂၁၆၀၀၀ ဖြင့် ရောင်းဝယ်ခဲ့ကြသည်။ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် နှမ်းနီတစ်တင်းလျှင် ကျပ် ၁၂၀၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၁၇၃၀၀၀နှင့် စမုန်နက်နှမ်းတစ်တင်းလျှင် ကျပ် ၂၀၀၀၀၀ ဖြင့် ယခင်လအတိုင်း ဈေးငြိမ်နေပြီး စမုန်နက်နှမ်း တစ်မျိုးသာ ဈေးအနည်းငယ်ကျလာခဲ့သည်။

အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ယခုအချိန်သည် နွေနှမ်းစတင်စိုက်ပျိုးရန် ပျိုးထောင်နေချိန်ဖြစ်၍ နှမ်းဝင်ရောက်မှုမှာ နည်းသွားပြီး ပွဲရုံလက်ကျန်များဖြင့်သာ ရက်ခြား အရောင်းအဝယ်ဖြစ်ပြီး တစ်ခါတစ်ရံ အရောင်းအဝယ်ဖြစ်လျှင် အိတ် ၃၀ ခန့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဈေးကွက်အနေဖြင့် ပြည်ခရိုင်အတွင်း စိုက်ပျိုးထွက်ရှိသော နှမ်းများကို ဒေသတွင်း ပွဲရုံများနှင့် ဆီစက်များသို့ ရောင်းချသလို အခြားတိုင်းဖြစ်သော မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးသို့လည်း တင်ပို့ရောင်းချကြောင်း သိရသည်။

[illegible]

# မန္တလေးကုန်စည်ဒိုင်တွင် နနွင်းနှင့် ပဲပုပ် ဈေးကောင်းရနေ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် နနွင်းကို အများအပြား စိုက်ပျိုးကြသည်။ ယခင်နှစ် ဇွန်၊ ဇူလိုင်လများတွင် စိုက်ပျိုးခဲ့သည့် နနွင်းများကို ယခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် စတင်တူးဖော်ခဲ့ပြီး ဖေဖော်ဝါရီလတွင် လှိုင်လှိုင်ထွက်ပေါ်လာပြီဖြစ်ကြောင်း သိရသည်။

နနွင်းတစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်အားခ စုစုပေါင်းကျပ် ၂၅ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကအထွက်နှုန်းမှာ မြေဆီနှင့် မြေဩဇာထည့်သွင်းမှုပေါ် မူတည်ပြီး အထွက်နှုန်း ကွာခြားကြောင်း၊ နနွင်းတက်အစိုလှည်း ၁၀ စီးမှ ၁၃ စီးခန့်ထိ ထွက်ရှိပြီး တစ်စီးလျှင် ၂၅ တင်း ဝင်ဆံ့သောကြောင့် တစ်ဧကလျှင် တင်း ၂၅၀ မှ ၃၂၅ တင်းရရှိကြောင်း၊ လတ်တလောတွင် စိုက်ခင်းဈေး နနွင်းအစိုတစ်တင်းလျှင် ကျပ် ၂၃၀၀၀ ခန့်ဖြင့် ရောင်းချနေရကြောင်း မြစ်သားမြို့နယ်၊ မင်းစုရွာ နနွင်းစိုက် တောင်သူများထံမှ သိရသည်။

ရောင်းဝယ်မှုအနေဖြင့် ကုန်သည်များက စိုက်ခင်းအရောက် လာရောက်ဝယ်ယူပြီး မန္တလေးနှင့် ရန်ကုန်ပွဲရုံများသို့ တင်ပို့မှုရှိကြောင်း၊ အချို့စိုက်ခင်းရှင်များကိုယ်တိုင် မြစ်သား၊ ကူမဲ၊ ကျောက်ဆည်နှင့် မန္တလေးပွဲရုံများသို့ တင်ပို့ရောင်းချမှုရှိကြောင်း သိရသည်။

နနွင်းမှာ ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရှိခြင်း၊ အခြားသီးနှံထက် ဈေးကောင်းရခြင်း၊ အကျိုးအမြတ် သေချာခြင်း စသည့် အကျိုးကျေးဇူးများကြောင့် တိုးချဲ့စိုက်ပျိုးသင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း ကျောက်ဆည်ခရိုင် နနွင်းစိုက်တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် ပဲပုပ်ကို မိုးသီးနှံအဖြစ် မေလနှင့် ဇွန်လများတွင် စိုက်ပျိုး၍ ဩဂုတ်နှင့် စက်တင်ဘာလများတွင် ထွက်ပေါ်ပြီး ဆောင်းသီးနှံကို နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် စိုက်ပျိုးကာ ဖေဖော်ဝါရီနှင့် မတ်လများတွင် ထွက်ပေါ်လေ့ရှိသည်။ ပဲပုပ်သည် ပြည်တွင်းစားသုံးမှုရှိသည့် သီးနှံဖြစ်သည့်အပြင် ပြည်ပသို့လည်း တင်ပို့လျက်ရှိသည်။

မန္တလေးကုန်စည်ဒိုင် ဈေးကွက်သို့ ရှမ်းပြည်နယ်မှ စိုက်ပျိုးထွက်ရှိသည့် ပဲပုပ်များအပြင် တိုင်းအတွင်း ထွက်ရှိသည့် ပဲပုပ်များပါဝင်ရောက်၍ ရောင်းဝယ်ကြသည်။ ယခုနှစ် သီးနှံရာသီတွင် ဆောင်းသီးနှံ ပဲပုပ်အသစ်များ ဇန်နဝါရီလဆန်းပိုင်းမှ စတင်ဝင်ရောက်လျက်ရှိပြီး ဖေဖော်ဝါရီလတွင် အဝင်လှိုင်လာပြီး အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် ပဲပုပ်(ဗမာ)အသစ် ၅၃ ဒသမ ၂၅ ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ကျပ် ၂၈၅၀၀၀ မှ ၂၉၀၀၀၀၊ ယခင်တစ်ပတ်ကျပ် ၂၈၀၀၀၀ မှ ၂၈၅၀၀၀၊ ယခင်လ ကျပ် ၃၀၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀၊ ယခင်လထက် ကျပ် ၁၀၀၀၀ မှ ၁၇၀၀၀ ဈေးမြင့်လာကြောင်း သိရသည်။

ပဲပုပ်(ကာဘိုး) ၅၃ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ကျပ် ၃၂၀၀၀၀ မှ ၃၂၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၃၀၀၀၀၊ယခင်လ ကျပ် ၃၁၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀မှ ၁၀၀၀၀ ဈေးနိမ့်လာပြီး ယခင်လထက် ကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ ဈေးမြင့်လာသည်။

ပဲပုပ်(ရှမ်း) ၅၃ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ကျပ် ၃၃၀၀၀၀ မှ ၃၄၀၀၀၀၊ ယခင်တစ်ပတ်ကျပ် ၃၃၀၀၀၀ မှ ၃၃၅၀၀၀၊ ယခင်လတွင် ကျပ် ၃၂၀၀၀၀မှ ၃၂၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀၊ ယခင်လထက် ကျပ် ၁၀၀၀၀ ဈေးမြင့်လာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

(Myantrade-မန္တလေး)

# မကွေးတိုင်းဒေသကြီးတွင် ဖြစ်ပေါ်လျက်ရှိသော စပါး၊ ဆန်ဈေးနှုန်းနှင့် စီးဝင်မှု အခြေအနေ



မကွေးတိုင်းဒေသကြီးသည် ဆန်လိုတိုင်းဒေသကြီးဖြစ်၍ စပါးအဓိကစိုက်ပျိုးထွက်ရှိရာ အခြား တိုင်းဒေသကြီး/ပြည်နယ်များ မှ တင်သွင်းရသည်။ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဇန်နဝါရီလထက် မကွေးခရိုင်နှင့် ပခုက္ကူ ခရိုင်တွင် ဆန်ဈေးနှုန်းလျော့ကျခဲ့ပြီး သရက်ခရိုင်တွင် အနည်းငယ်ဈေးနှုန်းပိုမိုလာကြောင်း သိရသည်။ မိုးစပါးသစ်များ လှိုင်လှိုင်ထွက်ပေါ်၍ ဈေးကွက်အတွင်းသို့ ဆန်အသစ်များ ဝင်ရောက်မှုများလာသည့်အတွက် ဈေးနှုန်းအနည်းငယ် ကျဆင်းလာရခြင်းဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း မြစ်အနောက်ဘက်ရှိ မင်းဘူး၊ ပွင့်ဖြူ၊ စလင်းနှင့် ဆည်ရေရရှိသော တောင်တွင်း၊ မြို့သစ်တို့တွင် ဧရာပဒေသာစပါးကို အဓိကစိုက်ပျိုးကြပြီး ဖေဖော်ဝါရီ စတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော စပါးဈေးနှုန်းများမှာ ညော့မထနွေ(ဟောင်း)တစ်တင်းလျှင် ကျပ် ၁၈၅၀၀ ၊ ဆန်ဈေးနှုန်းများမှာ မကွေးခရိုင်တွင် ပေါ်ဆန်းမွှေး (၂၄)ပြည် တစ်အိတ်လျှင် ကျပ် ၁၅၂၀၀၀၊ ဧရာပဒေသာ ကျပ်၁၃၅၀၀၀၊ မနောသုခ ကျပ်၉၇၀၀၀၊ ရတနာတိုး ကျပ် ၇၂၀၀၀၊ မင်းဘူးခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၃၅၀၀၀၊ ဧရာ ပဒေသာ ကျပ် ၁၃၃၀၀၀၊ မနောသုခ ကျပ်၉၇၀၀၀၊ သရက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၂၀၀၀၀၊ မနောသုခ ကျပ် ၈၅၀၀၀၊ အောင်လံခရိုင်တွင် ပေါ်ဆန်း မွှေး ကျပ် ၁၅၆၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၅၀၀၀၊ မနောသုခ ကျပ် ၁၀၀၀၀၀၊ ရတနာတိုး ကျပ် ၈၁၅၀၀၊ ချောက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၁၅၀၀၀၊ မနောသုခ ကျပ် ၉၀၀၀၀၊ ရတနာတိုး ကျပ် ၇၈၀၀၀၊ ပခုက္ကူ ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၃၀၀၀၊ မနောသုခ ကျပ် ၉၃၀၀၀၊ ရတနာတိုး ကျပ် ၇၈၀၀၀၊ ဂန့်ဂေါခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၉၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၅၀၀၀၊ မနောသုခ ကျပ် ၉၅၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁ ရက်မှ ၂၃ ရက်အထိ မကွေးတိုင်းဒေသကြီးသို့ အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ ဆန်စီးဝင်မှုမှာ စပါးအဓိကစိုက်ပျိုးထွက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန်၆၄၄၀၂ အိတ်၊ မန္တလေးတိုင်းဒေသကြီးမှ ဆန်အိတ် ၂၈၈၀၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆန် ၄၆၅၆ အိတ်၊ ပဲခူးတိုင်းဒေသကြီးမှ ဆန်အိတ်၈၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဆန်အိတ် ၆၈၈၀၊ စုစုပေါင်းဆန်အိတ်ရေ ၈၆၇၂၇ အိတ်၊ တန်ချိန် ၄၃၄၀ တန် စီးဝင်ခဲ့ကြောင်း သိရသည်။

[illegible](မကွေး)

# ပခုက္ကူခရိုင် ဒေသထွက်ကုန်များ

### ကုလားပဲ

ဧရာဝတီမြစ်ရိုးတစ်လျှောက် ကျေးရွာများရှိ ကိုင်းကျွန်းမြေများတွင် အများဆုံးစိုက်ပျိုးကြောင်း၊ မိုးကြက်သွန်နီ(ဥစိုက်) တူးဖော်ပြီး ခင်းလွတ်များတွင် သီးထပ်အဖြစ် စိုက်ပျိုးကြောင်း၊ ယခင်နှစ်များတွင် ကုလားပဲသီးနှံကို ဆောင်းတစ်ရာသီ တစ်ကြိမ်သာ စိုက်ပျိုးပြီး ယခုအခါ ကြက်သွန်နီ စိုက်ခင်းလွတ်များတွင် သီးထပ်အဖြစ် နှစ်ကြိမ် စိုက်ပျိုးလာကြောင်း သိရသည်။

ဆောင်းသီးနှံကုလားပဲ စိုက်ပျိုးမှုကို ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် မိုးကြက်သွန်နီ (ဥစိုက်) စိုက်ခင်းများ မတူးဖော်မီ ၂၅ ရက်သားခန့်အလိုတွင် ကြက်သွန်ခင်းမြောင်းကြားတွင် ကုလားပဲမျိုးစေ့များကို ပင်ကြား ငါးလက်မအကွာ စူးထိုးပြီး အစေ့ချ စိုက်ပျိုးခြင်းနှင့် ကြက်သွန်တူးဖော်ပြီးချိန်တွင် နွားရှဉ်းဖြင့် ထယ်ချောင်းဆွဲဖြူးချစိုက်ပျိုးခြင်း နှစ်နည်းဖြင့် စိုက်ပျိုးကြောင်း၊ ရေသွင်း ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးပြီး မတ်လကုန် ဧပြီလဆန်းပိုင်းတွင် သီးနှံရိတ်သိမ်းကြောင်း၊ တစ်ဧကလျှင် မျိုးစေ့နှစ်တင်းခန့်ကုန်ကျပြီး ကုလားပဲလုံးကြီး(အဖြူ)မျိုးကို စိုက်ပျိုးကြောင်း၊ တောင်သူများအနေဖြင့် ကုန်ကျစရိတ်နည်းပြီး အကျိုးအမြတ်ရရှိ၍ ယခင်နှစ်က ဧက ၅၀၀ ခန့်စိုက်ပျိုးပြီး ယခုနှစ်တွင် ဧက ၇၀၀ အထိ တိုးချဲ့စိုက်ပျိုးမှု များလာကြောင်း သိရသည်။

ယခင်နှစ်က ကုလားပဲအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှတင်း ၂၀ ခန့် ထွက်ရှိကြောင်း၊ သီးနှံပေါ်ချိန် ဒေသပေါက်ဈေး တစ်တင်း ကျပ် ၈၅၀၀၀-၉၀၀၀၀ ခန့်ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရသည်။

### ပဲစင်းငုံနီ

ပခုက္ကူဈေးကွက်သို့ ဒီဇင်ဘာလ ပထမပတ်မှစတင်၍ ပဲစင်းငုံနီ(အသစ်)များ ဝင်ရောက်ခဲ့ပြီး ပိဿာ ၂၀ ဝင် တစ်တင်းလျှင် သီးနှံပေါ်စ ကျပ် ၁၂၆၅၀၀-၁၂၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီလ စတုတ္ထပတ်ထိ ပဲစင်းငုံနီများ ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပခုက္ကူ မြိုင်၊ ပေါက်၊ ရေစကြို မြို့နယ်အတွင်းရှိ ကျေးရွာများ၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများမှ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် တစ်ရက်လျှင် ပဲစင်းငုံနီ ပိဿာ ၃၀ ဝင် အိတ် ၇၀၀-၁၀၀၀၊ တစ်ပတ်အတွင်း အိတ်ရေ ၅၀၀၀ ခန့် ဝင်ရောက် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ပဲစင်းငုံနီ တစ်တင်းလျှင် ဖေဖော် ဝါရီလ စတုတ္ထပတ်တွင် ကျပ် ၉၅၆၀၀-၉၇၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပြီး ဈေးအနည်းငယ် မြင့်တက်လာကြောင်း သိရသည်။

### မြေပဲ

ပခုက္ကူမြို့ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် ဆီထွက်သီးနှံ မြေပဲများ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိရာ စိုက်ပျိုးမှုများသော ပခုက္ကူ မြိုင်၊ ပေါက်၊ ရေစကြို၊ ဆိပ်ဖြူ ယောနယ်ဒေသများ၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိကျေးရွာများမှထွက်ရှိသော မိုးမြေပဲ အတောင့်အဆန်များ ဝင်ရောက် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ယခုအချိန်တွင် ဂန့်ဂေါခရိုင်အတွင်းရှိ ယောနယ်ဒေသများမှ (၃) လ ပင်ပြန့်မြေပဲများ လှိုင်လှိုင်တူးဖော်ရိတ်သိမ်းချိန်ဖြစ်၍ ဈေးကွက်သို့ သီးနှံဝင်ရောက်မှုများကြောင်း၊ မြေပဲအသစ်၊ မြေပဲဆန်နှင့် မြေပဲအတောင့်များ ဝယ်လိုအား ကောင်းပြီး အရောင်းအဝယ် သွက်နေကြောင်း သိရသည်။ ဈေးကွက်သို့ ဝင်ရောက်လာသော မြေပဲအတောင့်နှင့် အဆန်များကို မြို့ပေါ်ရှိ လှောင်လက်သမားများ၊ ဆီစက်လုပ်ငန်းရှင်များ အဝယ်လိုက်ခြင်းအပြင် ပြည်ပနိုင်ငံမှလည်း အဝယ်လိုက်၍ ဈေးနှုန်းမြင့်တက်ကြောင်း၊ မြေပဲတောင့်/အဆန် အရည်အသွေးနှင့် ဝယ်လိုအားပေါ် မူတည်၍ ဈေး အနိမ့်၊ အမြင့် ရှိကြောင်း သိရှိရသည်။

### စားတော်ပဲ

ပခုက္ကူမြို့ ပဲဈေးကွက်တွင် ပြည်တွင်းစားသုံးမှုမြင့်မားလျက်ရှိသော စားတော်ပဲများ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဖေဖော်ဝါရီလ စတုတ္ထပတ် အစောပိုင်းမှစ၍ ယောနယ်ဒေသထွက် ကျွန်းစားတော်ပဲ (အသစ်)များ ပွဲရုံဈေးကွက်တွင် စတင်ဝင်ရောက်လျက်ရှိသည်။ ဈေးကွက်သို့ စိုက်ပျိုးမှုများသော ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထု၊ လောင်းရှည်ဒေသများနှင့် ပေါက်၊ ဆိပ်ဖြူမြို့မှ ထွက်ရှိသော စားတော်ပဲများ ပွဲရုံများသို့ စတင်ဝင်ရောက်ကြောင်း၊ သီးနှံ(အသစ်)ပေါ်ချိန်ဖြစ်၍ ဈေးအနည်းငယ် ကျဆင်းပြီး အရောင်းအဝယ်ဖြစ်ကြောင်း၊ ပွဲရုံများမှတစ်ဆင့် ဒေသတွင်း စားသုံးသူများသို့ တစ်ဆင့် ပြန်လည်ရောင်းချကြောင်း သိရသည်။ ဈေးနှုန်းအနေဖြင့် ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် သီးနှံပေါ်စ ကျွန်းစားတော်ပဲ တစ်တင်းလျှင် သီးနှံအရည်အသွေးလိုက်၍ ကျပ် ၁၂၀၀၀၀-၁၁၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်ဇန်နဝါရီ စတုတ္ထပတ်တွင် ကျွန်းစားတော်ပဲ သီးနှံ(အဟောင်း) တစ်တင်းလျှင် ကျပ် ၁၅၀၀၀၀ ဈေးဖြစ်သဖြင့် စားတော်ပဲ တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဈေးကျဆင်းခဲ့သည်။ ဈေးကွက်သို့ ကျွန်းစားတော်ပဲ(အသစ်)များ ဝင်ရောက်၍ ဈေးကျဆင်းကြောင်း၊ ပွဲရုံဈေးကွက်သို့ စားတော်ပဲသီးနှံ ပိဿာ ၃၀ ဝင် အိတ် ၃၀ မှ ၅၀ အထိ ဝင်ရောက် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

### နှမ်းနက်

ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် နှမ်းရာသီပေါ်ချိန်မဟုတ်၍ ဈေးကွက်သို့ ကုန်ဝင်ရောက်မှု နည်းပြီး သီးနှံအဟောင်းများသာ အရောင်းအဝယ်ဖြစ်ကြောင်း၊ မြိုင်မြို့နယ်ဒေသထွက် နှမ်းနက်(စမုန်)များ ကုန်ချိန်အများဆုံး ဝင်ရောက်ကြောင်း၊ တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၂၀၀ - ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပအဝယ်လိုက်၍ ကုန်ဝင်သလောက် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်မှ သိရသည်။

ဈေးနှုန်းအနေဖြင့် ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် နှမ်းအမျိုးအစားနှင့် အရည်အသွေးလိုက်၍ နှမ်းနက်(စမုန်) တစ်တင်းလျှင် ကျပ် ၂၄၅၀၀၀-၂၁၀၀၀၀၊ နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၁၂၄၀၀၀-၁၁၉၀၀၀-၁၀၈၀၀၀၊ နှမ်းဝါ တစ်တင်းလျှင် ကျပ် ၁၀၅၀၀၀-၁၀၃၀၀၀-၁၀၀၀၀၀ အရောင်းအဝယ်ဖြစ်ပြီး နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၁၂၆၀၀၀-၁၂၀၀၀၀-၁၁၀၀၀၀၊ နှမ်းဝါ တစ်တင်းလျှင် ကျပ် ၁၁၁၀၀၀-၁၀၉၀၀၀-၁၀၆၀၀၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

### မိုးကြက်သွန်နီ

ပခုက္ကူခရိုင်အတွင်းရှိ ဆိပ်ဖြူမြို့နယ်တွင် မိုးကြက်သွန်နီ (ဥစိုက်)ကို အောက်တိုဘာလဆန်းမှ နိုဝင်ဘာလကုန်အထိ စိုက်ပျိုးပြီး ဒီဇင်ဘာလလယ်ခန့်တွင် တူးဖော်သည်။ ယခုနှစ်တွင် ဧက ၉၀၀ ခန့်စိုက်ပျိုးထားပြီး တစ်ဧကလျှင် ပျမ်းမျှ တင်း ၃၀၀၀ မှ ၄၅၀၀ အထိ ထွက်ရှိသည်။ သီးနှံပေါ်စဒေသတွင်း ဈေးကွက်၌ ဒီဇင်ဘာလတွင် အမြင့်ဈေး တစ်ပိဿာလျှင် ကျပ် ၃၂၀၀၊ ဇန်နဝါရီလဆန်းပိုင်းတွင် ကျပ် ၂၉၀၀ မှ ၂၀၀၀ ပေါက်ဈေးရှိကြောင်း၊ ယခင်နှစ် မိုးကြက်သွန်နီပေါ်ချိန်တွင် တစ်ပိဿာလျှင် အမြင့်ဈေး ကျပ် ၂၈၀၀ ပေါက် ဈေးရှိခဲ့ကြောင်း၊ ယခုနှစ်တွင် မိုးကြက်သွန်နီ ဈေးကွက်ကောင်း၍ အကျိုးအမြတ်များစွာ ရရှိကြောင်း သိရှိရသည်။

ငြိမ်းငြိမ်းသန်း (ပခုက္ကူ)

# ဈေးကွက်ဝင် လူကြိုက်များသည့် ပန်းတနော် သင်ဖြူးဖျာ

ရှေးဘုရင်များလက်ထက်က စက်မှုလုပ်ငန်းများ မထွန်းကားချိန် အိမ်တွင်းလက်မှု လုပ်ငန်းများဖြင့် တောင်း၊ ပလုံး၊ ဖျာရက်ခြင်း၊ အိုးဖုတ်ခြင်း၊ ပန်းထိမ်၊ ပန်းပု၊ ယွန်းထည်လုပ်ငန်း၊ အိမ်တွင်းရိုးရာ လက်မှုလုပ်ငန်းများ ထွန်းကားလာသည်။ ခေတ်အဆက်ဆက် ရိုးရာလက်မှုအမွေအနှစ်များကို ယနေ့အချိန်အထိ လက်ဆင့်ကမ်း လုပ်ကိုင်လာကြသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်ထီးလုပ်ငန်း၊ ကယားရိုးရာ ပလိုင်းများ၊ ကရင်ရိုးရာရက်ကန်း အထည်လုပ်ငန်းများ၊ မွန်ပြည်နယ်တွင်လည်း စက်ရက်ကန်းအထည်လုပ်ငန်း၊ မြန်မာ့ရိုးရာပန်းပုလုပ်ငန်း၊ ပုဂံယွန်းထည် လုပ်ငန်းများ၊ ရခိုင်ရိုးရာ မြေထည်လုပ်ငန်းများ၊ တိုင်းရင်းသားရိုးရာ အဝတ်အထည်လုပ်ငန်းများ ဖြစ်ကြသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ ပန်းတနော်မြို့ထွက် သင်ဖြူးဖျာများသည် မြန်မာနိုင်ငံ ရာသီဥတုနှင့် ကိုက်ညီ၍ ကျန်းမာရေးနှင့် ညီညွတ်သည့်အတွက် လူကြိုက်များ၍ နာမည်ကြီးသည်။ ပန်းတနော်မြို့နယ်တွင်ရှိသော လူဦးရေ ၈၀ ရာနှုန်းသည် သင်ဖြူးဖျာ ရက်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်ပြီး အနောက်ပိုင်း ရပ်ကွက်နှင့် ကျေးရွာများတွင် အများဆုံးရက်လုပ်ကြောင်း တွေ့ရသည်။

သင်ပင်များကို မြန်မာနိုင်ငံ အောက်ပိုင်းဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ရွှံ့နွံထူထပ်သော စိမ့်မြေများ၌ စိုက်ပျိုးကြသည်။ သက်တမ်းရင့် သင်ပင်များခုတ်၍ သင်ချောင်းများကို လိုချင်သော အရှည်ကို အညီအမျှဖြတ်ယူကာ ကြီးငယ်အလိုက် အလယ်အူတိုင်ကို ချန်လှပ်ပြီး သုံးခြမ်းမှ ငါးခြမ်းအထိစားဖြင့် ခွဲစိတ်ထုတ်ယူကြရသည်။ ခွဲစိတ်ခြမ်းထားသော အူလှီးပြီးသောသင်များကို သုံးရက်ခန့်နေလှန်း၍ခြောက်သွေ့သွားသောအခါ သင်စိတ်များလိပ်၍တက်လာပြီး အစိမ်းရောင်မှ အညိုရောင်သို့ ပြောင်းသွားသည်။ ခြောက်သွေ့သွားသော သင်ချောင်းများကို အချောင်း ၄၀၀၊ ၅၀၀ ရေတွက်၍ အစည်း စည်းပုံထားခြင်းကို သင်မသည်ဟုခေါ်သည်။ ဖျာတစ်ချပ်ရက်လျှင် သင်ချောင်း ၄၀၀ စည်း နှစ်စည်းခန့်ကုန်သည်။ ခွာထုတ်ပြီးသော သင်ကြောများသည် ဖျာရက်ရန် အသင့်ရှိပြီဟုဆိုသော်လည်း ဝါးလုံးတန်းများတွင် တစ်ရက်နေလှန်းပေးရသေးသည်။ ခြောက်သွေ့သွားသော သင်ချောင်းများ အရောင်ဖွေးလာပါက ပုံစံကွက်ဖော်၍ ရက်လုပ်ရန် အရောင်ဆိုးသူများလည်း ရှိကြသည်။

သင်ဖြူးဖျာသည် မြန်မာနိုင်ငံ ရာသီဥတုနှင့် ကိုက်ညီ၍ ကျန်းမာရေးနှင့်ညီညွတ်သည်။ သင်ဖြူးဖျာသည် ရေရှည်အသုံးခံပြီး ကျန်းမာရေးနှင့် ညီညွတ်သဖြင့် ရှေးယခင်နှစ်များစွာမှစ၍ ယနေ့တိုင်အောင် ကာလကြာရှည်စွာ တည်တံ့လျက်ရှိသည်။ သင်ဖျာများကို မြို့နယ် အနှံ့တင်ပို့ပြီး အလှူမင်္ဂလာအခမ်းအနား၊ ရှင်ပြုရဟန်းခံများတွင် မပါမဖြစ် အသုံးပြုလျက်ရှိသည်။

ပန်းတနော်မြို့နယ်တွင် သင်ဖျာရောင်းချခြင်းလုပ်ငန်း ၂၀ ခန့်ရှိကြောင်း၊ မအူပင်မြို့တွင် သင်ဖျာအရောင်းဆိုင် ၁၀ ဆိုင် ဓနုဖြူမြို့နယ်တွင် သင်ဖျာ အရောင်းဆိုင် ၁၅ ဆိုင်ရှိကြောင်း သိရသည်။ သင်ကုန်ကြမ်းများကို ပန်းတနော်မြို့မှ မှာယူ၍ မအူပင် ဓနုဖြူမြို့နယ်တို့မှ ရက်လုပ်ကြီး၊ အခြားဒေသများသို့ တင်ပို့ဖြန့်ဖြူးရောင်းချကြောင်း သိရသည်။ ပန်းတနော်မြို့နယ်မှ သင်ဖျာ အရောင်းဆိုင်များသည် ရန်ကုန်-ပုသိမ်ကားလမ်းဘေးတွင် ရောင်းချလျက်ရှိသည်။ ထိုင်ဖျာတစ်ခုကို ထိုင်ရသက်သာစေရန် ၃ လက်မထု ဖော့တုံးဖြင့် ကတ္တီပါအနီအနားကွပ်၍ ချုပ်လုပ်ကာရောင်းချကြောင်း သိရသည်။

ရောင်းချနေသော အမျိုးအစားအလိုက် ဈေးနှုန်းအနေဖြင့် ကားစတီခုံအခင်း (အဝိုင်း၊ လေးထောင့်) ကျပ် ၈၀၀၀၊ နှစ်ပေပတ်လည်ဖျာ ကျပ် ၂၀၀၀၀၊ ၁၈ လက်မ ပတ်လည်ဖျာ ကျပ် ၃၀၀၀၀၊ ခြောက်ပေ သုံးပေ တစ်ဖက်ချောဖျာ ကျပ် ၈၀၀၀၀၊ ခြောက်ပေ သုံးပေ နှစ်ဖက်ချောဖျာ ကျပ် ၇၀၀၀၀၊ ခြောက်ပေခွဲ ငါးပေ သုံးလက်မ တစ်ဖက်ချော ဖျာ ကျပ် ၉၀၀၀၀၊ ခြောက်ပေခွဲ ငါးပေသုံးလက်မ နှစ်ဖက်ချောဖျာ ကျပ် ၁၀၀၀၀၀၊ ငါးပေ လေးလက်မ နှစ်ပေဖျာ ကျပ် ၂၅၀၀၀၊ ငါးပေ လေးလက်မ လေးပေ ၂လက်မ ဖျာ ကျပ် ၃၈၀၀၀၊ ခြောက်ပေ သုံးပေ ကိုးလက်မဖျာ ကျပ် ၈၀၀၀၀၊ ခြောက်ပေ နှစ်ပေ ၁၀ လက်မဖျာ ကျပ် ၇၀၀၀၀၊ ခြောက်ပေ သုံးပေ ကျပ် ၆၅၀၀၀၊ ခြောက်ပေ လေးပေ လေးလက်မဖျာ ကျပ် ၇၅၀၀၀ ဖြင့် ရောင်းချနေကြောင်း သိရသည်။

ပန်းတနော် သင်ဖျာများကို တိုင်းဒေသကြီး ကုန်စည်ပြပွဲ၊ အရောင်းခန်းမများတွင် ပြသခြင်းများ၊ အခြားဒေသများသို့ တင်ပို့ရောင်းချခြင်းများ အညာဒေသဘုရားပွဲများတွင် အရောင်းဆိုင်များ ဖွင့်လှစ်၍ ရောင်းချခြင်းများဖြင့် ဈေးကွက် ကျယ်ပြန့်လျက်ရှိသည်။

အိမ်တွင်းလက်မှုလုပ်ငန်းဖြစ်၍ ဖျာကို လက်ဖြင့် ချုပ်ခြင်းဖြင့် လှပသော လှိုင်းအနားတွန့်ထွက်ရှိပြီး သေသပ်သော ဖျာတစ်ချပ်ရရှိကြောင်း သိရသည်။ လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့မှ အသင်းအဖွဲ့၊ အစုအဖွဲ့များ ဖွဲ့စည်းပြီး ဆောင်ရွက်ပေးနိုင်ပါက လုပ်ငန်းဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

DOCA (ဧရာဝတီ)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)

ပို့ကုန်ဆိုင်ရာရက်တိုသင်တန်းများ (အမှတ်စဉ်-၉)

ပို့ကုန်လုပ်ငန်း စတင်လုပ်ကိုင်နည်းသင်တန်း

(How to Start Export Business in Myanmar)

**သင်တန်းသားများခေါ်ယူခြင်း**

(က) သင်တန်းကာလ - ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက် မှ ၂၁ ရက်နေ့အထိ

(ခ) သင်ကြားမည့်နေ့ရက်များ - တနင်္လာနေ့မှ သောကြာနေ့အထိ (၅) ရက်သင်တန်း

(ဂ) သင်တန်းအချိန် - နံနက် ၉ : ၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီထိ

(ဃ) သင်တန်းသားဦးရေ - (၅၀) ဦး

(င) သင်တန်းတည်နေရာ - ကုန်သွယ်မှုသင်တန်းကျောင်း၊ အမှတ် (၂၂၈/၂၄၀)၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့် ၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

(စ) သင်တန်းဝင်ခွင့်လျှောက်လွှာနှင့် အတူပါရှိရမည့်စာရွက်စာတမ်းများ - ဓါတ်ပုံ ၁ လက်မပတ်လည် (၃) ပုံ၊ဘွဲ့လက်မှတ်မိတ္တူ၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

(ဆ) ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၁ ၈ ၂၅၀၈၇၁

ကုန်သွယ်မှုသင်တန်းကျောင်း (စတုတ္ထထပ်) တွင် လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းရန် ဖြစ်ပါသည်။

ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)

---

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

ကုန်သွယ်မှုပညာပေးရေးဌာနခွဲ

ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ) (အမှတ်စဉ်-၁၁)

သင်တန်းသားများခေါ်ယူခြင်း

(က) သင်တန်းကာလ - ၂၀၂၅ ခုနှစ်၊ ဧပြီ လ ပထမပတ် မှ (၄)လကြာ သင်တန်း

(ခ) သင်ကြားမည့်နေ့ရက်များ - ရက်သတ္တပတ်တွင် (၂) ရက် (စနေ၊ တနင်္ဂနွေ)

(ဂ) သင်တန်းအချိန် - နံနက် ၉ : ၀၀ နာရီမှ ၁၂:၀၀ နာရီထိ

(ဃ) သင်တန်းသားဦးရေ - (၇၀) ဦးမှ (၉၀) ဦးထိ

(င) သင်တန်းတည်နေရာ - ကုန်သွယ်မှုသင်တန်းကျောင်း၊ အမှတ် (၂၂၈/၂၄၀)၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့် ၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

(စ) သင်တန်းဝင်ခွင့်လျှောက်လွှာနှင့် အတူပါရှိရမည့်စာရွက်စာတမ်းများ - ဓါတ်ပုံ ၁လက်မပတ်လည် (၃) ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အထက်တန်းအောင်လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

(ဆ) ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၁-၂၅၀၈၇၁ ၊ ၀၁- ၃၇၁၂၁၇

ကုန်သွယ်မှုသင်တန်းကျောင်း (စတုတ္ထထပ်) တွင် လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းရန် ဖြစ်ပါသည်။

ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)

---

## မြန်မာ့ဆိပ်ကမ်းတွင် ၂၈.၂.၂၀၂၅ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၁) | WISDOM | ကုန်သေတ္တာ ၁ တင်ရန်(အလုပ်မလုပ်) |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | ISEACO FORTUNE | ကုန်သေတ္တာ ၅၆၀ တင် ၆၅၀ ချဆဲ (ပူးတွဲလုပ်ဆောင်) |
| | BANGKOK | ကုန်သေတ္တာ ၁၀၉၀တင် ၉၀၂ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | SITC CHANG MING | ကုန်သေတ္တာ ၇၅၁တင် ၆၃၀ ချဆဲ |
| | YONG AN | ပြောင်းဖူးတန်ချိန် ၂၂၀၀၀ တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၂) | PHOENIX NEREID | ပြောင်းတန်ချိန် ၂၄၆၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | CAPE FELTON | ကုန်သေတ္တာ ၉၁၃တင် ၉၁၃ ချရန် |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | WL UGLICH | ဆန်တန်ချိန် ၂၁၇၂၅ တန်တင်ဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၁) | ISEACO FORTUNE | ကုန်သေတ္တာ ၃၆ တင် ၁၁၁ ချရန် |
| | SITC JUNDE | ကုန်သေတ္တာ ၄၀၀ တင် ၂၇၉ ချရန်(ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းအမှတ်(၃) | CHANG HANG CHANG HAI | Steel& Equipment ၂၂၉၃၅ တန်ချရန် (ပူးတွဲလုပ်ဆောင်) |
| WILMAR JETTY | CD CERRY | Urea ၁၀၀၄၇ တန်ချဆဲ |
| IBTT ဆိပ်ကမ်း(သီလဝါ) | VTC DRAGON | Urea ၁၆၄၉၂တန်ချဆဲ |
| Myanmar Kong Hua ဆိပ်ကမ်း | RASHA | Urea ၂၅၀၀၀တန်ချဆဲ(ပူးတွဲလုပ်ဆောင်) |
| မင်းထက်မင်းဆိပ်ကမ်း | MV.MCL-6 | ပြောင်းဖူး ၂၇၀၀ တန်တင်ဆဲ(ပူးတွဲလုပ်ဆောင်) |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| CHANG HANG VHANG HAI | Steel &Equipment တန် ၂၂၂၇၇ ချရန် | CHINA | ၂၈.၂.၂၀၂၅ |
| YOUNG AN | ပြောင်းဖူးတန်ချိန် ၂၂၀၀၀ တင်ရန် | THAI | ၂၈.၂.၂၀၂၅ |
| CD CHERRY | ပြောင်းဖူးတန်ချိန် ၂၇၅၀၀ တင်ရန် | THAI | ၃.၃.၂၀၂၅ |
| BBC KHERSON | (6) Unit Railcar ၂၁၅ ချရန် | SPAIN | ၁၁.၃.၂၀၂၅ |
| YANGTZE DIGNITY | Steel တန်ချိန် ၂၃၀၀၀ ချရန် | CHINA | ၁၅.၃.၂၀၂၅ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SITC JUNDE | SINGAPORE | သီလဝါဆိပ်ကမ်း | ၂.၃.၂၀၂၅ |
| HONG JIA-21 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၃.၂၀၂၅ |
| ALS SUMIRE | SINGAPORE | စက်မှုဆိပ်ကမ်း | ၄.၃.၂၀၂၅ |
| SITC HUIMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၃.၂၀၂၅ |
| AS SIMONE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၄.၃.၂၀၂၅ |
| BLPL BLESSING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၃.၂၀၂၅ |
| DANU BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၃.၂၀၂၅ |
| SOL PIONEER | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၃.၂၀၂၅ |
| XO LUCKY | SINGAPORE | စက်မှုဆိပ်ကမ်း | ၆.၃.၂၀၂၅ |
| UNI ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၃.၂၀၂၅ |
| ITC RUIDE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၃.၂၀၂၅ |
| GOLSAN | SINGAPORE | စက်မှုဆိပ်ကမ်း | ၈.၃.၂၀၂၅ |
| SITC SHUNDE | SINGAPORE | သီလဝါဆိပ်ကမ်း | ၈.၃.၂၀၂၅ |
| ST MARY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၃.၂၀၂၅ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၃.၂၀၂၅ |
| MSC ANDREA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၃.၂၀၂၅ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၃.၂၀၂၅ |
| CAPE FELTON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၃.၂၀၂၅ |
| BANGKOK | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၁.၃.၂၀၂၅ |
| SITC QUIMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၃.၂၀၂၅ |

---

## ၁-၂-၂၀၂၅ မှ ၂၆-၂-၂၀၂၅ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1690 | 21 | - | 1 | - | 1712 |
| | Form AANZ | 44 | 1 | - | - | - | 45 |
| | Form AHK | 2 | - | - | - | - | 2 |
| | Form AI | 374 | 2 | - | - | - | 376 |
| | Form AJ | 134 | - | 1 | - | - | 135 |
| | Form AK | 388 | 8 | - | - | - | 396 |
| | Form CHINA | 341 | 1 | - | - | - | 345 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 11 | 2 | - | - | - | 13 |
| | Form E | 1194 | 20 | - | 9 | 1 | 1224 |
| | Form Korea | 92 | - | - | 7 | - | 99 |
| | E Form D | 610 | - | 1 | - | - | 611 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 7882 | 55 | - | 20 | 1 | 4958 |

# ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ပြီး နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်း ထုတ်လုပ်မှုအား အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှ ဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသော ဘိလပ်မြေ တန်ချိန် ၃၀၀၀ ကို တင်ဆောင်လာသည့် ရေယာဉ်သည် ရန်ကုန်မြို့ ရွှေပြည်သာ မုတ္တမဆိပ်ကမ်းသို့ ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ဈေးကွက်အတွင်း ဖြန့်ဖြူးရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သော ဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေ တင်ဆောင်လာသည့် ရေယာဉ်များပါ အပတ်စဉ်ဆက်လက်ရောက်ရှိလာမည်ဖြစ် ကြောင်း သိရသည်။

## ပြည်ပတွင် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသားများ၏ လစာငွေ သို့မဟုတ် အခြားဝင်ငွေကို ဘဏ်လမ်းကြောင်းမှ လွှဲပို့ငွေ၏ ၅ ရာခိုင်နှုန်းဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တို့ကို တင်သွင်းခွင့်ပြုမည်

နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ်များ အသုံးပြုမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရန်နှင့် သဘာဝပတ် ဝန်းကျင်ထိန်းသိမ်းရေးကိစ္စအား အထောက်အကူပြုရန် ရည်ရွယ်၍ ပြည်ပတွင် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသားများက မိမိတို့ရရှိသည့် လစာငွေ သို့မဟုတ် အခြားဝင်ငွေများကို မြန်မာနိုင်ငံသို့ ဘဏ်လမ်းကြောင်းမှတစ်ဆင့် ပြန်လည်လွှဲပို့ခြင်းအပေါ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် လျှပ်စစ်သုံး မော်တော်ယာဉ်/လျှပ်စစ်သုံး မော်တော်ဆိုင်ကယ် တင်သွင်းရန်အတွက် ပုံမှန်လစာရရှိသူများ (သင်္ဘောသားများအပါအဝင်) နှင့် အခြားဝင်ငွေရရှိသူများသည် တစ်နှစ်အတွင်း အမေရိကန်ဒေါ်လာငါးသောင်းနှင့်အထက် လွှဲပို့ပါက စုစုပေါင်းလွှဲပို့ငွေ၏ ၅ ရာခိုင်နှုန်း တန်ဖိုးနှင့်ညီမျှသော လျှပ်စစ်သုံး မော်တော်ယာဉ် /လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် တစ်နှစ်လျှင် တစ်စီးနှုန်းဖြင့် ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကျုံးဝင်သူများအနေဖြင့် လျှပ်စစ်သုံး မော်တော်ယာဉ်/ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် တင်သွင်း ခွင့်ပြုရာတွင် တစ်ဦးတစ်ယောက်ချင်း တင်သွင်းမှုကိုလည်းကောင်း၊ တစ်ဦးတစ်ယောက်ချင်း တင်သွင်းရန် ယာဉ်တန်ဖိုး မပြည့်မီပါက စုပေါင်း၍ တင်သွင်းမှုကိုလည်းကောင်း ခွင့်ပြုပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် အသိပေးကြေညာချက်ဖြင့် ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ် /လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် ဝယ်ယူတင်သွင်းခွင့်ပြုသည့် အစီအစဉ်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်မှ စတင်ရေတွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၃၄၀၈၄၃၃ နှင့် Email - dottraining2008@ gmail.com များသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

## မြဝတီကုန်သွယ်ရေးဇုန်၏ တစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်၏ ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက်ထိ ကာလအတွင်း ပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၇၁၁ သန်း၊ သွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၄၃ သန်း၊ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၃ဒသမ ၆၅၄ သန်းဖြစ်ပြီး ယခင်ပတ် လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၂၉၅ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၈၇၆ သန်း လျော့နည်းခဲ့ခြင်းကြောင့် ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇၁ သန်း လျော့နည်းခဲ့ကြောင်းသိရသည်။

အနီးစပ်ဆုံးထက်ပို့ကုန်ပိုင်းတွင် လျော့နည်းခြင်းမှာ လယ်ယာထွက်ပစ္စည်းအုပ်စု၊ ရေထွက်ပစ္စည်းအုပ်စု၊ စက်မှုကုန်ချောပစ္စည်းအုပ်စုနှင့် အခြားပစ္စည်းအုပ်စုတို့တွင် တင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်ပိုင်းတွင် ယခင်တစ်ပတ်ထက် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၆၂ သန်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၃၃ သန်း၊ လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၅၈၁ သန်းလျော့နည်းခဲ့ခြင်းဖြစ်သည်။

အိမ့် (DOT)

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၂၆-၂-၂၀၂၅ မှ ၄-၃-၂၀၂၅) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 410 - 415 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 405 - 410 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 400 - 405 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 390 - 400 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 380 - 390 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 420 - 430 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 415 - 420 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 410 - 415 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 400 - 410 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 410 - 415 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 405 - 410 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 400 - 405 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 390 - 400 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 410 - 415 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 405 - 410 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 400 - 405 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 390 - 400 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 415 - 420 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 410 - 415 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 405 - 410 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 400 - 405 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 615 - 620 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 610 - 615 | |
| 24 | A-1 , 2 (Sortexed) | 350 - 360 | |
| 25 | B-1 , 2 (Sortexed) | 320 - 330 | |
| 26 | B-1,2 (Non-Sortexed) | 300 - 310 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# မြိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် လျာထားချက် ပြည့်မီကျော်လွန်စေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

မြိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် လျာထားချက် ပြည့်မီကျော်လွန်စေရေးအတွက် လစဉ် နောက်ဆုံးရက်သတ္တပတ်တွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပို့ကုန်တိုးမြှင့်ရေး အစည်းအဝေးကို ကျင်းပကာ အစိုးရ၊ ပုဂ္ဂလိကပူးပေါင်း၍ ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်လျက်ရှိသည်။

အစည်းအဝေးကျင်းပရခြင်း ရည်ရွယ်ချက်မှာ ကုန်သွယ်မှုချောမွေ့စေရေး၊ ပို့ကုန်နှစ်ဆ တိုးမြှင့်တင်ပို့နိုင်ရေး၊ ကုန်သည်လုပ်ငန်းရှင်များ တွေ့ကြုံနေရသည့် အခက်အခဲများကို ဌာနဆိုင်ရာများအနေဖြင့် မူဘောင်အတွင်းမှ ဝိုင်းဝန်းပူးပေါင်း ဖြေရှင်းပေးနိုင်ရေး၊ လိုအပ်ပါက အထက်အဆင့်ဆင့်သို့ ခွင့်ပြုချက် တောင်းခံတင်ပြပေးရေး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် အထောက်အကူဖြစ်စေသည့် သတင်းအချက်အလက်များ၊ အကြံဉာဏ်များ ရရှိပြီး တရားဝင်ကုန်သွယ်မှု တိုးတက်ရေးနှင့် လစဉ် ကုန်သွယ်မှုလျာထားချက်များကို ပြည့်မီကျော်လွန်စွာ ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ကြရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

မြိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဖေဖော်ဝါရီလအတွက် ကျင်းပပြုလုပ်သည့် ကုန်သွယ်မှု မြှင့်တင်ရေးနှင့် ပို့ကုန်တိုးမြှင့်ရေး အစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက်တွင် မြိတ်မြို့ရှိ မြိတ်ကုန်သွယ်ရေးစခန်း၌ ကျင်းပခဲ့သည်။ ထိုကဲ့သို့ စဉ်ဆက်မပြတ် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများကြောင့် ယခု ဖေဖော်ဝါရီလ ၁ ရက်မှ ၂၄ ရက်အထိ ပို့ကုန် အမေရိကန်ဒေါ်လာ သန်း ၄ဒသမ၄၀၁ ဆောင်ရွက်နိုင်သဖြင့် ယခင်ဇန်နဝါရီပို့ကုန်ထက် တန်ဖိုး အမေရိကန်ဒေါ်လာသန်း သုည ဒသမ ၄ သန်း ပိုမိုတင်ပို့နိုင်ခဲ့သည်။

ထို့ပြင် မြိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် (ဧပြီလ မှ မတ်လထိ) လျာထားချက် ပို့ကုန် အမေရိကန်ဒေါ်လာ ၉၃ သန်း၊ သွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၉၀၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၈၃ သန်းဖြစ်ပြီး လျာထားချက်အပေါ် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် (ဧပြီလ မှ ဖေဖော်ဝါရီလ ၂၄ ရက်ထိ) ပို့ကုန် အမေရိကန်ဒေါ်လာ ၆၂ သန်း ရာခိုင်နှုန်းအားဖြင့် ၆၇ ရာခိုင်နှုန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၀၆ သန်း ရာခိုင်နှုန်းအားဖြင့် ၁၀၇ ရာခိုင်နှုန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆၈ သန်း ရာခိုင်နှုန်းအားဖြင့် ၉၂ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် မတ်လ လျာထားချက်သည် ပို့ကုန် အမေရိကန်ဒေါ်လာ ကိုးသန်း သွင်းကုန်အမေရိကန်ဒေါ်လာ ၇ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆ သန်းဖြစ်ပြီး မတ်လတွင် လျာထားချက် ပြည့်မီစေရေး တစ်ရက်လျှင် ပို့ကုန် အမေရိကန်ဒေါ်လာ သုံးသိန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ နှစ်သိန်း ရရှိနိုင်ရေးအတွက် ကြိုတင်ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

မြိတ်ကုန်သွယ်ရေးစခန်း

# ငွေလည်းချွေတာ၊ ကျန်းမာရေးအတွက်လည်း ကောင်းသည့် ပြည်တွင်းဖြစ် စားသုံးဆီ

## မျိုးသူ(ကုန်သွယ်မြှင့်)

### မြန်မာနိုင်ငံ၏ ဆီလိုအပ်မှု အခြေအနေ

လူတစ်ဦးသည် တစ်နေ့လျှင် စားသုံးဆီ ၁ ဒသမ ၇ ကျပ်သားနှုန်း စားသုံးသည်ဟု တွက်ပါက တစ်နှစ်လျှင် ခြောက်ပိဿာ စားသုံးသည်။ ၂၀၂၄ ခုနှစ် စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေ ၅၁ ဒသမ ၃ သန်းဖြင့်ဆိုပါက တစ်နှစ်လျှင် ဆီတန်ချိန် ၅ ဒသမ ၅ သိန်း လိုအပ်မည်ဖြစ်သည်။ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်မိုတယ်၊ တည်းခိုခန်းများ၊ တိရစ္ဆာန်အစားအစာတွင် အသုံးပြုမှုများနှင့် အခြားသော အသုံးပြုမှုများအရ တစ်နှစ်လျှင် တန်ချိန် ၃/၄ သိန်းခန့် လိုအပ်မည်ဟု ခန့်မှန်းသည်။ သို့ဖြစ်၍ တစ်နှစ်လျှင် မြန်မာနိုင်ငံ၏ ဆီလိုအပ်ချက်မှာ တန်ချိန် ရှစ်သိန်းမှ ကိုးသိန်းခန့် လိုအပ်မည်ဖြစ်သည်။ အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်မတိုင်မီက တစ်နှစ်လျှင် စားသုံးဆီတန်ချိန် ရှစ်သိန်းကျော် တင်သွင်းခဲ့ပြီး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်အထိ ကုန်ကျခဲ့သည်။

### စားအုန်းဆီ

စားအုန်းဆီသည် ဆီအုန်းပင်များမှ ထွက်ရှိပြီး ဆီထွက်သီးနှံများတွင် ဆီထုတ်လုပ်နိုင်မှု အများဆုံးဖြစ်ခြင်းကြောင့် စားသုံးဆီများတွင် စားအုန်းဆီသည် နေရာရရှိလာသည်ကို တွေ့နိုင်သည်။ မြန်မာနိုင်ငံသို့ စားအုန်းဆီကို ၁၉၇၆ ခုနှစ်ခန့်မှ စတင် တင်သွင်းခဲ့သည်ဟု သိရသော်လည်း အများအပြား တင်သွင်းလာသည်မှာ ၁၉၉၀ ပြည့်နှစ်များတွင်မှဖြစ်သည်။ ထိုစဉ်က စားအုန်းဆီသည် ဈေးနှုန်းသက်သာခြင်းကြောင့် ဝင်ငွေနည်းသော ပြည်သူများအတွက် ဈေးသက်သက်သာသာဖြင့် စားသုံးဆီ စားသုံးနိုင်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

### စားသုံးဆီတစ်မျိုးချင်း၏ အားသာချက်၊ အားနည်းချက်များ

စားသုံးဆီတစ်မျိုးချင်းအနေဖြင့် အားသာချက် အားနည်းချက်များရှိကြသည်။ ထိုအထဲတွင် စားသုံးဆီများအကြောင်း သိထားသင့်သည်မှာ စားသုံးဆီတိုင်းတွင် ပြည့်ဝဆီ Saturated fatty acid မိုနိုမပြည့်ဝဆီ Monounsaturated fatty acid နှင့် ပေါ်လီမပြည့်ဝဆီ Polyunsaturated fatty acid ဟူသောအမျိုးအစားသုံးမျိုးသာ ပါဝင်ကြသည်။ ပြည့်ဝဆီ Saturated fatty acid ပါဝင်မှုများသော ဆီသည် ကျန်းမာရေးကို များစွာထိခိုက်စေနိုင်သည်။ မိုနိုမပြည့်ဝဆီ Monounsaturated fatty acid နှင့် ပေါ်လီမပြည့်ဝဆီ Polyunsaturated fatty acid များသည် ကျန်းမာရေးအတွက် ကောင်းမွန်သည်။ မပြည့်ဝဆီထဲတွင် ပါဝင်သော အိုမီဂါ- ၃ သည် ကျန်းမာရေးအတွက် အထူးကောင်းမွန်သည်ဟုဆိုသည်။ ထိုအထဲတွင် ပြည့်ဝဆီ Saturated fatty acid ပါဝင်မှုများသော ဆီများမှာ ဝက်ဆီ၊ အမဲဆီနှင့် စားအုန်းဆီတို့ဖြစ်ကြပြီး အဆိုပါဆီများကို စားသုံးပါက လူ့ခန္ဓာကိုယ်၏ သွေးကြောများကို ကျဉ်းစေပြီး နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါနှင့် လေဖြတ်ရောဂါတို့ကို ဖြစ်ပေါ်စေသည်ဟုဆိုသည်။ ထိုအချက်အပြင် အရေးကြီးသော အချက်တစ်ခုမှာ စားသုံးဆီများ၏ အရည်အသွေးတစ်ခုအဖြစ် သတ်မှတ်ထားသော အိုင်အိုဒင်းတန်ဖိုး (Iodine Value -IV) ပါဝင်မှုရာခိုင်နှုန်းဖြစ်သည်။ အိုင်အိုဒင်းတန်ဖိုးသည် ပြည့်ဝဆီ၊ မပြည့်ဝဆီတို့နှင့် သက်ဆိုင်နေပြီး ပြည့်ဝဆီများလေလေ အိုင်အိုဒင်းတန်ဖိုး နည်းလေလေဖြစ်ပြီး ပြည့်ဝဆီနည်း၍ မပြည့်ဝဆီများလေလေ အိုင်အိုဒင်းတန်ဖိုး များလေလေဖြစ်သည်။ ထို့ကြောင့် စားသုံးဆီများကို စားသုံးရန်အတွက် ရွေးချယ်မည်ဆိုပါက အိုင်အိုဒင်း တန်ဖိုးများသော ဆီများကိုသာ ရွေးချယ်စားသုံးသင့်ပါသည်ဟု အကြံပြုလိုပါသည်။ ပြည်တွင်း၌ အများဆုံးထုတ်လုပ်သော စားသုံးဆီများဖြစ်သည့် မြေပဲဆီ၊ နှမ်းဆီနှင့် နေကြာဆီတို့သည် အားသာချက်များစွာရှိသည်ကို အများသိရှိပြီးဖြစ်သည်။ ထိုဆီများနှင့် နိုင်ငံခြားငွေများ သုံးစွဲပြီး တင်သွင်းနေရသော စားအုန်းဆီတို့ကို နှိုင်းယှဉ်၍ တင်ပြလိုပါသည်။

မြေပဲဆီကို ပထမဦးစွာ ကြည့်မည်ဆိုပါလျှင် မြေပဲဆီတွင် ပါဝင်သော အာဟာရဓာတ်မိုနို မပြည့်ဝဆီ ၄၆ ရာခိုင်နှုန်း၊ ပေါ်လီမပြည့်ဝဆီ ၃၂ ရာခိုင်နှုန်းပါဝင်ပြီး ကျန်းမာရေးအတွက် မကောင်းသော ပြည့်ဝဆီမှာ ၁၇ ရာခိုင်နှုန်းခန့်သာ ပါဝင်သည်ဟု သိရသည်။ မြေပဲ၏ အားသာချက်တစ်ခုမှာ အချို့သောဆီများကဲ့သို့ အရောင် အနံ့ချွတ်ရန်မလိုအပ်ဘဲ သဘာဝအတိုင်း ကြိတ်ခွဲထုတ်လုပ်နိုင်သဖြင့် သဘာဝအရောင် အရသာများအတိုင်း ရရှိစေသည်။ မြေပဲဆီတွင် ကိုလက်စထရော မပါဝင်သကဲ့သို့ ကျန်းမာရေးအတွက် လိုအပ်သော ဗီတာမင်အီးနှင့် သွပ်ဓာတ်များ ပါဝင်ကြသည်။ မြေပဲတွင် အဓိက သတိပြုရမည်မှာ မခြောက်သွေ့လျှင် အာဖလာမှိုဆိပ် ပါဝင်လာမည်ဖြစ်သည်။ အိုင်အိုဒင်းတန်ဖိုးမှာ ၈၅ မှ ၁၁၀ ဂရမ်အထိ ပါဝင်သည်။ ထို့ကြောင့် ရောနှောဆီအဖြစ် အခြားအိုင်အိုဒင်းတန်ဖိုးနိမ့်သောဆီ (ဥပမာ- စားအုန်းဆီ အိုင်အိုဒင်းတန်ဖိုး ၅၈) ဖြင့် ရောနှောပါက ရောနှောဆီသည် စားအုန်းဆီသပ်သပ်ထက် အရည်အသွေး တက်လာမည်ဖြစ်သည်။ မြေပဲဆီကို မြန်မာနိုင်ငံတွင် လူကြိုက်အများဆုံးဆီအဖြစ် သတ်မှတ်ရမည်ဖြစ်သည်ကို တွေ့ရှိနိုင်သည်။ စိုက်ပျိုး ထုတ်လုပ်မှုတွင်လည်း အများဆုံးစိုက်ပျိုးထုတ်လုပ်ခြင်း၊ စိတ်ချရသော နာမည်ကြီး ဆီစက်ကြီးများမှလည်း မြေပဲဆီများ ကြိတ်ခွဲဖြန့်ဖြူးနေခြင်းတို့ကြောင့် မြန်မာနိုင်ငံအတွက်ဆိုပါက မြေပဲဆီကို စားသုံးရန် အသင့်ဆုံး အခြေ အနေဖြစ်သည်ဟု ဆိုနိုင်သည်။ စားသုံးဆီဖူလုံပါက မြေပဲဆီကိုသာ လူထုကရွေးချယ်စားသုံးကြမည်မှာ သေချာလျက်ရှိသည်။

ပုံမှန်နေကြာဆီတွင် ပေါ်လီမပြည့်ဝဆီ (အိုမီဂါ-၃နှင့် အိုမီဂါ-၆) ၆၅ဒသမ၇ ရာခိုင်နှုန်း၊ မိုနိုမပြည့်ဝဆီ (အိုမီဂါ-၉၊ အိုးလီရစ်အက်စစ်) ၁၉ ဒသမ ၅ ရာခိုင်နှုန်း၊ ပြည့်ဝဆီ ၁၀ ဒသမ ၃ ရာခိုင်နှုန်းတို့ပါဝင်သည်။ နေကြာဆီ၏ ရူပဓာတုဂုဏ်သတ္တိများတွင် အိုင်အိုဒင်း တန်ဖိုး ၇၈ မှ ၁၂၂ ဂရမ် အထိ ပါဝင်နေသည်ကို တွေ့ရကြောင်းသိရသဖြင့် နေကြာဆီသည် မြေပဲဆီထက်ပင် ကျန်းမာရေးနှင့် ညီညွတ်သည်ဟုဆိုနိုင်သည်။ နေကြာဆီ၏ အားသာချက်တစ်ခုမှာ အာဖလာတော့ဆင်မှိုဆိပ် လုံးဝကင်းစင်ခြင်းဖြစ်သည်ဟု သိရသည်။ မှိုဆိပ်ကင်းစင်သည့်အပြင် ဗီတာမင်ကေနှင့် ဗီတာမင်အီး ကြွယ်ဝခြင်း၊ ကျန်းမာရေးအတွက် အထူးကောင်းမွန်သည့် အိုမီဂါ-၃ နှင့် အိုမီဂါ-၉ တို့ များစွာပါဝင်သည်။ နေကြာဆီကို ဆီပါးသည်ဟု ယူဆကြသော်လည်း အမှန်မှာ နေကြာဆီသည် အနံ့၊ အရသာ ကောင်းမွန်သဖြင့် ချက်ပြုတ်ခြင်းအပြင် ကြော်လှော်သည့်နေရာတွင်လည်း သုံးစွဲနိုင်သည်။

နှမ်းဆီတွင် ပါဝင်သော အာဟာရဓာတ်များတွင် မိုနိုမပြည့်ဝဆီ (အိုးလီရစ်အက်စစ်) ၄၂ ရာခိုင်နှုန်း၊ ပေါ်လီမပြည့်ဝဆီ (လီနိုလီရစ်အက်စစ်) ၄၃ ရာခိုင်နှုန်း၊ ပြည့်ဝဆီ ၁၅ ရာခိုင်နှုန်းနှင့် ဗီတာမင်ကေနှင့် အီးတို့ ပါဝင်ကြသည်။ ကိုလက်စထရောလည်း မပါဝင်ပါ။ အိုင်အိုဒင်းတန်ဖိုးမှာလည်း ၁၀၄ မှ ၁၂၀ ဂရမ်အထိ ပါဝင်ကြသည်။ နှမ်းဆီကို မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတွင် အများဆုံးစိုက်ပျိုးသကဲ့သို့ နှမ်းဆီကိုလည်း မက်မက်မောမော စားသုံးကြသည်။ ရိုးရာတိုင်းရင်းဆေးအဖြစ် သုံးစွဲလေ့ရှိပြီး အိန္ဒိယတွင်လည်း လိမ်းဆေးအဖြစ်လည်း သုံးစွဲလေ့ရှိသည်။ နှမ်းဆီကို ကြော်ရာတွင် အမြှုပ်ထွက်များသည်ဟု ဆိုကာ အိမ်ရှင်မများက ကြိုက်နှစ်သက်မှု နည်းတတ်သော်လည်း အမှန်အားဖြင့် နှမ်းဆီ၏ ဆီခိုးမှတ်မှာ ၃၅၀ မှ ၄၅၀ ဒီဂရီဖာရင်ဟိုက်အထိရှိသဖြင့် ကောင်းစွာကြော်လှော်နိုင်သည်။ ယခုအခါ ဆီစက်များ၏ အရည်အသွေး တိုးတက်လာသဖြင့် နှမ်းဆီ ကောင်းများ ပိုမိုရရှိလာပြီး နှမ်းဆီကို ကောင်းစွာသုံးစွဲနိုင်ပြီဖြစ်သည်။ နှမ်းလှော်ဆီမွှေးသည် များစွာတန်ဖိုးရှိသဖြင့် ပြည်တွင်းဖူလုံမှုအတွက်အပြင် ပြည်ပတင်ပို့ရေးအတွက်လည်း နှမ်းဆီကို ကြိတ်ခွဲထုတ်လုပ်သင့်သည်။

စားရန်သင့်တော်သော ဆီတစ်မျိုးမှာ ပဲပုပ်ဆီ (Soybean Oil) ဖြစ်သည်။ အဆိုပါဆီကို ဆီစက်သမားများက ပဲပိစပ်ဆီဟုလည်း အမည်ပေးတတ်သည်။ ပုပ်ဆိုသော စကားလုံးနှင့် အသံထွက်ကို မသုံးလိုသဖြင့် ပြောင်းလဲသုံးစွဲခြင်း ဖြစ်နိုင်သည်။ မည်သို့ပင်ခေါ်တွင်စေကာမူ အဆိုပါ Soybean oil သည် ပေါ်လီမပြည့်ဝဆီ (လီနိုလီရစ်အက်စစ် ( အိုမီဂါ-၆) ၅၀ ရာခိုင်နှုန်းနှင့် (အိုမီဂါ- ၃) ၁၀ ရာခိုင်နှုန်း) ၆၀ ရာခိုင်နှုန်း၊ မိုနိုမပြည့်ဝဆီ (အိုလီရစ်အက်စစ် အိုမီဂါ- ၉) ၂၅ ရာခိုင်နှုန်း၊ ပြည့်ဝဆီ ၁၅ ရာခိုင်နှုန်း၊ ဗီတာမင်အီးနှင့် ဗီတာမင်ကေ အနည်းငယ်ပါဝင်ပါသည်။ အိုင်အိုဒင်းတန်ဖိုးမှာ အလွန်မြင့်မားပြီး ၁၂၀-၁၃၆ အထိ ရှိသည်ဟု သိရှိရသည်။ ပဲပုပ်ဆီသည် ကျန်းမာရေးအတွက်လည်း ကောင်းမွန်ကြောင်း သိရသည်။



အထက်ပါ မြေပဲဆီ၊ နေကြာဆီ၊ နှမ်းဆီနှင့် ပဲပုပ်ဆီတို့အပြင် ပန်းနှမ်းဆီ၊ ဖွဲနုဆီနှင့် ပြောင်းဆီတို့မှာလည်း မြန်မာနိုင်ငံအတွင်း ထုတ်လုပ်နိုင်ကြပြီး စားသုံးရန်သင့်တော်သည့်အပြင် ကျန်းမာရေးနှင့် ညီညွတ်ခြင်း၊ အရွယ်တင်နုပျိုခြင်း စသော အချက်များကိုလည်း ၎င်းဆီများထဲမှ ဆီများတွင် တွေ့နိုင်သည်။ ပြည်တွင်းတွင် အနည်းငယ်သာထုတ်လုပ်နိုင်ပြီး ဈေးသက်သာသဖြင့် ပြည်ပမှ တင်သွင်းနေရသည့် စားအုန်းဆီနှင့်ပတ်သက်၍ သိထားသင့်သည်များကို တင်ပြလိုသည်။ စားအုန်းဆီသည် အုန်းဆီပြီးလျှင် ပြည့်ဝဆီပါဝင်မှု အများဆုံးဆီဖြစ်သည်။ အုန်းဆီထက် နိမ့်သည်ဆိုသော်လည်း အုန်းဆီတွင်ပါဝင်သော ပြည့်ဝဆီမှာ ကျန်းမာရေးအတွက် သင့်တော်ပြီး စားအုန်းဆီတွင်ပါဝင်သော ပြည့်ဝဆီမှာမူ မကောင်းကျိုးဘက်သို့ ပိုမိုရောက်သည်ဟု ဆိုနိုင်ကြောင်း သိရသည်။ စားအုန်းဆီတွင် ပြည့်ဝဆီ ၅၄ ဒသမ ၃ ရာခိုင်နှုန်းနှင့် မိုနိုမပြည့်ဝဆီ ၃၆ ဒသမ ၆ ရာခိုင်နှုန်းနှင့် ပေါ်လီမပြည့်ဝဆီ ၉ ရာခိုင်နှုန်းခန့်သာ ပါဝင်သည်။ အခြားသော ဗီတာမင်ဓာတ်များလည်း ပါဝင်မှုမရှိဟု သိရသည်။ အိုင်အိုဒင်းတန်ဖိုးမှာ ပုံမှန်အားဖြင့် ၅၀ မှ ၅၅ ခန့်သာ ပါဝင်တတ်သည်။ ယခု တင်သွင်းသော စားအုန်းဆီမှာ စားသုံးသူများအတွက် သင့်တင့်သော အရည်အသွေးရစေရန် အိုင်အိုဒင်းတန်ဖိုး ၅၈ ရာခိုင်နှုန်း တင်သွင်းထားခြင်းဖြစ်သည်။ ထို့ကြောင့် သာမန်စားအုန်းဆီထက် ဈေးအနည်းငယ်မြင့်နေခြင်းဖြစ်သည်။ နယ်စပ်မှဝင်သော ပုစွန်နှစ်ကောင် အစရှိသော စားအုန်းဆီများမှာ အရည်အသွေး စစ်ဆေးထားခြင်း မရှိကြပါ။ စားအုန်းဆီနှင့် ကျန်းမာရေးအန္တရာယ်ဟု ဆရာကြီး ဒေါက်တာခင်မောင်လွင် (Fame) က သူ၏ ဆောင်းပါး ပေါင်းချုပ်စာအုပ်တွင် ဖော်ပြထားသည်။ ဖော်ပြထားသော အချက်များမှာ စားအုန်းဆီတွင် ပါဝင်သော ပြည့်ဝဆီတွင်ပါဝင်သည့်အက်စစ်မှာ ပါမစ်တစ် အက်စစ်ဖြစ်ပြီး ပြည့်ဝဆီ (၅၄ ဒသမ ၃ ရာခိုင်နှုန်းတွင်) ၄၄ ရာခိုင်နှုန်းအထိ ပါဝင်နေသည်ကို တွေ့ရသည်။ အဆိုပါဆီသည် အစားအသောက်များမှတစ်ဆင့် လူ့ခန္ဓာကိုယ်အတွင်း ရောက်ပါက အသည်းမှတစ်ဆင့် အယ်ဒီအယ်လ်ကိုလက်စထရောများကို ထုတ်လုပ်ပေးရန် ကုန်ကြမ်းများအဖြစ် သွေးတွင်းတွင် အဆိုပါ ကိုလက်စထရောကို မြင့်တက်စေသည်။ တစ်ခါတစ်ရံနှင့် နည်းနည်းသာစားပါက ပြဿနာ နည်းနိုင်သော်လည်း နေ့စဉ်ချက်ပြုတ်စားသောက်ရာတွင်သုံးပါက သွေးကြောအတွင်း အဆီများစုလာကာ သွေးကြောများကျဉ်းလာမည်ဖြစ်သည်။ ထို့ကြောင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါများ ဖြစ်လာကာ နောက်ဆက်တွဲရောဂါအဖြစ် နှလုံးသွေးကြောပိတ်၍ နှလုံးကြွက်သားများ ထိခိုက်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ကာ လေဖြတ်ခြင်းတို့ ဖြစ်နိုင်ကြောင်း သိရသည်။ ထို့ကြောင့် စားအုန်းဆီပါဝင်မှုများသော အစားအစာများကို ရှောင်ကြဉ်သင့်သည်။ အထူးသဖြင့် အဝလွန်သူများ၊ သွေးတိုးရောဂါရှိသူများ၊ အသက် ကြီးရင့်သူများ၊ လှုပ်ရှားမှုနည်းသူများ မစားသင့်ကြောင်း သိရသည်။ ဆရာက စားအုန်းဆီစားသုံးမှုကိုလျှော့ပြီး ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီနှင့် နေကြာဆီတို့ကို စားသုံးသင့်ကြောင်း အကြံပြုထားပါသည်။ မြေပဲဆီဈေးမြင့်နေလျှင်လည်း စားအုန်းဆီဝယ်မည့်ငွေကြေးအား မြေပဲဆီစသည့် ပြည်တွင်းထုတ်ဆီကို ရသလောက် ဝယ်ယူပြီး ရေလည်ဆီလည်ချက်စားသင့်ကြောင်း အကြံပေးထားသည်။ မှန်သည်။ ပြည်တွင်းဖြစ် မြေပဲ၊ နှမ်းနှင့် နေကြာဆီများကို ပိုမို အားပေးသင့်သည်။ ကျန်းမာရေးထိခိုက်ပါက ကြီးမားသော ဆေးကုသစရိတ်ကိုပါ ထပ်မံကုန်ကျမည်ကို အထူးသတိချပ်သင့်သည်။

စာမျက်နှာ - ၁၁ သို့

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့နိုင်ငံရေး အခြေအနေ များကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ဖေဖော်ဝါရီ ၂၀ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၉၃၆ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၆ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၉၀၈ ဒေါ်လာ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ဖေဖော်ဝါရီ ၂၀ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၆၆၂၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျပ် ၆၅၈၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

Trading Economics တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် USD ၆၄ ဒသမ ၇၅ ဘီလီယံရှိလာရန် မျှော်မှန်းထားကြောင်း Trading Economics global macro model နှင့် ဆန်းစစ်လေ့လာသူများ၏ ခန့်မှန်းချက်အရသိရှိရသည်။ Econometric Model အရ မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် USD ၆၆ ဒသမ ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် USD ၆၇ ဒသမ ၃၇ ဘီလီယံဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တိုးတက်မှုနှုန်းသည် ၂ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းသည် ၃ ဒသမ ၂ ရာခိုင်နှုန်း ရှိလာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်ကို တွေ့ရှိရသည်။

ဖေဖော်ဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၀-၂-၂၀၂၅ | ၂၁-၂-၂၀၂၅ | ၂၄-၂-၂၀၂၅ | ၂၅-၂-၂၀၂၅ | ၂၆-၂-၂၀၂၅ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၃.၆၅၄ | ၃၃.၆၃၈ | ၃၃.၅၀၄ | ၃၃.၆၈၁ | ၃၃.၇၄၆ | ၀.၂၇ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၃၉ | ၁.၃၃၆ | ၁.၃၃၇ | ၁.၃၃၉ | ၁.၃၃၇ | -၀.၁၅ | ↓ |
| ၄ | Malaysian Ringgit | MYR | ၄.၄၃၃ | ၄.၄၂၀ | ၄.၄၀၅ | ၄.၄၂၂ | ၄.၄၂၇ | -၀.၁၄ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၆၃၃၀ | ၁၆၃၁၇ | ၁၆၂၇၉ | ၁၆၃၄၂ | ၁၆၃၆၈ | ၀.၂၃ | ↑ |
| ၆ | Chinese Yuan | CNY | ၇.၂၆၄ | ၇.၂၄၉ | ၇.၂၄၆ | ၇.၂၆၄ | ၇.၂၅၅ | -၀.၁၂ | ↓ |
| ၇ | Indian Rupee | INR | ၈၆.၅၉၈ | ၈၆.၆၃၄ | ၈၆.၇၀၅ | ၈၇.၁၃၇ | ၈၇.၀၆၅ | ၀.၅၄ | ↑ |
| ၈ | Japanese Yen | JPY | ၁၅၀.၂၆၅ | ၁၅၀.၄၉၄ | ၁၄၉.၂၉၅ | ၁၄၉.၅၄၀ | ၁၄၉.၃၂၀ | -၀.၆၃ | ↓ |
| ၉ | Australian Dollar | AUD | ၁.၅၆၉ | ၁.၅၆၅ | ၁.၅၇၁ | ၁.၅၇၈ | ၁.၅၇၉ | ၀.၆၄ | ↑ |
| ၁၀ | Euro | EUR | ၀.၉၅၈ | ၀.၉၅၃ | ၀.၉၅၄ | ၀.၉၅၅ | ၀.၉၅၂ | -၀.၆၃ | ↓ |
| ၁၁ | Pound Sterling | GBP | ၀.၇၉၃ | ၀.၇၉၀ | ၀.၇၉၂ | ၀.၇၉၂ | ၀.၇၉၀ | -၀.၃၈ | ↓ |

Source- Central Bank of Myanmar

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအားပြောင်းလဲမှုပေါ်လိုက်၍ ဖေဖော်ဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်ထိ ရက်သတ္တပတ်အတွင်း ကျပ်၄၄၇၀-၄၄၈၀ ကြားရှိနေကြောင်းသိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်သတင်းအနေဖြင့် ဘာစမာတီဆန်၏ မူလဇာစ်မြစ်ဒေသနှင့် စပ်လျဉ်း၍ နိုင်ငံတကာ အငြင်းပွားမှု ဖြစ်ပေါ်လျက်ရှိရာတွင် ဘာစမာတီဆန်သည် ပါကစ္စတန်နိုင်ငံ၏ ထုတ်ကုန်ဖြစ်သည်ဟု နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့က တရားဝင် အသိအမှတ်ပြုခဲ့ရာ ကမ္ဘာ့ဈေးကွက်၌ ပါကစ္စတန်ဘာစမာတီဆန်၏ ရပ်တည်နိုင်မှုအား ပိုမိုခိုင်မာစေသည့် အောင်ပွဲတစ်ရပ်ရရှိခဲ့သည်ဟု Startup Pakistan သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်ကိုသိရှိရသည်။ ဥရောပသမဂ္ဂသည်လည်း ပါကစ္စတန်နိုင်ငံအား မျက်နှာသာပေးမည့် အလားတူ ဆုံးဖြတ်ချက်ကို မကြာမီ ချမှတ်လိမ့်မည်ဟု မျှော်လင့်ရကြောင်း၊ သမိုင်း မှတ်တမ်းများအရ ဘာစမာတီဆန်၏ မူလအစသည် ပါကစ္စတန်နိုင်ငံရှိ Hafizabad ခရိုင်မှဖြစ်ပြီး ၎င်း၏ တောင်းဆိုပိုင်မှု အခွင့်အရေးကို အတည်ပြုနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံသည်လည်း ဘာစမာတီဆန်အား တစ်ဦးတည်းပိုင်ဆိုင်ခွင့်ရှိသော ပင်ရင်းဒေသအဖြစ်တောင်းဆိုလျက်ရှိကြောင်း၊ သို့သော် ကုန်သည်များနှင့် ကျွမ်းကျင်ပညာရှင်များက ပါကစ္စတန်နိုင်ငံဘက်မှ ခိုင်မာစွာ ထောက်ခံခဲ့ကြကြောင်း သိရှိရသည်။

ယခုကဲ့သို့ အသိအမှတ်ပြုမှုခံရခြင်းသည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံရှိသော ကမ္ဘာ့ဘာစမာတီဆန်ဈေးကွက်တွင် ပါကစ္စတန်နိုင်ငံ၏ အခန်းကဏ္ဍကို ပိုမိုအားကောင်းစေမည်ဖြစ်သည်။ ဘာစမာတီဆန် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဘီလီယံအထိ ရောက်ရှိမှုနှင့်အတူ ပါကစ္စတန်နိုင်ငံအနေဖြင့် ကမ္ဘာ့ဘာစမာတီဆန်ဈေးကွက်၌ ဦးဆောင် ပါဝင်လျက်ရှိကြောင်း သိရှိရသည်။ ပထဝီဒေသဆိုင်ရာ ရပိုင်ခွင့်များနှင့် နိုင်ငံတကာ ဥပဒေများက ပါကစ္စတန်နိုင်ငံ၏ တောင်းဆိုမှုကို အကာအကွယ်ပေးလျက်ရှိကြောင်း၊ ပါကစ္စတန်နိုင်ငံသည် ၎င်း၏ စိုက်ပျိုးရေးဆိုင်ရာ အမွေအနှစ်မှ အကျိုးကျေးဇူးများကို ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောဆိုထားကြောင်း သိရှိရသည်။ ဘာစမာတီဆန်၏ ပင်ရင်းဒေသ မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှု ဆက်လက်ဖြစ်ပေါ်နေချိန်၌ ယခုကဲ့သို့ ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းသည် ပါကစ္စတန်နိုင်ငံ၏ လယ်သမားများနှင့် ပို့ကုန်လုပ်ငန်းရှင်များအတွက် ကြီးမားသော အောင်ပွဲတစ်ရပ်ဖြစ်ပြီး ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ပေးမှုအပြင် စိုက်ပျိုးရေးအမွေအနှစ်ကိုလည်း အကာအကွယ်ပေးနိုင်ကြောင်း သိရှိရသည်။

ပြည်တွင်းဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ ဆန်ဈေးကွက်(လက်ကားဈေး)တွင် ပေါ်ဆန်းနယ်စုံ (အဟောင်း) (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ)တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ မှ ၁၂၅၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်း(အဟောင်း) ဆန်တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀ မှ ၁၅၀၀၀၀ ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန်ဆန် တစ်အိတ်လျှင် ကျပ် ၆၄၀၀၀ မှ ၆၅၀၀၀ ကြားနှင့် ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ မှ ၆၇၀၀၀ ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဆန်၊ ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၉၁၂၂၀၃ ဒသမ ၆၁၁ ပိုမိုတင်ပို့ခဲ့ပြီး ဧည့်မထဆန်၊ ပေါင်းဆန်နှင့် ပေါ်ဆန်းဆန် စသည့် အမျိုးအစားတို့ တင်ပို့ခဲ့ကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၆၀ သန်းကျော် ပိုမိုရရှိသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဆန်ချောတစ်အိတ်လျှင် ၂၇၅ ယွမ် ဝန်းကျင်ရှိပြီး (ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၆၂၀ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀ ကျော်) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၁၃၃ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံမြို့တွင် ကျပ် ၅၂၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ပြည်မြို့နှင့် ပဲခူးမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၃၀၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၂၇ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရှိရသည်။ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ထိုင်းနိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်း ယှဉ်ပါက ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ၊ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ၅ ဒေါ်လာမှ ၁၃ ဒေါ်လာနှင့် အိန္ဒိယနိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ တစ်ဒေါ်လာမှ သုံးဒေါ်လာ ကျဆင်းမှုရှိပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုများမရှိဘဲ တည်ငြိမ်လျက်ရှိကြောင်းကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးဈေးကွက်နှင့် စီးဝင်/စီးထွက်မှု အခြေအနေ

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်မြို့ ဆန်စပါးဈေးကွက်တွင် ဖေဖော်ဝါရီလ ပထမပတ်အရောင်းအဝယ်သွက်ပြီး ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် အရောင်းအဝယ်အေးလျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။ ဧရာဝတီ ပေါ်ဆန်းစပါး တစ်တင်းလျှင် ကျပ် ၃၂၀၀၀-၃၃၀၀၀၊ ပေါ်ဆန်း ဆန်တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀-၁၁၅၀၀၀ ဈေးနှင့် မနောသုခ၊ မျိုးပွား စပါးတစ်တင်း ကျပ် ၁၈၀၀၀-၁၉၀၀၀ ဈေး၊ ဆန်တစ်အိတ် ကျပ် ၆၅၀၀၀-၇၀၀၀၀ ဈေးအတွင်းနှင့် ရွှေသွယ်စပါး တစ်တင်းလျှင် ကျပ် ၂၃၀၀၀-၂၄၀၀၀၊ ဆန်တစ်အိတ် ကျပ် ၈၅၀၀၀-၉၀၀၀၀ ဈေးအတွင်း အရောင်းအဝယ်ဖြစ်နေသည်။ မကြာမီ နွေသီးထပ်၊ ရက်၉၀ စပါးများလည်း ထွက်ရှိလာမည်ဖြစ်သည်။

ဟင်္သာတခရိုင်အတွင်းရှိ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များတွင် ဖေဖော်ဝါရီလ ပထမပတ်က ဧည့်မထစပါး တစ်တင်းလျှင် ကျပ် ၁၄၀၀၀-၁၅၀၀၀ နှင့် ဆန်တစ်အိတ်လျှင် ကျပ် ၇၁၀၀၀ အရောင်းအဝယ်ဖြစ်နေပြီး ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် အချို့မြို့နယ်များ၌ စပါးတစ်တင်းလျှင် ကျပ် ၁၆၀၀၀ ဖြစ်သွားသည့်အတွက် စပါးတစ်တင်းလျှင် ကျပ် ၁၀၀၀ ခန့် မြင့်တက်သွားသည်။

မြောင်းမြခရိုင်အတွင်းရှိ မြို့နယ်များတွင် ဖေဖော်ဝါရီလဆန်းပိုင်းတွင် မိုးဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၇၅၀၀၀-၈၀၀၀၀ နောက်ဆုံးပတ်တွင် ဆန်တစ်အိတ်လျှင် ကျပ် ၇၀၀၀၀-၇၅၀၀၀ ဖြစ်၍ ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀၀ ခန့် ဈေးကျဆင်းလျက်ရှိသည်။

ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များတွင် ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၁၂၄၀၀၀ မှ ၁၁၂၀၀၀ ဖြစ်၍ ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ခန့်ဈေးကျသွားသည်။ မိုးဧည့်မထဆန် တစ်အိတ်လျှင် ယခင်က ကျပ် ၈၆၀၀၀မှ ယခု ကျပ် ၇၆၀၀၀ဖြစ်သည့်အတွက် ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ဈေးကျဆင်းသွားသည်။ ဧရာဝတီတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးများသို့ ကုန်းလမ်း၊ ရေလမ်းမှ ဆန်စီးထွက်မှုမှာ ၂၀၂၄ ဒီဇင်ဘာလတွင် အိတ်ရေ ၁၈၇၅၈၇၅ အိတ် စီးထွက်ခဲ့ပြီး ၂၀၂၅ ဇန်နဝါရီလတွင် အိတ်ရေ ၂၀၁၆၆၄၄ အိတ် စီးထွက်ခဲ့ရာ ယခင်လထက် အိတ်ရေ ၁၄၀၇၆၉ အိတ် ပိုမိုစီးထွက်ခဲ့ကြောင်း သိရသည်။

နေခြည်(ပသ)

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ဖေဖော်ဝါရီ ၂၄ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၉ နိုင်ငံအနက် ဖိလစ်ပိုင်နိုင်ငံသည် ယခုတစ်ပတ်တွင် ၄ ဒသမ ဝဝ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဩစတြေးလျနိုင်ငံတွင် ၂ ဒသမ ၄ဝ ရာခိုင်နှုန်း၊ ဖင်လန်နိုင်ငံတွင် ၂ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ၁ ဒသမ ၉ဝ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၉ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ယခုတစ်ပတ်အတွက် ဖေဖော်ဝါရီ ၂၄ ရက် ဖော်ပြချက်၌ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဟောင်ကောင်၊ ပါကစ္စတန်၊ တရုတ်(တိုင်ပေ)၊ အာဖဂန်နစ္စတန်၊ မော်ရိုကို၊ နီပေါ၊ ပနားမားနှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံ ပေါင်း ၆၆ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂျပန်၊ အီတလီ၊ နယ်သာလန်၊ ပီရူး၊ ပိုလန်၊ နော်ဝေ၊ ဒိန်းမတ်၊ ဆွီဒင်၊ ကနေဒါနှင့် နိုင်ဂျီးရီးယား စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၃၄ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁ဝ ရာခိုင်နှုန်းမှ ၂ ဒသမ ၃ဝ ရာခိုင်နှုန်းအထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ဖေဖော်ဝါရီ ၂၄ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၁ ဒသမ ၆ဝ ရာခိုင်နှုန်း၊ ဖိလစ်ပိုင် နိုင်ငံတွင် ၄ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၉ဝ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် သုည ဒသမ ၅ဝ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ဖေဖော်ဝါရီ ၂၄ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၉ နိုင်ငံအနက် အာဂျင်တီးနားနိုင်ငံသည် ယခုတစ်ပတ်တွင် ၄ ဒသမ ၅ဝ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံများဖြစ်ခဲ့ပြီး တူရကီ (တူကီယဲ) နိုင်ငံတွင် ၃ ဒသမ ၂ဝ ရာခိုင်နှုန်း၊ ဖင်လန်နိုင်ငံတွင် ၁ ဒသမ ၉ဝ ရာခိုင်နှုန်းနှင့် ဩစတြေးလျနိုင်ငံတွင် ၁ ဒသမ ၇ဝ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၄ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ ဟောင်ကောင်၊ ပါကစ္စတန်၊ တရုတ်(တိုင်ပေ)၊ ကိုလံဘီယာ၊ ဒိန်းမတ်၊ ဂျော်ဒန်၊ ကင်ညာ၊ သီရိလင်္ကာနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၈ နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂျပန်၊ အီတလီ၊ နယ်သာလန်၊ ဆွီဒင်၊ ကနေဒါ၊ ဟန်ဂေရီ၊ နော်ဝေ၊ ပိုလန်၊ ဆွစ်ဇာလန်နှင့် နိုင်ဂျီးရီးယား စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၇ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁ဝ ရာခိုင်နှုန်းမှ ၁ ဒသမ ၆ဝ ရာခိုင်နှုန်းထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ဖေဖော်ဝါရီ ၂၄ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့်နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတို့တွင် ၁ ဒသမ ၂ဝ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတို့တွင် ၁ ဒသမ ၄ဝ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၁ဝ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၃ | ဟောင်ကောင် | လီတာ | ၃.၄၀ |
| ၂ | လစ်ဗျား | လီတာ | ၀.၀၃ | အိုက်စလန် | လီတာ | ၂.၂၇ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၃၃ | အနော်ဝေ | လီတာ | ၂.၁၁ |
| ၄ | အီဂျစ် | လီတာ | ၀.၃၄ | ဒိန်းမတ် | လီတာ | ၂.၁၀ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၄ | စင်ကာပူ | လီတာ | ၂.၀၈ |

### DOT (P&S)

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၃.၃၁ |
| ၂ | လစ်ဗျား | လီတာ | ၀.၀၃ | အိုက်စလန် | လီတာ | ၂.၃၅ |
| ၃ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၂၂ | Liechtenstein | လီတာ | ၂.၁၀ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၂၂ | ဆွစ်ဇာလန် | လီတာ | ၂.၀၇ |
| ၅ | အီဂျစ် | လီတာ | ၀.၂၇ | ဒိန်းမတ် | လီတာ | ၂.၀၄ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၅ | ၁.၀၃ |
| ၂ | ဂျပန် | လီတာ | ၁.၂၃ | ၁.၁၀ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၇ | ၁.၀၄ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ဖေဖော်ဝါရီ ၂၆ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၃၂၁၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၃၂၇၀၊ ဒီဇယ်တစ်လီတာလျှင် ၂၇၆၅ ကျပ်နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ၃၄၂၅ ကျပ် အသီးသီးဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၄၂၅၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၄၁၀၀၊ ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၄၄၂၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၉၂၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၃၂၇၀၊ ဒီဇယ် တစ်လီတာလျှင် ၂၇၆၅ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၂၈၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၇၈၀ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၅၀ ဈေးနှုန်းနှင့် ဒီဇယ် တစ်လီတာလျှင် ၄၅ ကျပ် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## အွန်လိုင်းမှတစ်ဆင့် ရောင်းချရာတွင် စားသုံးသူ နစ်နာမှုမရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိ

အွန်လိုင်းမှတစ်ဆင့် ရောင်းချရာတွင် စားသုံးသူ နစ်နာမှုမရှိစေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် ဖေဖော်ဝါရီ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားကို စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး အရာထမ်း၊ အမှုထမ်းများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးက အွန်လိုင်း မှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးက လုပ်ငန်းလိုင်စင်ဆိုင်ရာ သိကောင်းစရာများ၊ ဈေးများနှင့်ကုန်စည်ပွဲရုံများဌာနမှ ညွှန်ကြားရေးမှူးက Online Shop ရောင်းချသူများ သိသင့်သိထိုက်သည်များ၊ ပြည်သူ့ကျန်းမာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က အစားအသောက်နှင့်ပတ်သက်၍ သန့်ရှင်းမှု ရှိစေရေး သိကောင်းစရာများ၊ တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာနမှ ညွှန်ကြားရေးမှူးက လုပ်ငန်းရှင်များအတွက် ဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့် ပတ်သက်၍ သိကောင်းစရာများ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း၊ မြေပြင်စစ်ဆေးခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြသူ (DOCA-YGN)**

## တန်ဖိုးကြီး ကမာကောင်၏ ကောင်းကျိုးအဖြာဖြာ



ကမာကောင်ဟုဆိုလိုက်သည်နှင့် လူတော်တော်များများသည် ပုလဲထုတ်လုပ်သော အကောင်လေးဟု သိမြင်ကြမည်ဖြစ်သည်။ ကမာကောင်မှ ထုတ်လုပ်သည့် ပုလဲသည် တန်ဖိုးကြီးသကဲ့သို့ သူ၏ခန္ဓာကိုယ်သည်လည်း မထူးမခြားနားပင်ဖြစ်သည်။ တစ်ကောင်လုံး ပစ်ပယ်စရာမရှိအောင်ပင် တန်ဖိုးကြီး အဖိုးတန်လှသော ကမာကောင်တွင် ကောင်းကျိုးများစွာရှိပေသည်။ ကမာတွင် အိုင်အိုဒင်း၊ ပရိုတင်း၊ ကယ်လ်ဆီယမ်ဓာတ်စသော ဓာတ်များအပြင် ခန္ဓာကိုယ်အတွက် လိုအပ်သော ဗီတာမင်ဓာတ်များပါဝင်ပြီး သံဓာတ်များစွာ ပါဝင်လျက်ရှိပေသည်။ သံဓာတ်နှင့် ပရိုတင်းဓာတ်ကြွယ်ဝပြီး ကယ်လိုရီနှင့် အဆီပါဝင်မှု နည်းပါးသောကြောင့် သွေးအားနည်းသူများနှင့် အလေးချိန်ထိန်းနေသူများအတွက် စားသုံးရန်သင့်လျော်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကမာကို ပုလဲထုတ်လုပ်ရန်အဖြစ်သာ အဓိကထား မွေးမြူကြသော်လည်း ကမ္ဘာ့နိုင်ငံများတွင်မူ ပုလဲရရှိရန်ထက် လူတို့စားသုံးရန်အတွက် မွေးမြူလျက်ရှိပေသည်။ ကမာကောင်များသည် သေးငယ်သော အပင်များကို စားသောက်ကြပြီး အသက်ရှင်နေထိုင်လျက်ရှိသည်။ လူတို့စားသုံးရန် မွေးမြူရာတွင် ရေနေသတ္တဝါများ၏ ကိုက်သတ်စားသောက်မှုအန္တရာယ်ကို ရှောင်ရှားပေးရန် လိုအပ်ပြီး လူတို့အတွက် အန္တရာယ်ဖြစ်စေနိုင်သော ပိုးမွှားများ ကပ်ပါလာနိုင်ခြင်းကြောင့် ကျန်းမာရေးစစ်ဆေးပြီးမှသာ ရောင်းချသင့်ကြောင်း သိရသည်။

မြိတ်မြို့အတွင်းရှိ ကမာဈေးနှုန်းမှာ အကောင်ငယ်တစ်ကောင်လျှင် ကျပ် ၂၀၀၀ ခန့်၊ အကောင် လတ်တစ်ကောင်လျှင် ကျပ် ၃၀၀၀ ခန့်နှင့် အကောင်ကြီးတစ်ကောင်လျှင် ကျပ် ၄၀၀၀ ခန့်ရှိကြောင်း သိရသည်။

ကမာသည် ပုလဲထုတ်လုပ်နိုင်ရုံသာမက အသားသည်လည်း ဗီတာမင်ဓာတ်များစွာ ပါဝင်နေပြီး အခွံကိုလည်း အလှကုန်များတွင် ထည့်သွင်းသုံးစွဲလျက်ရှိကြောင်း သိရသည်။ လက်ရှိတွင်ကမာအခွံ တစ်ကီလိုဂရမ်လျှင် ကျပ် တစ်သောင်းနှင့်အထက် ဈေးရရှိကြောင်း သိရသည်။

ဈေးကွက်တွင် ကမာမှရရှိသောပုလဲမှာ ဈေးကောင်းရရှိသကဲ့သို့ ကမာကောင်နှင့် သူ၏အခွံသည်လည်း ဈေးကောင်းရရှိသဖြင့် မွေးမြူရန်ခက်ခဲသည့် တန်ဖိုးကြီးသဘာဝသယံဇာတဖြစ်ကြောင်း သိရသည်။ [illegible]

# MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းများရှိ

မိုးမိုး (မွန်)

အသေးစား၊ အလယ်အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည်။ MSME လုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည့်အတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြင့် ဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံခြားဝင်ငွေရရှိရေး၊ နိုင်ငံခြားသုံးစွဲငွေလျှော့ချပြီး သွင်းကုန်အစားထိုးရေး၊ ပြည်တွင်း စားရေရိက္ခာဖူလုံရေးတို့သည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် အချက်များဖြစ်သည်။ သို့ဖြစ်၍ ပြည်တွင်းရှိ MSME လုပ်ငန်းများကို အားပေးကူညီပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ သွင်းကုန်အစားထိုး ကုန်ပစ္စည်းများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရပေမည်။

MSME များသည် နိုင်ငံ၏ စီးပွားရေးအပေါ် အပြုသဘောဆောင်သော သက်ရောက်မှုများစွာရှိသည်။ ၎င်းတို့သည် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခြင်း၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အထောက်အပံ့ပေးခြင်း၊ တီထွင်ဆန်းသစ်မှုကို မြှင့်တင်ပေးခြင်းနှင့် ဒေသဆိုင်ရာ စီးပွားရေးကို အားကောင်းစေခြင်းတို့တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။

## tvkyftudkif? tcGihftvrf;rsm; zefwD;ay;jcif;

MSME များသည် အလုပ်အကိုင်၊ အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်သော အဓိကအရင်းအမြစ်တစ်ခုဖြစ်သည်။ ၎င်းတို့သည် အသေးစားလုပ်ငန်းများမှသည် အလတ်စားလုပ်ငန်းများအထိ ကျယ်ပြန့်သော လုပ်ငန်းနယ်ပယ်များတွင် လုပ်ကိုင်လျက်ရှိပြီး လူငယ်များနှင့် အမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိသည်။

## pD;yGm;a&;zGHUNzdK;wdk;wufrIudktaxmuftuljyKjcif;

MSME များသည် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျောရိုးမဏ္ဍိုင်ဖြစ်သည်။ MSME လုပ်ငန်းများမှာ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှု ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏ GDP တိုးတက်မှုအတွက် အထောက်အကူပြုသည်။

## qif;&JEGrf;yg;rIavQmhcsa&;udktaxmuftyHhay;jcif;

MSME များသည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အရေးပါသော လက်နက်တစ်ခုဖြစ်သည်။ MSME များမှာ ကျေးလက်ဒေသများနှင့် မြို့ပြများတွင် အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် တစ်ဦးချင်းဝင်ငွေကို မြှင့်တင်ပေးပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အထောက်အပံ့ပေးသည်။

## wDxGifqef;opfrIudk jr§ihfwifay;jcif;

MSME များသည် တီထွင် ဆန်းသစ်မှုအတွက် အရေးပါသော အရင်းအမြစ်တစ်ခုဖြစ်သည်။ ၎င်းတို့သည် သေးငယ်သော လုပ်ငန်းများဖြစ်သောကြောင့် စမ်းသပ်မှုများနှင့် ပြောင်းလဲမှုများကို လျင်မြန်စွာပြုလုပ်နိုင်ပြီး တီထွင်ဆန်းသစ်သော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ပေးနိုင်သည်။

## a'oqdkif&mpD;yGm;a&;udktm;aumif;apjcif;

MSME များသည် ဒေသတွင်းရှိ ကုန်ကြမ်းများကို အသုံးပြုခြင်း၊ ဒေသခံများကို အလုပ်ခန့်ထားခြင်းနှင့် ဒေသတွင်းရှိ စားသုံးသူများအတွက် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ထောက်ပံ့ပေးခြင်းဖြင့် ဒေသဆိုင်ရာ စီးပွားရေးကို အားကောင်းစေသည်။

ထို့အပြင် MSME များသည် နိုင်ငံ၏ စီးပွားရေးကို ပိုမိုအားကောင်းစေရန်အတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး စီးပွားရေးကို ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိစေခြင်း၊ စီးပွားရေးကို ပိုမိုကျယ်ပြန့်စေခြင်းနှင့် စီးပွားရေးကို ပိုမိုတည်ငြိမ်စေသည်။

သို့ရာတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများနှင့် အခက်အခဲများစွာရှိနေသည်။ အဆိုပါ အခက်အခဲများမှာ-



(က) **မတည်ရင်းနှီးငွေဆိုင်ရာ အခက်အခဲ။**
MSME လုပ်ငန်းများအနေဖြင့် မိမိတို့၏ ထုတ်ကုန်များကို အရည်အသွေးမြင့်မားရေး၊ တီထွင်ဆန်းသစ်မှုရှိသော ထုတ်ကုန်အမယ်အသစ်များ ထုတ်လုပ်နိုင်ရေး၊ စဉ်ဆက်မပြတ် လုပ်ငန်းလည်ပတ်နိုင်ရေးအတွက် မတည်ရင်းနှီးငွေ လိုအပ်လျက်ရှိသည်။

(ခ) **နည်းပညာဆိုင်ရာ အခက်အခဲ။**
လက်ရှိအချိန်အခါသည် Digitalization အသွင်ကူးပြောင်းမှုကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းရှင်များအနေဖြင့် နည်းပညာဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရသည့်အပြင် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ၊ တီထွင်ဆန်းသစ်မှုဆိုင်ရာ နည်းပညာများ လိုအပ်လျက်ရှိသည်။

(ဂ) **ဈေးကွက်ရှာဖွေမှု အခက်အခဲ။**
MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ရောင်းချဖြန့်ဖြူးရန် ပြည်တွင်း၊ ပြည်ပ ဈေးကွက်လိုအပ်ချက်မှာလည်း အခက်အခဲတစ်ခုဖြစ်သည်။

(ဃ) **စီမံခန့်ခွဲမှုစွမ်းရည် မြှင့်တင်ခြင်း။**
MSME လုပ်ငန်းများသည် အောင်မြင်စွာ လည်ပတ်နိုင်ရန်အတွက် စီမံခန့်ခွဲမှုစွမ်းရည် မြင့်မားရန် လိုအပ်သည်။

(င) **အခြေခံအဆောက်အအုံ။**
MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသော အခြေခံအဆောက်အအုံများ လိုအပ်ပါသည်။

MSME လုပ်ငန်းရှင်များအနေဖြင့် မတည်ရင်းနှီးငွေ အခက်အခဲ၊ နည်းပညာဆိုင်ရာ အခက်အခဲ၊ ဈေးကွက်ချိတ်ဆက်မှုဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်နေရချိန်တွင် အဆိုပါ အခက်အခဲများကို တစ်နေရာတည်းတွင် ဖြေရှင်းနိုင်သည့်(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်အနီး တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပပြုလုပ်ခဲ့ရာ မတည်ရင်းနှီးငွေအခက်အခဲကို ဖြေရှင်းနိုင်မည့် ဘဏ်လုပ်ငန်းရှင်များအသင်း၊ နည်းပညာဆိုင်ရာ အခက်အခဲများကို ဖြေရှင်းနိုင်မည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပြခန်း၊ Digital Conner ပြခန်းများ၊ ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ စီးပွားရေးသံမှူးများနှင့် အွန်လိုင်းမှ ချိတ်ဆက်ဆွေးနွေးမှုကို ဆောင်ရွက်ပေးသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ Business Matching ပြခန်းများ၊ ပြည်တွင်း စီးပွားရေးဈေးကွက် ချိတ်ဆက်နိုင်မည့် City Mart, Asia Light, ဂမုန်းပွင့် စသည့် ကုန်တိုက်ပေါင်း ၁၂ ခု၊ MSME ထုတ်ကုန်များကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်မည့် ခေတ်မီစက်ကိရိယာ ပြခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ဒေသအလိုက် MSME ထုတ်ကုန်ပြခန်းများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့သည်။ Digital နည်းပညာ၊ အရည်အသွေးဆိုင်ရာ နည်းပညာနှင့်ပတ်သက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြခန်းနှင့် Digital Corner ပြခန်းများတွင် နည်းပညာပံ့ပိုးရန်နှင့် ပူးပေါင်း ဆောင်ရွက်ရန် တောင်းခံသူ ၅၀၊ နည်းပညာ ဝန်ဆောင်မှုနှင့် သင် တန်းပေးရန် တောင်းခံသူ ၂၀၀၊ တိကျမှန်ကန်စွာ တိုင်းတာမှု၊ မြန်မာစံချိန်စံညွှန်းနှင့် ISO လက်မှတ်ရယူနိုင်ရေးကိစ္စ ဆွေးနွေးမေးမြန်းသူ ၉၂ ဦးရှိခဲ့ကြောင်း သိရသည်။

ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ စီးပွားရေးသံမှူးများနှင့် အွန်လိုင်းမှ ချိတ်ဆက်ဆွေးနွေးမှုကို ဆောင်ရွက်ပေးသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ Business Matching ပြခန်းများတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ MSME လုပ်ငန်းရှင်များ စီးပွားချိတ်ဆက် ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြပြီး မွန်ပြည်နယ် MSME လုပ်ငန်းများမှ ချိတ်ဆက်ဆွေးနွေးမှုအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ချိတ်ဆက်မှု နှစ်ဦး၊ တရုတ်နိုင်ငံနှင့်ချိတ်ဆက်မှု နှစ်ဦး၊ ရုရှားနိုင်ငံနှင့် ချိတ်ဆက်မှု တစ်ဦး၊ စင်ကာပူနှင့် ချိတ်ဆက်မှု တစ်ဦး၊ ဂျပန်နိုင်ငံနှင့် ချိတ်ဆက်မှု တစ်ဦး၊ ထိုင်းနိုင်ငံနှင့်ချိတ်ဆက်မှုတစ်ဦး၊ ကိုရီးယားနိုင်ငံနှင့် ချိတ်ဆက်မှုတစ်ဦး၊ ဗီယက်နမ်နိုင်ငံနှင့် ချိတ်ဆက်မှု တစ်ဦး၊ စုစုပေါင်း နိုင်ငံပေါင်း ရှစ်နိုင်ငံနှင့် ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။


ထို့ပြင် မွန်ပြည်နယ် MSME လုပ်ငန်းများမှ ပြည်တွင်းဈေးကွက်ချိတ်ဆက်မှုအနေဖြင့် City Mart နှင့် သုံးဦး၊ Pro-1 နှင့် တစ်ဦး ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရှိရသည်။

လျှပ်စစ်မီး ရရှိရေးအခက်အခဲများကို ဖြေရှင်းနိုင်ရန် MSME လုပ်ငန်းရှင်များအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) ကို အသုံးပြုသင့်သည်။ နိုင်ငံတော်အနေဖြင့်လည်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy)ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် MSME ထုတ်ကုန်ပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပပြုလုပ်ခဲ့ရာ ပါဝင်ယှဉ်ပြိုင်သူ ၁၉၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုအမျိုးအစား ခုနစ်မျိုး၊ ဆုပေါင်း ၆၃ ဆု ချီးမြှင့်ခဲ့ရာ အဆိုပါဆုချီးမြှင့်ခြင်းကို Digital အသွင်ကူးပြောင်းမှုကို လက်တွေ့ကျကျ ဆောင်ရွက်သည့်အနေဖြင့် Digital နည်းပညာဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဆုရွေးချယ်ရာတွင် စံသတ်မှတ်ချက် (Criteria) ၁၀ ချက်အပေါ် အခြေခံပြီး ရွေးချယ်ခဲ့ရာ အဆိုပါ စံသတ်မှတ်ချက်များအနက်မှ အချို့မှာ ကုန်ပစ္စည်းထုတ်လုပ်ရာတွင် ဒေသတွင်း ကုန်ကြမ်းပစ္စည်းအသုံးပြုမှု၊ ဒေသတွင်း အလုပ်အကိုင် ဖန်တီးပေးနိုင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်နိုင်မှု၊ ပြည်တွင်း/ ပြည်ပဈေးကွက် ချဲ့ထွင်ရေးအစီအစဉ်၊ လုပ်ငန်းဆိုင်ရာ အသိအမှတ်ပြု လက်မှတ်များ၊သတင်းအချက်အလက် နည်းပညာဆိုင်ရာ ကဏ္ဍများ ပါဝင်မှု၊ Digital စီးပွားရေးအသွင်ကူးပြောင်းမှုတွင် လိုက်ပါဆောင်ရွက်နိုင်မှု၊ စွမ်းအင်ချွေတာရေးနှင့် ဂေဟစနစ်ထိန်းသိမ်းသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု၊ အစိမ်းရောင်ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုနှင့် Circular Economy ကျင့်သုံးဖော်ဆောင်မှု စသည့် အချက်များအပေါ် အခြေခံ ရွေးချယ်ခဲ့ကြောင်း သိရှိရသည်။ ထို့သို့ Criteria သတ်မှတ်ခြင်းကြောင့် MSME ထုတ်ကုန်ပြိုင်ပွဲဝင်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်ကုန်များကို သတ်မှတ် စံချိန်စံညွှန်းပြည့်မီစေရန် Digital အသွင်ကူးပြောင်းရန်၊ စွမ်းအင်ချွေတာရန်၊ Circular Economy ကျင့်သုံးရန်ကြိုးစားဆောင်ရွက်ထားကြကြောင်း သိရှိရသည်။

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် မတည်ရင်းနှီးငွေ ချိတ်ဆက်မှု၊ နည်းပညာဆိုင်ရာချိတ်ဆက်မှု၊ ပြည်တွင်း/ပြည်ပ ဈေးကွက်ချိတ်ဆက်မှုနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ One Stop Services များကို ရယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်၍ အဆိုပါပြပွဲကြီးသည် MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူ ပြုသည့် ပြပွဲတစ်ခုဖြစ်ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ခုဆိုလျှင်လည်း မှားမည်မထင်ပါ။ ယခုကဲ့သို့ MSME လုပ်ငန်းများအတွက် One Stop Services ကို ရရှိနိုင်မည့် အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် MSME ထုတ်ကုန်များသည် အရည်အသွေးမြင့်မားပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသော၊ ပြည်ပဈေးကွက်ချဲ့ထွင်နိုင်သော ထုတ်ကုန်များ ပိုမိုထုတ်လုပ်လာနိုင်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အားကောင်းသော စီးပွားရေးမဏ္ဍိုင် တစ်ခုဖြစ်လာမည်ဟု ယုံကြည်မိပါသည်။


ASIA WORLD PORT TERMINAL
Myanmar's Marine Gateway to the World
www.asiaworldport.com



အရည်အသွေး
ကောင်းမွန်သောကားအမျိုးအစားကို
စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်ဖို့...
JPM
CAR SALE CENTER
jpmautocenter@gmail.com
www.jpmmotors.com
HOT LINE : 09253008800
Ph: 09 44 888 2944,09 7 3333 555



" စက်ပစ္စည်းနဲ့ပတ်သက်ပြီး
တစ်နေရာတည်းမှာ အစုံအလင်ရနိုင်တဲ့နေရာ ကျင်းလုံမြန်မာ "
လှိုင်သာယာဆိုင်ခွဲ
အမှတ် ၁/ခ၊
ရန်ကုန် - ပုသိမ်လမ်းမကြီးနှင့်ကျန်စစ်သားလမ်းထောင့်
စက်မှုဇုန် ၃၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့
ဘုရင့်နောင်ဆိုင်ခွဲ
အမှတ် ၃၅/၃၆
သီရိမွန်လမ်းမကြီး နှင့် ဧလမ်းထောင့်
ဘုရင့်နောင်၊ ရန်ကုန်မြို့
၀၉ - ၄၂၅၃၃၁၄၃၃၊ ၀၉ - ၄၂၅၃၃၁၄၃၄၊ ၀၉ - ၈၉၁၁၉၂၁၁၄၊ ၀၉ - ၇၆၅၆၃၅၂၇၆


TUN
ထွန်း
Seamless ဘွိုင်လာ ကျွတ်ပိုက်၊ ဘွတ်(စ်) ပိုက်ဆိုဒ်စုံ၊ API ပိုက်၊ GAS ပိုက်၊ ASTM ပိုက်၊
M.S ပိုက်၊ G.I ပိုက်၊ သံပိုက်ဆိုဒ်စုံ၊ ပိုက်ဆက်ပစ္စည်းနှင့် ဘားအမျိုးမျိုး၊ ဝင်ရိုးဆိုဒ်စုံ၊ ပေါလစ်ရှပ်နှင့်
ယိုးဒယားသံထည်ပစ္စည်းအမျိုးမျိုး လက်လီလက်ကားရောင်းဝယ် ဖြန့်ချိရေး
ဆိုင်ခွဲအမှတ် (၁) C - ၂၇၀၊ ၂၇၁၊ ထုံးဘိုလမ်း၊ အမှတ်(၃) စက်မှုဇုန်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊
01 3590770, 09 696556551, 09 696556552, Viber : 09 257122779
ဆိုင်ခွဲအမှတ် (၂) D - ၁၈၀၊ ဇေကင်းတူလမ်းနှင့် ကျောက်ပုထိုး (၈) လမ်းထောင့်၊ အမှတ်(၃) စက်မှုဇုန်၊ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်။
01 3590973, 01 3100707, 09 94080 1000, Viber : 09 94080 2000
09 5115099, 09 785115099, 09 5112099


SSS International Retail Business
လက်အောက်ရှိ ဖွင့်လှစ်ထားသော လုပ်ငန်းခွဲများ
easy mart
More than a Mart
ရန်ကုန်မြို့အတွင်း
ဆိုင်ခွဲပေါင်း (၂၃) ဆိုင်ကို
ဖွင့်လှစ်ကာ ပို့ကုန်၊ သွင်းကုန်
ပစ္စည်းအစုံကို အရည်အသွေး
ပြည့်မီစွာရောင်းချ ပေးနေပါသည်။
MAXI
Wholesale
ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်
ပင်လုံလမ်းမပေါ်တွင်
Wholesale Center တစ်ခု
အဖြစ် ဖွင့်လှစ်ကာ
စားသောက်ကုန် ၊ လူသုံးကုန် အမျိုး
ပေါင်းများစွာကို လက်လီလက်ကား
ရောင်းချပေးလျက်ရှိပါသည်။
easy supermarket
မော်ဘီမြို့ ပြည်လမ်းမပေါ်ရှိ
အလွှာ (၆) လွှာ ပါဝင်သော
Easy Supermarket တွင်
ပို့ကုန် သွင်းကုန် ပစ္စည်းအစုံ
အဝတ်အထည်အမျိုးမျိုး တို့ကို
အရည်အသွေးပြည့်မီစွာဖြင့်
ရောင်းချပေးလျက်ရှိပါသည်။


WEST EAST
FREIGHT FORWARDING
West East Freight Logistics Co.,Ltd သည်
ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများ –
ပင်လယ်ရေကြောင်းကုန်စည်ပို့ဆောင်ရေး
လေကြောင်းကုန်စည်ပို့ဆောင်ရေး
မြဝတီ နှင့် နယ်စပ်ကုန်စည်သယ်ယူပို့ဆောင်ရေး
(Door to Door) ဝန်ဆောင်မှု (DDU/ DDP)
ရွှေ့ပြောင်းခြင်းဝန်ဆောင်မှု
အကောက်ခွန်ရှင်းလင်းရေး (သွင်းကုန်၊ ပို့ကုန်)
FORM D, FORM E, C/O
www.westeastfreight.com
mm.info@westeastfreight.com
+95 9955624280 (Viber, WhtatsApp)


GMP MOTORS
We are one of the most leading trader of all kinds of new and used vehicles.
Ga Mone Pwint (GMP) Motors
Ph : 095118748, 095161487, 09443164280
e-mail : motors.gm.assist@gmpcompanies.net, sales@gmpcompanies.net


The Grey House
KALAW
A Touch of LUXURY To Your Stay
@ KALAW
Reservation + 95 (9) 444445577
Operated by Khit Thit Oo Trading Co.,Ltd.


EXCLUSIVE
VAD BUNDLE
PROMO
PRODUCER Go
Single-Side MC110
SPECIAL PRICE
With FREE ribbon and
Card Exchange Go Software
DIS
Technology Co.,Ltd


FGi
FIRST GLASS INDUSTRY LTD.
QUALITY
GUARANTEES
RELIABILITY
ARCHITECTURAL SAFETY GLASS
• TEMPER GLASS • LAMINATED GLASS • INSULATED GLASS

# လူနေမှုဘဝ အစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့သည် မတ်လ ၁၅ ရက်တွင်ကျရောက်လာတော့မည်ဖြစ်သည်။ စားသုံးသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို မြှင့်တင်ဖော်ဆောင်သည့်အနေဖြင့် အပြည်ပြည်ဆိုင်ရာစားသုံးသူများအဖွဲ့ (Consumers International-CI) က ဦးဆောင်၍ ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ကို ဆောင်ပုဒ်အမျိုးမျိုးသတ်မှတ်၍ နှစ်စဉ်ကျင်းပလျက်ရှိပြီး စားသုံးသူကာကွယ်ရေး အသင်းအဖွဲ့များနှင့် အစိုးရဌာနအဖွဲ့အစည်းများက အဆိုပါဆောင်ပုဒ်နှင့်အညီ စားသုံးသူ အသိပညာပေး လှုပ်ရှားမှုများစွာကို ကမ္ဘာတစ်ဝန်းတွင် ကျင်းပကြသည်။ ယခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ စားသုံးသူများအဖွဲ့က သတ်မှတ်ထားသော ဆောင်ပုဒ်မှာ **“လူနေမှုဘဝ အစဉ်တည်တံ့ဖို့ မျှတအသွင် ကူးပြောင်းစို့”** (A Just Transition to Sustainable Lifestyles) ဖြစ်သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရာ သီဥတု ဆိုးရွားမှုများ ကြုံတွေ့ခဲ့ကြရပြီး စားသုံးသူများ၏အသက်၊ အိုးအိမ်နှင့် လူမှုဘဝများစွာပျက်စီးဆုံးရှုံးခဲ့ကြရသည်။ တစ်ချိန်တည်းတွင် ဇီဝမျိုးကွဲများပျက်စီးဆုံးရှုံးခြင်းနှင့် လေထု၊ ရေထု ညစ်ညမ်းမှုသည်လည်း လူသားများ၏ ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိသည်။ အဆိုပါ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကြောင့် ကမ္ဘာတစ်ဝန်း စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေပြီး စားသုံးသူများ၏ လူမှုဘဝ တိုးတက်မြင့်မားမှုများအပေါ် သက်ရောက်မှုများရှိနေသည်။

**ရေရှည်တည်တံ့သည့် စားသုံးမှုအလေ့အထများအား လိုက်နာဆောင်ရွက်ခြင်း**

သစ်တောသစ်ပင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လေထု၊ ရေထု ညစ်ညမ်းမှု လျော့နည်းအောင်ဆောင်ရွက်ခြင်းစသည့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်း စောင့်ရှောက်မှုများအပြင် အခြေခံကျသည့် နေ့စဉ်လူနေမှုဘဝများရှိ နေထိုင်သွားလာမှု၊ အစားအစာ ဝယ်ယူမှုများကိုပါ ဂရုတစိုက် ပြောင်းလဲကျင့်သုံးခြင်းဖြင့် ရေရှည်တည်တံ့သည့်စားသုံးမှုအလေ့အထများ ဖြစ်ပေါ်တိုးတက်လာမည်ဖြစ်သည်။ ရေရှည်တည်တံ့၍ ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်စားသောက်မှုပုံစံများကို စားသုံးသူများ ပိုမိုရွေးချယ်လာအောင် ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် စားသုံးသူများ၏ လူနေမှုဘဝများတိုးတက်မြင့်မားလာပြီး အပင်နှင့် သက်ရှိတို့၏ ရှင်သန်ရပ်တည်မှုကို အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်သည်။ နေထိုင်စားသုံးမှု ပုံစံကို ပြောင်းလဲကျင့်သုံးသည့်အနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းသက်သာစေသည့် ထုတ်ကုန်များ (Eco-friendly Products) ကို ရွေးချယ်ဝယ်ယူအသုံးပြုခြင်းသည် ငွေကြေးကုန်ကျစရိတ် များပြားလိမ့်မည်ဟု စားသုံးသူ အများအပြားက ယူဆကြသည်။ အမှန်တကယ်အားဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းသက်သာစေသည့် ထုတ်ကုန်များသည် ငွေကြေးကုန်ကျစရိတ်များပြားမှုမရှိဘဲ သက်ရှိလူသားများနှင့် အပင်များ၏ ရှင်သန်နေထိုင်မှု အစဉ်တိုးတက်ရေးအတွက်ဖြစ်သည်ဆိုသည်ကို စားသုံးသူများပိုမို သိရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရေရှည်တည်တံ့သော စားသုံးမှုအလေ့အထနှင့် ပတ်သက်ပြီး စားသုံးသူများ ပိုမိုသိရှိနားလည်စေရန်နှင့် နည်းစနစ်မှန်ကန်စွာ လိုက်နာကျင့် သုံးနိုင်စေရန်အတွက် နည်းလမ်းအချို့ကို တင်ပြပါသည်။

**စွန့်ပစ်မှုအား လျှော့ချခြင်းနှင့် စွန့်ပစ်ပစ္စည်းများအား မီးရှို့ခြင်းမှ ရှောင်ကြဉ်ခြင်း**

စားသုံးမှုလျှော့ချခြင်းသည် စွန့်ပစ်မှုကိုပါ လျော့နည်းသက်သာစေသည့်အတွက် အစားအစာများကို ပြင်ဆင်ချက်ပြုတ်ရာတွင် လိုအပ်သည့်ပမာဏကို တတ်နိုင်သမျှ ခန့်မှန်းတွက်ချက်ပြီး ပြင်ဆင်ချက်ပြုခြင်းဖြင့် စွန့်ပစ်မှုကို လျှော့ချနိုင်မည်ဖြစ်သည်။ စွန့်ပစ်ပစ္စည်းများကို သီးခြားစီခွဲ၍ တတ်နိုင်သမျှ ပြန်လည်အသုံးပြုခြင်းဖြင့်လည်း စွန့်ပစ်မှုကို လျော့နည်းစေသည်။ ထို့အပြင် စွန့်ပစ်ပစ္စည်းများအား မီးရှို့ခြင်းသည် ဥပဒေနှင့် မညီသည့်အပြင် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ထုတ်လွှတ်သည့်အတွက် ရှောင်ကြဉ်ရမည်ဖြစ်သည်။ ခရီးမိုင်ပေါင်းများစွာဝေးကွာသည့် ပြည်ပနိုင်ငံများမှ ကုန်စည်များကို သယ်ယူအသုံးပြုခြင်းထက် ပြည်တွင်းအရင်းအမြစ်များဖြင့် ပြုလုပ်ထားသော ပြည်တွင်းထုတ်ကုန်စည်များကို အသုံးပြုခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု ပမာဏကို လျှော့ချနိုင်မည်ဖြစ်သည်။




## PZCTH (DOCA)

**ထည့်စရာအိတ်များကို ယူဆောင်လာခြင်း**

အသုံးမလိုသည့် တစ်ခါသုံး ပလတ်စတစ်အိတ်များကို ရှောင်ကြဉ်၍ ထည့်စရာခွက်များဖြင့် ထုပ်ပိုးသယ်ဆောင်ခြင်းသည် ပလတ်စတစ်အိတ်သုံးစွဲမှုကို လျှော့ချပေးရာ ရောက်သည်။ ထို့အပြင် ဝယ်ယူမည့်ဈေးဝယ်စာရင်းကို သေချာပြင်ဆင်၍ ပြန်လည်အသုံးပြုနိုင်သည့် ထည့်စရာခွက်များနှင့် အိတ်များကို ဈေးဝယ်ရာတွင် တစ်ပါတည်း ယူဆောင်ခြင်းသည် ပလတ်စတစ်အိတ် အသုံးပြုမှုကို လျော့နည်းသက်သာစေသည်။

**ပြန်လည်အသုံးပြုခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း**

ပစ္စည်းအသစ်တစ်ခုမဝယ်ယူမီ ရှိနှင့်နေပြီးသား ပစ္စည်းအားပြန်လည်အသုံးပြု၍ ရ/မရ သေချာစွာ ကြည့်ရှုခြင်းသည် မလိုအပ်သော ငွေကြေးဖြုန်းတီးမှုကို လျှော့ချရာရောက်သည်။ ပစ္စည်းများကို စွန့်ပစ်ရာတွင်လည်း မစွန့်ပစ်မီ ပြန်လည်ပြင်ဆင်၍အသုံးပြု ရ/မရ စစ်ဆေးခြင်းနှင့် တတ်နိုင်သမျှ ပြန်လည်ပြင်ဆင်၍ အသုံးပြုခြင်းကို ဆောင်ရွက်ရန်လိုအပ်သည်။

ကာဗွန်ထုတ်လွှတ်မှုကို ခြေရာခံတိုင်းတာနိုင်သော ကုန်အညွှန်းအမှတ်အသား (Type 1 Ecolabels or Carbon Footprint Labels) နှင့် စွမ်းအင်ထုတ်လွှတ်မှုကို ဖော်ပြပေးသော ကုန်အညွှန်းအမှတ်အသား (Energy Efficiency Label) များ ကပ်နှိပ်ထားသည့် ကုန်စည်များအား အသုံးပြုခြင်း ရေရှည်အသုံးပြုနိုင်သော အရည်အသွေးရှိသည့် ကုန်စည်များကို ရွေးချယ်အသုံးပြု ခြင်းဖြင့် ကုန်စည်များအားမကြာခဏ ဝယ်ယူနေရသည့် လိုအပ်ချက်ကို လျော့နည်းသက်သာစေသည့်အပြင် အဆိုပါကုန်စည်များအား ဝယ်ယူအသုံးပြုသည့်အတွက် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ၏ ပစ္စုပ္ပန်နှင့် အနာဂတ် သာယာဝပြောမှုကို ဖြစ်ပေါ်စေသည်။ တတိယအဖွဲ့ အစည်းများအနေဖြင့် လေသန့်စင်မှုအရည်အသွေး၊ စွမ်းအင်အသုံးပြုမှုနှင့် အခြားသောစံနှုန်းများအပေါ် အခြေခံ၍ ဖော်ပြပါ ကုန်အညွှန်းအမှတ်အသားများကို စိစစ်ရွေးချယ် ပေးအပ်ကြသည်။ အိမ်နီးချင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ကာဗွန်ထုတ်လွှတ်မှုကို ခြေရာခံတိုင်းတာနိုင်သော ကုန်အညွှန်းအမှတ်အသားများကို Green Choice label Product CO2 label စသည့် အမည်နာမအမျိုးမျိုးဖြင့် ကုန်စည်များတွင် ရိုက်နှိပ်ဖော်ပြထားကြောင်း လေ့လာသိရှိရသည်။ စွမ်းအင်သုံးစွဲမှု ချွေတာသည့် အသုံးအဆောင်ပစ္စည်းများသည် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်မှုကိုလျှော့ချနိုင်ရုံသာမက လျှပ်စစ်မီတာခကိုပါ သက်သာစေနိုင်သည်။ ထို့ကြောင့် မိမိဝယ်ယူမည့်ကုန်စည်၏ စွမ်းအင်သုံးစွဲမှုပမာဏ (Energy Efficiency rating) ကို ဆန်းစစ်ရန်အတွက် ကုန်စည်ပေါ်တွင် ကပ်နှိပ်ထားသည့် Energy Efficiency Label ကို ဖတ်ရှုရမည်ဖြစ်သည်။ အာဆီယံနိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့ရှိ ထုတ်လုပ်သူများအနေဖြင့် ကုန်စည်များပေါ်တွင် Energy Efficiency Label ကို ကပ်နှိပ်ဖော်ပြထားသည်ကို လေ့လာသိရသည်။

**အရင်းအမြစ်များအား စုပေါင်းမျှဝေအသုံးပြုခြင်း**

စုပေါင်းအားထုတ်ကြိုးပမ်းခြင်းသည် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းကို ကာကွယ်ရာတွင် အဓိကကျသည့် ပြောင်းလဲမှုကို ဖြစ်ပေါ်စေပြီး စားသုံးသူများအား တာဝန်ယူမှုရှိသော စားသုံးမှု အလေ့အထကို ဖော်ဆောင်ပေးရာရောက်ပါသည်။ ထို့ကြောင့် လူမှုအဖွဲ့အစည်းအတွင်းရှိ စားသုံးသူတစ်ဦးချင်းစီတွင် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အထဖြစ်ပေါ်စေ ရန်အတွက် စုပေါင်းစားသုံးနိုင်သည့် စားဖိုဆောင်စိုက်ခင်းများ ပြုလုပ်ပေးခြင်း၊ စာအုပ်များနှင့် အဝတ်အစားများအား မျှဝေအသုံးပြုခြင်း၊ ကားမျှဝေ ငှားရမ်းစီးခြင်း၊ စွန့်ပစ်ပစ္စည်းများအား တစ်နေရာတည်းတွင် စုပေါင်းစွန့်ပစ်ခြင်း စသည့် အရင်းအမြစ်များကို စုပေါင်းမျှဝေ အသုံးပြုတတ်သည့် အလေ့အကျင့်များကို ဖော်ဆောင်ခြင်းဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းသက်သာစေမည်ဖြစ်ပါသည်။

**အစိုးရ၏ အခန်းကဏ္ဍနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု**

ရေရှည်တည်တံ့မှုမရှိသည့် စားသုံးမှုပုံစံများ၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအပေါ်တွင် ထိခိုက်မှုများစွာဖြစ်ပေါ်စေပြီး နောက်ဆုံး လူသားများ၏ လူနေမှုဘဝနှင့် အသက်ရှင်နေထိုင် ရပ်တည်မှုကိုပါ သက်ရောက်မှုဖြစ်စေသည်။ ထို့ကြောင့် စားသုံးသူများအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် အစားအစာ၊ စွမ်းအင်နှင့် ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများတွင် စားသုံးသူ အခွင့်အရေးအပြည့်အဝရရှိရန်နှင့် စားသုံးသူ တစ်ဦးချင်းစီတိုင်းအတွက် ရေရှည်တည်တံ့ပြီး ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်နှင့် ဝန်ဆောင်မှုများကို ပိုမိုရွေးချယ်အသုံးပြုနိုင်ရန်အတွက် အစိုးရအနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

အများပြည်သူများအနေဖြင့် မြေအောက်ရေသုံးစွဲမှုချွေတာခြင်း၊ စွမ်းအင်သုံးစွဲမှု ချွေတာခြင်း၊ လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် တရားမဝင်တောမီးရှို့မှုကို ရှောင်ကြဉ်ခြင်း စသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျော့ပါးသက်သာစေသည့် အချက်များအား တိကျစွာ လိုက်နာစေရေးအတွက် လိုအပ်သည့် မူဝါဒနှင့် လမ်းညွှန်ချက်များ လိုက်နာရန်လိုအပ်ပါသည်။

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အဓိက မောင်းနှင်အားတစ်ခုဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကဲ့သို့သော ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ရှင်သန်ရပ်တည်ရန်အတွက် အခြေခံအဆောက်အအုံများနှင့် အထောက်အပံ့နည်းလမ်းများကို ဖော်ဆောင်ပေးခြင်းဖြင့် ပြည်ပ တင်သွင်းမှုများကို လျှော့ချနိုင်ရုံသာမက သယ်ယူပို့ဆောင်မှုစရိတ်များကို လျော့ပါးသက်သာစေပြီး ခရီးစဉ်အဆင့်ဆင့် သယ်ယူပို့ဆောင်မှုတွင် အသုံးပြုရသည့် ယာဉ်၊ ရထားစသည်တို့မှ ထွက်ပေါ်လာသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုကို လျော့နည်းသက်သာစေသည်။

စာမျက်နှာ - 20 သို့

# ဒီဂျစ်တယ်စီးပွားရေး မူဝါဒနှင့် ကိုက်ညီသည့် ဆန်စက်မှတ်ပုံတင်စနစ် စီမံဆောင်ရွက်ပေးမည်

ဒီဂျစ်တယ်စီးပွားရေးမူဝါဒနှင့် ကိုက်ညီသည့် ဆန်စက်မှတ်ပုံတင်စနစ် ပြုလုပ်နိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဖေဖော်ဝါရီ ၂၂ ရက်က မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပသည့် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားတွင် ပြော ဆိုခဲ့သည်။

"စက်မှုဝန်ကြီးဌာနအနေနဲ့ ဆန်စက်မှတ်ပုံတင်စနစ်ကို ပြန်လည်သုံးသပ်ပြီး နိုင်ငံတော်အစိုးရရဲ့ ဒစ်ဂျစ်တယ်စီးပွားရေးမူဝါဒတွေနဲ့ ကိုက်ညီတဲ့ အွန်လိုင်းမှတ်ပုံတင်ခြင်းစနစ်ဆောင်ရွက်နိုင်ဖို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နဲ့ ညှိနှိုင်းပြီး စီမံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

အသေးစား၊ အငယ်စား ဆန်စက်များအနေဖြင့် အသေးစား၊ အလတ်စား MSME မှတ်ပုံတင်ခြင်းကိုပါ ဆောင်ရွက်နိုင်ပြီး လတ်တလောတွင် MSME ချေးငွေများကိုလည်း လျှောက်ထားရယူနိုင်မည်ဖြစ်သည်။

မြန်မာ့ဆန်စက်လုပ်ငန်းတွင် ဆန်စက်အများစု ၉၀ ရာခိုင်နှုန်းသည် အသေးစားနှင့် အလတ်စား (MSME) များဖြစ်ပြီး မှတ်ပုံတင်ထားသော ဆန်စက်စုစုပေါင်း ၁၂၇၀ ခန့်ရှိကြောင်း သိရသည်။

ဆန်စက်လုပ်ငန်းများသည် နိုင်ငံတော်၏ ရိက္ခာဆန်ထုတ်လုပ်ခြင်း၊ ပြည်ပတင်ပို့ရန် ဆန်ကြိတ်ခွဲခြင်း အပါအဝင် စက်မှုကုန်ကြမ်း၊ မွေးမြူရေးကုန်ကြမ်းများကို ထုတ်လုပ်ပေးလျက်ရှိပြီး တောင်သူများ၏ စပါးများကို ဝယ်ယူပေးရာ ဈေးကွက်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့ဖိတ်ခေါ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယုံမှိုး

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၂၄-၂-၂၀၂၅)ရက်နေ့မှ (၂-၃-၂၀၂၅)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1227 |
| ငွေလဲနှုန်း | 3080 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,723,950 | 7.71 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ငွေလဲနှုန်း | 18,895,800 | 30.86 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 20 | 12,247,800 | 20.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 128,835,000 | 210.38 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,702,000 | 15.84 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | | - |
| ၁၁ | ကုန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 45 | 27,557,550 | 45.00 |
| ၁၂ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 70 | 42,867,300 | 70.00 |
| ၁၃ | ဘဏ်အတိုးနှုန်း | 1000 MTx CIF x ငွေလဲနှုန်း x 1.333% | 50,376,203 | 82.26 |
| | **အထွေထွေစရိတ်ပေါင်း** | | **297,189,203** | **485.29** |
| ၁၄ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **3,779,160,000** | **6,171.17** |
| | **စရိတ်စုစုပေါင်း** | | **4,076,349,203** | **6,656.46** |



# ရန်ကုန်-မော်လမြိုင် ခရီးစဉ် အီးဗွီတက္ကစီယာဉ်ဖြင့် စီးနင်းသူ ခရီးသည် များပြားလာ

လျှပ်စစ် အီးဗွီတက္ကစီ ယာဉ်များဖြင့် ရန်ကုန် - မော်လမြိုင် ခရီးစဉ်ကို ယခုလမှ စတင်ကာ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ရန်ကုန်-မော်လမြိုင် ခရီးစဉ်အား စင်းလုံးငှားဖြင့်သော် လည်းကောင်း၊ တစ်ဦးချင်းသော် လည်းကောင်း အီးဗွီတက္ကစီယာဉ်များဖြင့် ယခုလမှ စတင်ပြေးဆွဲပေးလျက်ရှိရာ စီးနင်းသူ ခရီးသည် များပြားလျက်ရှိကြောင်း သိရသည်။

ရန်ကုန်-မော်လမြိုင် ခရီးစဉ်အား တစ်ရက်လျှင် အီးဗွီ တက္ကစီ ၁၀ စီးခန့်ဖြင့် ပြေးဆွဲပေးနေပြီး လက်ရှိတွင် ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ ၅၀ ရာခိုင်နှုန်း လျှော့ဈေးဝန်ဆောင်မှု ခရီးသည်ကြိုပို့ဝန်ဆောင်မှုများပေးအပ်ခဲ့သည်။

ရန်ကုန် - မော်လမြိုင် အီးဗွီတက္ကစီ ဂိတ်သည် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် အထက်ကြည့်မြင်တိုင်လမ်း ဝင်ပေါက်တွင် လည်းကောင်း၊ မော်လမြိုင်မြို့တွင် အမှတ် (၄၁/က)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြိုင်သာယာတွင် လည်းကောင်း စီးနင်းနိုင်ကြောင်း သိရသည်။

အီးဗွီတက္ကစီ ဝန်ဆောင်မှုတွင် ခရီးစဉ်အစအဆုံးသက်တောင့်သက်သာ စီးနင်းလိုက်ပါနိုင်ခြင်း၊ ဆူညံမှု ကင်းဝေးကာ သက်သောင့်သက်သာ စီးနင်းနိုင်ခြင်း၊ အိမ်တိုင်ရာရောက်ကြိုပို့ပေးခြင်း အစရှိသော ဝန်ဆောင်မှုများ ပါဝင်ကြောင်း သိရသည်။

ယုံမှိုး

ပုဂ္ဂလိက - ၁၉ စာမျက်နှာမှအဆက်

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များက မိမိတို့ထုတ်လုပ်သည့် ကုန်စည်နှင့်စပ်လျဉ်း၍ တာဝန်ယူမှု တာဝန်ခံမှုရှိရန် လိုအပ်သည်။ ထုတ်လုပ်သည့် လုပ်ငန်းရှင်မှစ၍ လက်လီ လက်ကား ရောင်းချသူများ အထိပါ မိမိတို့ ထုတ်ကုန်များနှင့်စပ်လျဉ်း၍ ပြန်လည်ပြင်ဆင်ပေးခြင်း၊ ပစ္စည်းအသစ် အဟောင်း လဲလှယ်ပေးခြင်း၊ ကောင်းမွန်သည့် ထုတ်လုပ်မှု အလေ့အထနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးခြင်း စသည့် စီးပွားရေးကျင့်ဝတ်ကောင်းများကို ကျင့်သုံးရန် တိုက်တွန်းဆောင်ရွက်ရမည်ဖြစ်သည်။ ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်တွင် ပတ်ဝန်းကျင်ထိခိုက်မှု တတ်နိုင်သမျှ လျော့ပါးသက်သာအောင် ဆောင်ရွက်မှု ရှိ/မရှိ စောင့်ကြည့် ဆောင်ရွက်ရန်လိုအပ်သည်။

အစိုးရ-ပုဂ္ဂလိက အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်အဖြစ် မလေးရှားနိုင်ငံတွင် အစိုးရနှင့် Tenaga Nasional Berhad (TNB) အဖွဲ့အစည်းတို့ ပူးပေါင်း၍ smart meters များ တပ်ဆင်၍ မီတာခကောက်ခံခြင်းကိုဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် မလေးရှားပြည်သူများအနေဖြင့် TNB ဝက်ဆိုက်ဒ်မှတစ်ဆင့် မိမိတို့ အမှန်တကယ် အသုံးပြုသည့် စွမ်းအင်ပမာဏကို သိရှိတိုင်းတာနိုင်ပြီး စွမ်းအင်ချွေတာမှုနှင့် စွမ်းအင်ထိန်းသိမ်းခြင်းကို လုပ်ဆောင်နိုင်ခဲ့ကြောင်း လေ့လာမှတ်သားရသည်။

ထိုကဲ့သို့ အစိုးရအနေဖြင့် ရေရှည်တည်တံ့သည့် စားသုံးမှုနှင့် ထုတ်လုပ်မှုကို စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ သိရှိလိုက်နာစေရေး လိုအပ်သည့်မူဝါဒနှင့် လမ်းညွှန်ချက်များ ချမှတ်ပေးခြင်းနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းမှုကို တွန်းအားပေး ဆောင်ရွက်ခြင်းဖြင့် စားသုံးသူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာပြီး ကောင်းမွန်သာယာသည့် စီးပွားရေးဝန်းကျင်ကောင်းကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

**စားသုံးသူ အသိပညာပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်း**

စားသုံးသူများ၏ လူမှုဘဝများ အစဉ်တိုးတက်မြင့်မားရေးအတွက် ရေရှည်တည်တံ့သည့် စားသုံးမှုနှင့်ထုတ်လုပ်မှုပုံစံများသည် အရေးပါသည့်အလျောက် စားသုံးသူများနှင့် စီးပွားရေး လုပ်ငန်းရှင်များအား အဆိုပါအလေ့အထများကို စနစ်တကျ လိုက်နာဆောင်ရွက်လာစေရေးအတွက် အစိုးရဌာန အဖွဲ့အစည်းအသီးသီးက ဥပဒေနှင့်အညီ မှန်ကန်မျှတစွာ ထိန်းကျောင်းဆောင်ရွက်သွားရန် လိုအပ်သည်။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ယခုနှစ် သတ်မှတ်ရွေးချယ်ထားသည့် **"လူနေမှုဘဝအစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့"** ဆောင် ပုဒ်နှင့်အညီ ရေရှည်တည်တံ့သော စားသုံးမှု အလေ့အထများကို စားသုံးသူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်အတွက် စားသုံးသူအသိပညာပေး လူထုလှုပ်ရှားမှုများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ စာသင်ကျောင်းများ၊ တက္ကသိုလ် ကောလိပ်များနှင့် စက်ရုံ၊ အလုပ်ရုံများတွင် ရေရှည်တည်တံ့သည့် စားသုံးမှုအလေ့အထများနှင့် စပ်လျဉ်း၍ အသိပညာပေး ဟောပြောခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းသက်သာစေသည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အသိပညာပေးလှုပ်ရှားမှု ဆောင်ရွက်မှုများအား လူထုဆက်သွယ်ရေး မီဒီယာများဖြစ်သည့် Face book, TikTok, Instagram နှင့် YouTube Channel တို့တွင် ထုတ်လွှင့်ပြသခြင်း၊ နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြခြင်းနှင့် နိုင်ငံပိုင်ရုပ်သံမီဒီယာနှင့် FM ရေဒီယိုများတွင် ထုတ်လွှင့်ခြင်း၊ ပြခန်းများ ခင်းကျင်းပြသခြင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ခေတ်ပုံ၊ ဆောင်းပါးနှင့် ကဗျာပြပွဲပြိုင်ပွဲများ ဖိတ်ခေါ်ကျင်းပခြင်း စသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေရှည်တည်တံ့သည့် စားသုံးမှုအလေ့အထများနှင့် စပ်လျဉ်း၍ စားသုံးသူအသိပညာပေးခြင်း လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းဖြင့် စားသုံးသူများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းသက်သာသည့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို ပိုမိုရွေးချယ် အသုံးပြုလာပြီး စားသုံးသူစွမ်းဆောင်ရည်နှင့် ဗဟုသုတတိုးတက်မြင့်မားလာမည်ဖြစ်သည်။ ထို့အပြင် ရေရှည်တည်တံ့သည့် ထုတ်လုပ်မှုအလေ့အထများကို စီးပွားရေးလုပ်ငန်းရှင်များ တက်ကြွစွာ လိုက်နာဆောင်ရွက်လာစေရန်အတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိသောစီးပွားရေး ဝန်းကျင်ကောင်း ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထိုသို့ စားသုံးသူများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် အစိုးရဌာန အဖွဲ့အစည်းအသီးသီး ကဏ္ဍစုံမှပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စားသုံးသူ ကာကွယ် ရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် စားသုံးသူအခွင့်အရေး ရှစ်ချက်အနက် နောက်ဆုံးအချက်ဖြစ်သည့် **"ပစ္စုပ္ပန်နှင့် အနာဂတ် မျိုးဆက်များအတွက် ကောင်းမွန်သာယာသည့် လူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင်တွင် နေထိုင်ခွင့်ရရှိခြင်း"** ဟူသော အချက်ကို ဖော်ဆောင်ရာ ရောက်မည်ဖြစ်ပါကြောင်း ယခုနှစ် မတ် ၁၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ ဆောင်ပုဒ်ဖြစ်သည့် **"လူနေမှုဘဝ အစဉ်တည်တံ့ဖို့ မျှတအသွင် ကူးပြောင်းစို့"** ဆောင်းပါးဖြင့် ဂုဏ်ပြုတင်ပြအပ်ပါသည်။

# " အသေးစား၊ အလတ်စား လုပ်ငန်းတွေအနေနဲ့ ကိုယ်ထုတ်တဲ့ ပစ္စည်းတွေကို လူများများသိအောင်လုပ်ဖို့ လိုအပ်ပါတယ် "

## အချေမိုး စားသောက်ကုန်လုပ်ငန်းပိုင်ရှင် ဒေါ်အေးအေးမိုးနှင့် တွေ့ဆုံမေးမြန်းခြင်း

**ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းသည် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ပြီး ပုဂ္ဂလိက စီးပွားရေးကဏ္ဍတွင်လည်း အသေးစား၊ အလတ်စား လုပ်ငန်းများ အများဆုံး ပါဝင်လျက်ရှိသည်။ သို့ဖြစ်ရာ အသေးစား၊ အလတ်စားလုပ်ငန်းများ လတ်တလော ရင်ဆိုင်ကြုံတွေ့ နေရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ ပြည်တွင်းဈေးကွက်ထဲတွင် ရခိုင်မုန့်တီခြောက်၊ ကင်ပွန်းချဥ်ရွက်ခြောက်၊ ငါးပိရည်ချို၊ အာပြဲ အချိုအကြွပ်နှင့် ငါးနီတူမှုန့်များအပြင် စားသောက်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် အချေမိုး အသင့်စားမြန်မာ့ စားသောက်ကုန်လုပ်ငန်းပိုင်ရှင် ဒေါ် အေးအေးမိုးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**စားသောက်ကုန်လုပ်ငန်းကို MSMEလုပ်ငန်းအနေနဲ့ စတင်ဖြစ်ပုံလေး ပြောပြပေးပါဦး။**

ကျွန်မတို့က အရင် ငါးလုပ်ငန်းကို စတင်ပြီးတော့ လုပ်ကိုင်ဖြစ်တာပါ။ ငါးလုပ်ငန်း လုပ်ကိုင်တယ်ဆိုပေမယ့် ထိန်းသိမ်းတဲ့နည်းကို သိပ်ပြီးတော့မတတ်ဘူး။ မတတ်တော့ ကိုယ်လိုချင်တဲ့ဈေးကို မရကြဘဲနဲ့ အရှုံးတွေပေါ်ကြတယ်။ အဲဒါကြောင့် ကျွန်မက ဒီထုတ်ကုန်တွေကို ကြာရှည်ခံအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့နည်းလမ်းကို ရှာဖွေခဲ့ပါတယ်။ အရင်ဦးဆုံး ထုတ်ကုန်တွေနဲ့ပတ်သက်ပြီး အခြောက်ခံတဲ့သင်တန်းကို အရင်တက်ခဲ့ပါတယ်။ အဲလိုကနေပြီးတော့ ဒီအလုပ်ကို ဆက်လုပ်ဖြစ်တာပါ။ မူလထုတ်ကုန်လုပ်ငန်းကတော့ ၁၄ မျိုး ရှိပါတယ်။ အဓိကထုတ်ကုန်ကတော့ ရခိုင်မုန့်တီ၊ ငါးပိရည်ချို၊ အာပြဲအချိုအကြွပ်နဲ့ ငါးနီတူမှုန့်ပေါ့နော်။ ငါးနီတူမှုန့်က ပုစွန်ခြောက်အစားထိုး အသုံးပြုလို့ရတဲ့အရာပါ။ နောက် ငါးမုန့်၊ အချိုမှုန့်အစားထိုး ငါးဟင်းချက်အမှုန့်တွေကိုလည်း ထုတ်လုပ်ပါတယ်။ အခုထုတ်ကုန်သစ်ဖြစ်တဲ့ ငါးဆန်ပြုတ်ကိုလည်း ထုတ်လုပ်ဖို့ စီစဉ်လျက်ရှိပါတယ်။

**ထုတ်ကုန်တွေကို ပြည်တွင်းဈေးကွက်ထဲ ဘယ်လိုမျိုးပုံစံနဲ့ ထိုးဖောက်နေလဲဆိုတာ သိပါရစေ။**

အစားအသောက်တွေ ထုတ်လုပ်တဲ့နေရာမှာတော့ အရသာပိုင်းကောင်းမွန်အောင် အဓိကထားပါတယ်။ ကုန်ချောထုတ်လုပ်တာဆိုတော့ ကြာရှည်ခံအောင် အဆင့်မြင့်နည်းပညာနဲ့ ထုတ်တယ်။ ထုတ်ကုန်တွေအနေနဲ့ကတော့ အရသာလည်းကောင်းပြီး အာဟာရလည်းဖြစ်ရမယ်။ အစာလည်းဆေး ဆေးလည်းအစာဆိုသလိုမျိုးပေ့ါနော်။ ဒီအစားအသောက်ကို စားလိုက်ပြီးတော့ ပိုက်ဆံလည်း ကုန်သွားတယ်။ အာဟာရ မရတာမျိုးလည်း မဖြစ်အောင် ဓာတ်ခွဲခန်းမှာ အကြိမ်ကြိမ်အခါခါ စမ်းသပ်ရပါတယ်။ စမ်းသပ်ပြီးတော့မှ ပညာရှင်တွေရဲ့ အကြံဉာဏ်တွေ တောင်းယူပြီးတော့ ကိုယ်လိုချင်တဲ့ အဖြေရတော့မှ ထုတ်လုပ်တာပါ။ ဈေးကွက်က စားသောက်ကုန် တော်တော်များများကို လက်ခံတာကို တွေ့ရတယ်။ ဒါပေမယ့် အုပ်စုချင်းတော့ မတူကြဘူးပေ့ါ။ အုပ်စု တစ်က အမယ်သုံးမျိုးကြိုက်တယ်ဆိုရင် ဒီဘက်အုပ်စုက ကျန်တဲ့ စားသောက်ကုန်ပစ္စည်းတွေကို ကြိုက်တယ်။ အဲလိုနည်းနဲ့ သွားနေတာပါ။ ဈေးကွက်ကတော့ အခုအခြေအနေအရ ကိုယ်မှန်းထားသလောက်တော့ မရသေးဘူး။ ထုတ်ကုန်တွေကို စထုတ်ပြီးနောက်နှစ်မှာ ကိုဗစ်ဖြစ်တယ်။ အခုတော့ ပြန်ပြီး ဈေးကွက်ကို ထိုးဖောက်တာကတော့ နှစ်နှစ်ရှိပါပြီ။ ဆက်ပြီး ကြိုးစားလျက်ရှိပါတယ်။

**ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်ကိုရော ထိုးဖောက်ဖို့ အစီအစဉ်ရှိလား။**

ပြည်တွင်းအပြင် ပြည်ပဈေးကွက်ကိုလည်း ထိုးဖောက်ချင်ပါတယ်။ ကျွန်မ ဒီစားသောက်ကုန်ကို စပြီးလုပ်ကတည်းက အကျိုးအမြတ်ကို အများကြီးမျှော်မှန်းပြီးတော့ ထုတ်လုပ်တာမဟုတ်ပါဘူး။ ပြည်တွင်းမှာရှိတဲ့ လုပ်သားတွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ပေးနိုင်မယ်။ နောက်ပြီး တောင်ပေါ် ဒေသကသူတွေကအာဟာရ ဓာတ်ချို့တဲ့တယ်။ ဆိုတော့ အဲဒီတောင်ပေါ် ဒေသအထိ ဈေးကွက်ထိုးဖောက်ချင်လို့ ထုတ်ကုန်တွေကို ထုတ်လုပ်ဖြစ်တာပါ။ အဲဒါမှ ငါးကို အာဟာရပြည့်ပြည့်နဲ့ စားသုံးနိုင်မယ်။ တောင်ပေါ် ဒေသက လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိတော့ သယ်ယူပို့ဆောင်ရေးက ခက်ခဲတယ်လေ။ အဲဒါကြောင့် ထုပ်ပိုးမှု အလွယ်ဆုံးနဲ့ အာဟာရအဖြစ်ဆုံးနဲ့ သယ်ယူရာမှာ လွယ်ကူစေဖို့ ရည်ရွယ်ပြီးတော့ ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။




**MSME လုပ်ငန်းအနေနဲ့ ဖြတ်သန်းခဲ့တဲ့ကာလအတွင်း ကြုံတွေ့ရတဲ့ အခက်အခဲတွေရှိရင် ပြောပြပေးပါဦး။**

ကိုဗစ်ကာလတုန်းကတော့ တော်တော်လေး ခက်ခဲတယ်။ အဲဒီကာလမှာတော့ ထုတ်ကုန်တွေက အရမ်းကြီး ထုတ်လို့မရတော့ နည်းနည်းပဲထုတ်လို့ရတယ်။ စက်ရုံကိုလည်း သွားလို့မရဘူးလေ။ အဲဒါကြောင့် နည်းနည်းလေးထိန်းထားတဲ့သဘောနဲ့ ထုတ်ပြီးတော့ လိုအပ်ရင်လည်း ကိုယ့်အလုပ်သမားတွေကို ကိုယ်တိုင်ပဲ ငွေကြေးစိုက်ထုတ် ပေးတယ်။ နောက်ပိုင်းတော့မားကတ်တင်း ကောင်းကောင်းနဲ့ ကုန်ကြမ်းကနေ ကုန်ချောအထိ လုပ်ဆောင်လျက်ရှိပါတယ်။ လိုအပ်နေတဲ့ မားကတ်တင်းပိုင်းနဲ့ ပတ်သက်ပြီး ဆက်သွယ်ထားသလို ဈေးကွက်တိုးချဲ့ဖို့အတွက်လည်း ပြင်ဆင်ထားပါတယ်။ အဲဒါမှ များများထုတ်လုပ်နိုင်ပြီး အလုပ်သမားတွေ အလုပ်ကိုင် အခွင့်အလမ်းတွေရမယ်။ တောင်သူတွေအနေနဲ့လည်း ဝင်ငွေရရှိစေမှာ ဖြစ်ပါတယ်။ အခက်အခဲကတော့ လုပ်ငန်းတိုင်းလိုလိုမှာ ရှိပါတယ်။ ကျွန်မအနေနဲ့ကတော့ ငါးလုပ်ငန်းကို ရေချိုရော၊ ရေငန်ရော ငယ်ငယ်ကတည်းက လုပ်ခဲ့တဲ့သူဆိုတော့ ကုန်ကြမ်းအနေနဲ့ကတော့ အခက်အခဲ မရှိတော့ဘူး။ ပြောရမယ်ဆိုရင် ကုန်ကြမ်းအနေနဲ့မခက်ခဲပေမယ့် လုပ်သားအင်အားတော့ အခက်အခဲရှိပါတယ်။ နောက် အသေးစား၊ အလတ်စား MSME လုပ်ငန်းအများစုအနေနဲ့ ပြောရမယ်ဆိုရင် စက်ပစ္စည်းလည်း အခက်အခဲရှိတယ်။ ပါကင်ထုတ်တဲ့ အခက်အခဲရှိတယ်။ လုပ်ငန်းရှင်တွေက အဆင့်မြင့်မြင့်နဲ့ သန့်ရှင်းသပ်ရပ်တဲ့ ပုံစံမျိုး ထုတ်ချင်ပါတယ်။ ဒါလေးတွေ ဒီထက်ပိုမိုကောင်းမွန်လာမယ်ဆိုရင်တော့ ထုတ်လုပ်မှုတွေက ဒီထက် တိုးတက်လာစေမှာဖြစ်ပါတယ်။

**အသေးစား၊ အလတ်စား ကုန်စည်ပြပွဲတွေမှာကော ဝင်ရောက်ပြသတာမျိုး ရှိပါသလား။**

အသင်းအဖွဲ့တွေက ပြပွဲတွေမှာ ဝင်ရောက်ပြပေးပါဆိုလို့ ပြသခဲ့တာတွေလည်းရှိပါတယ်။ နိုင်ငံတကာပြပွဲတွေအထိ ဝင်ရောက်ပြသပါတယ်။ ပြခန်းတွေမှာလည်းဆိုရင်တော့ ထုတ်ကုန်တွေက ဒေသထွက်ကုန်ကြမ်းကိုပဲ အသုံးပြုထားတော့ တော်တော်

### တိဗ္ဗ

များများက ဒါကိုသဘောကျကြတယ်။ ဒါကိုပဲ ထုတ်လုပ်ပါဆိုပြီးတော့ အမြဲတမ်းအားပေးတယ်။ ဘာပဲဖြစ်ဖြစ် အသေးစား၊ အလတ်စား လုပ်ငန်းတွေအနေနဲ့ ကိုယ်ထုတ်တဲ့ ပစ္စည်းတွေကို လူများများသိအောင်လုပ်ဖို့ လိုအပ်ပါတယ်။ အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းပါဝင်ဖို့လိုပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ဘာတွေပြန်ရမလဲဆိုရင် ဈေးကွက်ထဲမှာ ဝင်ဆန့်လာနိုင်မှာဖြစ်သလို အဆင့်မြင့်မြင့်ထုတ်တဲ့ နည်းလမ်းတွေကိုလည်း သိလာစေမှာဖြစ်ပါတယ်။

**ထုတ်ကုန်တွေနဲ့ ပတ်သက်ပြီး သင်တန်းတွေ ပို့ချသွားမယ်လို့လည်း သိရပါတယ်။ ရှင်းပြပေးပါဦး။**

သင်တန်းကတော့ မနှစ်ကတည်းက စပြီးတော့ လုပ်ဖြစ်တာပေ့ါ။ ငါးဘယာကြော်၊ ငါးခေါက်ဆွဲပြုတ်၊ ငါးမှုန့်ထုတ်လုပ်တဲ့ သင်တန်း၊ ပါကင်ထုပ်တဲ့ သင်တန်းတွေကို သင်ကြားပို့ချပေးခဲ့ပါတယ်။ ဒီနှစ်မှာတော့ ကျွန်မကို လက်မှုပညာရပ်လေးတွေ သင်ကြားပေးဖို့ တောင်းဆိုတဲ့အတွက် ဆပ်ပြာထုတ်၊ ဖယောင်းတိုင်ထုတ် ပန်းထိုးနည်းပညာနဲ့ မှိုစိုက်ပျိုးနည်းတွေကို သင်ပေးမှာဖြစ်ပါတယ်။ ဒီသင်တန်းမှာ တတ်မြောက်ပြီးဆုံးလို့ရှိရင် လက်တွေ့ပြန်အသုံးချလို့ရပါတယ်။ နောက်ပြီး ဝင်ငွေရ လွယ်ကူပါတယ်။ သင်တန်းကိုတော့ လာမယ့် မတ်လမှာစတင်ပြီးတော့ သင်ကြားဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ လစဉ် လတိုင်း ဖွင့်လှစ်ပို့ချနိုင်အောင် ဆောင်ရွက်မယ်။ မနှစ်ကတော့ အခမဲ့သင်ကြားပို့ချပေးခဲ့သလိုပဲ ဒီနှစ်မှာလည်း ထောက်ပံ့ပေးမယ့်သူရှိရင် အခမဲ့ သင်ကြားပို့ချပေးသွားဖို့ ရည်ရွယ်ထားပါတယ်။

**ဖြည့်စွက်ပြောကြားချင်တာများ ရှိပါသလား။**

ထုတ်ကုန်အသစ်အနေနဲ့ ငါးမှုန့်ကြော်သစ်ကို မကြာခင် ထုတ်လုပ်သွားမှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ကတော့ အသေးစား အလတ်စားလုပ်ငန်းတွေကို တိုးတက်စေချင်တယ်။ အသေးစား၊ အလတ်စားလုပ်ငန်းတွေကိုလည်း ဘယ်နေရာကပဲဖြစ်ဖြစ် အထောက်အပံ့ အကူအညီကောင်းတွေ ရစေချင်တယ်။ အဲဒါမှ အသေးစား၊ အလတ်စား လုပ်ငန်းတွေရှေ့ဆက်ပြီးတော့ ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ်လို့ ပြောလိုပါတယ်။



# အသံတိတ်အန္တရာယ် ငရုတ်သီးဆိုးဆေးနှင့် မှိုဆိပ်အာဖလာတော့ဆင်

သဲစုနိုင် (CTQM)



ငရုတ်သီးသည် ဟင်းလျာတွင်မပါမဖြစ်သော အခြေခံပစ္စည်းတစ်ခုဖြစ်ပြီး အစားအစာများ တွင် အရသာပိုမိုကောင်းမွန်စေရန်နှင့် အမြင်အာရုံဆွဲဆောင်မှုရှိပြီးလှပစေရန် ဟင်းချို၊ ဟင်းရည်၊ အသုပ်စုံများနှင့် အခြားသောဟင်းလျာများတွင် အသုံးပြုလေ့ရှိကြသည်။ အစားအစာအမျိုးမျိုးတွင် အနံ့၊ အရသာ၊ အမွှေးအကြိုင် ပိုမိုကောင်းမွန်စေရန် အသုံးပြုနိုင်သည့်အတွက် အိမ်ရှင်မများ၏ မီးဖိုချောင်တွင် အမြဲဆောင်ထားလေ့ရှိသော မရှိမဖြစ် ဟင်းခတ်ပစ္စည်းတစ်ခုလည်းဖြစ်သည်။

ငရုတ်သီးကို အင်္ဂလိပ်အမည် Chili သို့မဟုတ် Hot pepper ဟု ခေါ်ကြသည်။ ရုက္ခဗေဒအမည်မှာ Capsicum annuum ဖြစ်ပြီး မျိုးရင်းမှာ Solanaceae ဖြစ်သည်။ ငရုတ်သီးအမျိုးအစားများ အနေဖြင့် ကုလားအော်၊ မိုးမျှော်၊ ရွှေအပ် စသဖြင့်အမျိုးအစားများစွာရှိပြီး ငရုတ်သီးစပ်သည်မှာ Capsaicin ဓာတ်ကြောင့်ဖြစ်သည်။မြန်မာတစ်နိုင်ငံလုံးတွင် ငရုတ်သီးထွက်ရှိသော်လည်း ဧရာဝတီတိုင်းဒေသကြီးနှင့် အဓိကအားဖြင့် အညာဒေသမှ အထွက်နှုန်းပိုများသည်။ ငရုတ်သီးတွင် ငရုတ်သီးစိမ်း၊ ငရုတ်သီးခြောက်ဟူ၍ရှိရာ ငရုတ်သီးစိမ်းတွင် ဗီတာမင်စီဓာတ်နှင့် ငရုတ်သီးခြောက်တွင်မူ ဗီတာမင်အေဓာတ်တို့ကြွယ်ဝစွာပါဝင်သည်။ ငရုတ်သီးစားခြင်းသည် ကျန်းမာရေးအတွက် အားသာချက်ရှိသလို ဘေးထွက်ဆိုးကျိုးများစွာကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

လူတိုင်းနီးပါးကြိုက်နှစ်သက်ကြသော ငရုတ်သီးကို စားသုံးရာတွင်သတိပြုရမည်မှာ ဆိုးဆေးပါသော ငရုတ်သီးမှုန့်နှင့်ငရုတ်သီးမှိုပင်ဖြစ်သည်။ ယနေ့ခေတ်တွင် ထုတ်လုပ်ရောင်းချသူများသည် အစားအသောက်များကို တာရှည်ခံရန်နှင့် အရောင်လှစေရန် ထပ်ဖြည့်ပစ္စည်းများ (Food additives) ထည့်လာကြသည်။ အစားအသောက်များတွင် အသုံးပြုသောဆိုးဆေး (Food dyes) တွင် အပင်၊ အသီးအပွင့်တို့မှ ထုတ်လုပ်ထားပြီး လူကို အန္တရာယ်ဖြစ်စေမှု နည်းပါးသည့် သဘာဝဆိုးဆေး (Natural dyes) နှင့် လူများဖန်တီး ပြုလုပ်ထားသော ဓာတုဆိုးဆေး (Artificial dyes) ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ ဖန်တီးထားသောဆိုးဆေးတွင် ခွင့်ပြုထားသော ဆိုးဆေး (Permitted dyes) နှင့် ခွင့်မပြုထားသောဆိုးဆေး (Non - permitted dyes) ဟူ၍ နှစ်မျိုးထပ်မံ၍ ခွဲခြားနိုင်သည်။

ခွင့်ပြုထားသောဆိုးဆေးများသည် အစားအသောက်များတွင် ပမာဏအကန့်အသတ်ဖြင့် တရားဝင်သုံးစွဲနိုင်သော်လည်း ယင်းထက်ပိုမိုသုံးစွဲပါက ကျန်းမာရေးကိုထိခိုက်မှုဖြစ်စေနိုင်သည်။ ခွင့်မပြုဆိုးဆေးများကိုမူ အစားအစာများတွင် အသုံးပြု၍မရပေ။ သို့သော် ထိုဆေးများသည် သဘာဝဆိုးဆေးနှင့် ခွင့်ပြုဆိုးဆေးများထက် ဈေးပိုသက်သာသည့်အပြင် အရောင်လည်းပိုတောက်ပြီး တာရှည်ခံစေသောကြောင့် စားသောက်ကုန်များတွင် ထည့်သုံးလေ့ရှိကြသည်။

အစား အသောက်များ၌ အများဆုံးအသုံးပြုနေကြသော ဆိုးဆေးများမှာ Rhodamine B, Auramine O, Sudan Dyes, Orange II တို့ဖြစ်သည်။ ထိုဆေးများသည် အထည်အလိပ်လုပ်ငန်းနှင့် အခြားစက်မှုလုပ်ငန်းများတွင် အသုံးပြုလေ့ရှိသည့် ဆိုးဆေးများဖြစ်သည်။ Sudan Dyes ကို ငရုတ်သီးမှုန့် များ၊ အရောင်တင်မှုန့်များတွင် အများဆုံးအသုံးပြုကြပြီး Orange II ကိုမူ ငရုတ်သီးမှုန့်၊ ငရုတ်သီးဆော့စ်များတွင် ထည့်သုံးလေ့ရှိကြသည်။ ခွင့်မပြုဆိုးဆေးများပါသည့် ငရုတ်သီးမှုန့်များကိုရေရှည်စားမိပါက ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်စေနိုင်ပြီး ဦးနှောက်နှင့်အာရုံကြော၊ အသက်ရှူလမ်းကြောင်း၊ ဆီးနှင့်ကျောက်ကပ်ဆိုင်ရာ စသည့်ရောဂါများကို ဖြစ်ပေါ်စေနိုင်ပြီး အချို့သော ခွင့်ပြုဆိုးဆေးများသည်လည်း ဆီးအိမ်ကင်ဆာ၊ အာရုံကြောကင်ဆာ၊ သိုင်းရွိုက်ကင်ဆာ စသည့်ကင်ဆာရောဂါများ ဖြစ်စေနိုင်ကြောင်း သိရသည်။ ငရုတ်သီး တွင်ဆိုးဆေးကဲ့သို့ ကျန်းမာရေးကိုဆိုးရွားစေသောအရာမှာ မှိုဆိပ် (Aflatoxin) ဖြစ်ပြီး ကင်ဆာရောဂါကိုဖြစ်စေသည့် မှိုတစ်မျိုးဖြစ်သည်။ ယင်းကို Aspergillus flavus & Aspergillus parasiticus ဟူသော မှိုမျိုးကွဲနှစ်မျိုးတွင် အဓိကတွေ့ရပြီး အာဖလာတော့ဆင် B1, B2, G1, G2 လေးမျိုးထဲတွင် တွေ့ရအများဆုံးနှင့် အပြင်းဆုံးမှာ B1 ဖြစ်သည်။ အာဖလာတော့ဆင်ကို ပြင်သစ်အခြေစိုက် IARC (International Agency for Research On Cancer) အဖွဲ့မှ အသည်းကင်ဆာ ဖြစ်စေနိုင်သော ထိပ်တန်းဓာတ်ပစ္စည်း (Group 1 Liver Carcinogen) ထဲတွင် ထည့်ထားသည်။

ဤမှိုအမျိုးအစားသည် အပူချိန်နှင့် စိုထိုင်းစွတ်စိုမှုများသောနေရာများနှင့် အပူပိုင်းဒေသများတွင်အများဆုံးပေါက်ဖွားကြသည်။ မြန်မာနိုင်ငံသည် ပူနွေးစွတ်စိုသောရာသီဥတုရှိသည့်အတွက် ငရုတ်သီးကို အခြောက်လှန်းစဉ်တွင် အစိုဓာတ်မကုန်ပါက မှိုတက်လေ့ရှိသည်။ အထူးသဖြင့် မိုးတွင်းအချိန်အခါမျိုးတွင် ပို၍သတိထားသင့်သည်။

မှိုဆိပ်ပါဝင်နေသော ငရုတ်သီးကို သတိမပြုမိဘဲ နည်းနည်းချင်းစီစားသုံးမိရာမှ အချိန်ကြာလာသည်နှင့်အမျှ အသည်းကင်ဆာအဖြစ်များသည်ဟု သိရသည်။ ငရုတ်သီးတွင် ပါဝင်သော မှိုဆိပ်ကြောင့် ဖြစ်ပေါ်စေတတ်သော ရောဂါများမှာ လတ်တလော အဆိပ်အတောက်ဖြစ်ခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ကိုယ်ခံအားစနစ် လျော့နည်းခြင်း၊ သန္ဓေသားကို ထိခိုက်စေခြင်း၊ မွေးရာပါကုသရန်ခက်ခဲသော ရောဂါများဖြစ်ပွားစေခြင်းနှင့် ကင်ဆာရောဂါဖြစ်ပွားခြင်း၊ အဆုတ်ပတ်လည်တွင် အရည်စုခြင်း၊ ဦးနှောက်တွင် အရည်အိတ်တည်ခြင်း၊ အသည်း၊ နှလုံးနှင့် ကျောက်ကပ်အား ဒုက္ခပေးခြင်း၊ အသက်သေဆုံးခြင်းတို့ကို ဖြစ်စေနိုင်သည်။

တောင်သူများအနေဖြင့် ငရုတ်သီးမှိုမတက်အောင် သိမ်းဆည်းထားသိုမှု၊ မခူးဆွတ်မီနှင့်ခူးဆွတ်အပြီးတွင် သိုလှောင်ထားမှုများကို သိထားရန်လိုအပ်သည်။ ရောင်းချသူများမှလည်း မှိုတက်နေသော ငရုတ်သီးများကို မရောင်းရန် စားသုံးသူများအနေဖြင့် ငရုတ်သီးခြောက်များကို ဝယ်ယူရာတွင် မှိုတက်နေမှု၊ အရောင်ပြောင်းနေမှု၊ စိုထိုင်းမှုတို့ကို သေချာစွာသတိပြုစစ်ဆေးပြီးမှ ဝယ်ယူသင့်ပါသည်။ အာဖလာတော့ဆင်သည် တော်သင့်ရုံအပူချိန်ကို ခံနိုင်ရည်ရှိပြီး အနည်းဆုံးအပူချိန် ၁၆၀ ဒီဂရီစင်တီဂရိတ်နှင့် အထက်ပေးမှ ပျက်စီးစေနိုင်သည်။

ငရုတ်သီး အရောင်သဘာဝ အတိုင်းလှပစေရန် အနီရောင် ငရုတ်သီးမှည့်ကို ရေနွေးအပူချိန် ၅၀ ဒီဂရီစင်တီဂရိတ်တွင် သုံးမိနစ်မှ ငါးမိနစ်ခန့်ရေပူစိမ်ပြီး သုံးရက်ခန့် နေလှန်းအခြောက်ခံလျှင် ငရုတ်သီးအရောင်လှ၍ ကြာရှည်ခံသော်လည်း မှိုဆိပ်အန္တရာယ်ကင်းဝေးစေရန်အတွက် လုံလောက်သော ခြောက်သွေ့မှုရရှိအောင် စနစ်တကျ ဆောင်ရွက်ရန်လို အပ်ကြောင်း သတိချပ်သင့်သည်။

ကျန်းမာရေးထိခိုက်မှုမရှိစေရန် သန့်ရှင်းလတ်ဆတ်ပြီး ဆိုးဆေးနှင့် မှိုဆိပ်ကင်းစင်သော ငရုတ်သီးခြောက်၊ ငရုတ်သီးမှုန့် တို့ကို ရွေးချယ်ဝယ်ယူ၍ စားသုံးနိုင်ကြရန်မှာ အရေးကြီးလှသည်။ အိမ်ရှင်မများအနေဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ အခါအားလျော်စွာ ထုတ်ပြန်လေ့ရှိသော စားသုံးရန်မသင့်သည့်ငရုတ်သီးမှုန့်အမှတ်တံဆိပ်များကို လေ့လာမှတ်သား၍ ရှောင်ရှားကြစေလိုပါသည်။ မိသားစုတစ်စု၏ အာဟာရပြည့်ဝမှုကို အဓိကတာဝန်ယူသည့် မီးဖိုချောင်တွင် ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေသော ငရုတ်သီးဆိုးဆေးနှင့်မှို ဆိပ်အန္တရာယ်ကိုသိရှိကာ ရှောင်ရှားနိုင်ခြင်းဖြင့် မှိုဆိပ်နှင့် ဓာတုဆေးကင်းစင်သောငရုတ်သီးများကို ရွေးချယ်ဝယ်ယူအသုံးပြုသင့်ကြောင်းကို ရေးသားလိုက်ရသည်။

**ကိုးကားချက်များ-**


၁။ https://wisarra.com
၂။ https://hellosayarwon.com
၃။ https://www.myawady.net.mm
၄။ https://www.snacksmandalay.com


# ကွမ်းခြံကုန်းမြို့နယ်၏ ပဲမုန့်

စားသုံးသူပြည်သူများ လူမှုဘဝတွင် နေ့စဉ်စားသောက်ဖွယ်ရာ မုန့်အမျိုးမျိုးတို့ကို စားသုံးလျက်ရှိရာ ပြည်ပမှ နည်းလမ်းပေါင်းစုံတို့ဖြင့် အစားအသောက်နှင့် မုန့်မျိုးစုံတို့မှာ ဝင်ရောက်လျက်ရှိနေပြီး မြန်မာနိုင်ငံ ဒေသအသီးသီးတို့တွင်လည်း ဒေသထွက်မုန့် အမျိုးအစားများစွာ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိသည်။ မြန်မာနိုင်ငံ ဒေသထွက် မုန့်အများစုမှာ ဒေသထွက် သဘာဝကုန်ကြမ်းများဖြင့် ပြုလုပ်ထားခြင်းကြောင့် စားသုံးသူများအတွက် သန့်ရှင်းလတ်ဆတ်ပြီး အာဟာရပြည့်ဝကာ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည်။ ပြည်တွင်းမုန့်ထုတ်လုပ်မှု လုပ်ငန်းအား ဒေသအသီးသီးတို့၌ တွင်တွင်ကျယ်ကျယ် ထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပသွင်းကုန် လျှော့ချနိုင်ရုံသာမက ဒေသတွင်း သဘာဝကုန်ကြမ်းပစ္စည်းများ ဈေးကွက်ရရှိလာနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးနိုင်သဖြင့် အလုပ်လက်မဲ့ ပြဿနာကိုလည်း ဖြေရှင်းပြီးသားဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် တစ်နိုင်တစ်ပိုင် ကုန်ထုတ်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ တီထွင်ဆန်းသစ်မှုနှင့် အရည်အသွေးမြင့်ထုတ်ကုန်များအား ဈေးကွက်အတွင်း ထိုးဖောက်နိုင်ရန် ဒေသတစ်ခု ထုတ်ကုန်တစ်ခုအနေဖြင့် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကွမ်းခြံကုန်းမြို့နယ်တွင် ဒေသတစ်ဝန်း၌ ပဲမုန့်လုပ်ငန်းများ တွင်ကျယ်လာသည်ကို တွေ့မြင်ရခြင်း ဖြစ်ပေသည်။ ထူးရှယ် ပဲမုန့်လုပ်ငန်းမှာ သဘာဝကုန်ကြမ်းပစ္စည်းများကို အဓိကအသုံးပြု ထုတ်လုပ်ထားခြင်းကြောင့် ဈေးကွက်ဝင်ပြီး လူကြိုက်များသည့် ထုတ်ကုန်တစ်ခုဖြစ်သည်။

သဘာဝပစ္စည်းဖြစ်သည့် ဂျုံ၊ ကုလားပဲခြမ်း၊ သကြား၊ စားဆီသန့်များကို အဓိကသုံးထားသည်ဖြစ်ခြင်းကြောင့် လူကြိုက်များ၍ လက်ဆောင်ပစ္စည်းအဖြစ်လည်းကောင်း၊ စားသုံးရန်အတွက် လည်းကောင်း၊ အလှူအတန်းများတွင် အသုံးပြုရန်အတွက်လည်းကောင်း ဝယ်ယူကြသည်။

ကွမ်းခြံကုန်းမြို့နယ်ရှိ ပဲမုန့်လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် လုပ်ငန်းလိုင်စင်လျှောက်ပြီး ရန်ကုန်မြို့ရှိအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်၍ တရားဝင် မှတ်ပုံတင်ထားခြင်းဖြစ်သည်။ မှတ်ပုံတင်လိုက်ခြင်းအားဖြင့် လုပ်ငန်းက တရားဝင်လုပ်ငန်း တစ်ခုအဖြစ် ရပ်တည်နိုင်ပြီး လုပ်ငန်းအတွက် လိုအပ်သည့် အကူအညီများလည်း များစွာရလာသည်။ ထို့ကြောင့် ပဲမုန့်ကို စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ကြောင်း အာမခံချက် ပေးနိုင်သည်။

ကွမ်းခြံကုန်းမြို့နယ်တွင် ကိုယ်တိုင်လုပ်ပြီး ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၊ ဖျာပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၊ တွံတေးမြို့နယ်၊ ဒလမြို့နယ်နှင့် လှိုင်သာယာမြို့နယ်များကိုပါ ဖြန့်ချိနိုင်ခဲ့သည်။ ဒလမြို့နယ်နှင့် လှိုင်သာယာမြို့နယ်များမှ ရန်ကုန်အပြန် လက်ဆောင်ဝယ်ယူကြခြင်းကြောင့် အခြားဒေသအတော်များများကပါ ကြိုက်နှစ်သက်ကြောင်း တွေ့ရသည်။

ပြည်တွင်းဖြစ် မုန့်များကိုများများထုတ်လုပ်နိုင်ပြီး ဈေးကွက်ထိုးဖောက်နိုင်ခြင်းဖြင့် ပြည်ပမှ နည်းလမ်းပေါင်းစုံနှင့် ဝင်လာသည့် စားသုံးသူပြည်သူများအတွက် စားသုံးရန်သင့်/မသင့် မသိသည့် မုန့်မျိုးစုံများသုံးစွဲမှု နည်းလာမည်ဖြစ်သည်။ ထို့ပြင် ပြည်ပက သွင်းကုန်များကို လျှော့ချနိုင်မည်ဖြစ်သည်။

ဘေးအန္တရာယ် ကင်းရှင်း၍ အာဟာရပြည့်ဝသည့် အစားအစာကို စားသုံးနိုင်ရန်နှင့် ပြည်ပသွင်းကုန် အစားထိုး ပြည်တွင်းဖြစ် ပဲမုန့်အမျိုးမျိုးတို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး တိုက်တွန်းလိုက်ရပါသည်။

[illegible]

# သတိပြုသင့်သည့် စားသောက်ကုန်များ၏ သက်တမ်းလွန်ရက်စွဲများ

(ယူ6ေါ်wpywrtနမ)

**အိအိထွေး (မန္တလေး)**

သက်တမ်း ကျော်လွန်သွားသော အစားအသောက်များမှာ ဘက်တီးရီးယား (Salmonella, E.coli, Listeria )၊ မှို၊ ရီးစ်များ ပေါက်ပွားလာပြီး လူတို့သတိမမူဘဲ စားသုံးမိပါက အစာအိမ် ရောင်ရမ်းခြင်း၊ အစာအဆိပ် သင့်ခြင်း၊ ဖျားခြင်း၊ ဝမ်းပျက်ဝမ်း လျှောခြင်း စသည့် ရောဂါများခံစားရစေနိုင်သည်။ ထို့အပြင် စည်သွတ် ဘူး များတွင် Botulism toxin များ ပါဝင်နိုင်သဖြင့် သက်တမ်းကုန်သော စည်သွတ်ဘူးများကို စားသုံးမိပါက သွေးတွင်းစီးဆင်းမှု ပြဿနာနှင့် အသက်ရှူလမ်းကြောင်း ပိတ်ဆို့ခြင်းစသည့် ဆိုးကျိုးများကိုပါ ဖြစ်ပွားစေနိုင်သည်။

အဆိုပါဆိုးကျိုးများရှိနိုင်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် စားသောက်ကုန်သက်တမ်းကို မဖြစ်မနေဖော်ပြရန် တာဝန်ရှိပေသည်။ မြန်မာနိုင်ငံရှိ အများစုသော လုပ်ငန်းရှင်များသည် စားသောက်ကုန် သက်တမ်းကို Manufacturing/Expired Date ဖြင့်လည်းကောင်း၊Use By date, Best Before ဖြင့်လည်းကောင်း ဖော်ပြထားသည်ကိုတွေ့ရသည်။ ပုပ်သိုးလွယ်သော အစားအစာများ (အသားအစို/နွားနို့)ကို use by date ဖြင့် ဖော်ပြကြပြီး ပေါင်မုန့်ကဲ့သို့သော အစားအစာများကို Best Before ဖြင့် ဖော်ပြလေ့ရှိကြသည်။ Best Before Date ဖြင့်ဖော်ပြထားသော စားသောက်ကုန်များသည် ဖော်ပြပါရက်စွဲထက် ကျော်လွန်ပြီးစားသုံးပါက အန္တရာယ်ကင်းနိုင်သော်လည်း အာဟာရ အပြည့်အဝ မရနိုင်ပေ။ မိမိထုတ်ကုန်အလိုက် သက်တမ်းကုန်ရက်စွဲကို တတ်သိနားလည်သည့် ပညာရှင်များနှင့်တိုင်ပင်ပြီး Use By Date ဖြင့်သော်လည်းကောင်း၊ Best Befor ဖြင့်သော် လည်းကောင်း၊ Expired Date ဖြင့်သော်လည်းကောင်း ဖော်ပြနိုင်သည်။ Expierd Date ဖြင့်ဖော်ပြထားသော စားသောက် ကုန်များသည် သတ်မှတ်ရက်မတိုင်မီတွင်သာ စားသုံးရန်နှင့် သတ်မှတ်ရက်စွဲတွင် စားသုံးရန်မသင့်သော အခြေအနေသို့ ရောက်ရှိနေပြီး ဖော်ပြပါရက်စွဲထက် ကျော်လွန်၍ သုံးစွဲပါက စားသောက်ကုန် အရည်အသွေး ပျက်စီးကာစားသုံးသူကို ဘေးအန္တရာယ်ဖြစ်စေနိုင်သည်။ Use By Date ဖြင့် ဖော်ပြခြင်းသည် ဖော်ပြပါရက်စွဲထိ စားသုံးနိုင်ပြီး Best Before Date ဖြင့်ဖော်ပြခြင်းသည် ဖော်ပြပါရက်စွဲအတွင်း သုံးစွဲပါက မူလအရည်အသွေးအတိုင်း အပြည့်အဝ ရရှိနိုင်ပြီး ကျော်လွန်သုံးစွဲပါက မူလအရည်အသွေးများ အပြည့်အဝ ရရှိနိုင်ခြင်း မရှိသော်လည်း စားသုံးသူကို ဘေးဥပဒ်မဖြစ်စေနိုင်ကြောင်း လေ့လာသိရှိရသည်။

စားသောက်ကုန်များ သက်တမ်းမလွန်ခင် ဖျက်ဆီးရခြင်းမှာ စားသောက်ကုန်အတွင်း မှိုပေါက်ပွားခြင်း၊ ဘက်တီးရီးယားများ ဝင်ရောက်ခြင်းတို့ကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင် အပူချိန်ကြောင့်လည်းကောင်း၊ စားသောက်ကုန် ထုတ်လုပ်သည့် နေရာတွင် ကြွက်၊ ယင်၊ ပိုးဟပ် စသော Pest များ ဝင်ရောက်ခြင်းကြောင့်လည်းကောင်း ဖြစ်စေနိုင်သည်။ ထို့ကြောင့် စားသောက်ကုန် လုပ်ငန်းများအနေဖြင့် Good Hygiene Practices စနစ်ကို ကျင့်သုံးဖို့လည်း အထူးလိုအပ်သည်။ ဟင်းသီးဟင်းရွက်နှင့်အသားငါးများသည် ၂၁ဒီဂရီဆဲလ်စီးယပ်တွင် နှစ်ရက်သက်တမ်း ရှိသော်လည်း မုန်လာဥနီကဲ့သို့သော ဥများ၊ အသီးအနှံများသည် ၂၁ ဒီဂရီဆယ်စီးယပ်တွင် တစ်ရက်မှ ခုနစ်ရက်ထိ သက်တမ်းရှိကြပြီး ငါးခြောက်များနှင့် ခြောက်သွေ့အောင် အခြောက်ခံထားသော အစေ့အဆံများသည် ရက် ၃၆၀ ထက်ကျော်သည်အထိ သက်တမ်းရှိကြသည်။ ရေခဲသေတ္တာအတွင်းထားသိုသော စားသောက်ကုန်များအနေဖြင့် အပူချိန်မှန်ကန်စွာ ထိန်းသိမ်းထားနိုင်ပါက စားသောက် ကုန်သဘာဝပေါ်မူတည်ပြီး သက်တမ်းကာလများ ကွဲပြားနိုင်ကြောင်း လေ့လာသိရှိရသည်။

စားသောက်ကုန်သက်တမ်းကို သတ်မှတ်ရန်အတွက် အရေးကြီးဆုံးအချက်မှာ ကုန်ကြမ်းရယူသည့် စိုက်ကွင်းမှသည် စားပွဲပေါ်ရောက်သည်အထိ Farm to Fork အဆင့်ဆင့် Supply Chain တစ်လျှောက်တွင် ဘေးကင်းရေးစည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်မှု ရှိ/မရှိ၊ စားသောက်ကုန် ထုတ်လုပ်မှု နည်းစဉ်များ မှန်ကန်မှုရှိ/မရှိ၊ ထည့်သွင်းအသုံးပြုသည့် ဖြည့်စွက်ပစ္စည်းများ မှန်ကန်တိကျမှုရှိ/မရှိနှင့် ကုန်စည်များ ထားသိုသိမ်းဆည်းမှု မှန်ကန်မှုရှိ/မရှိ စသည့် အချက်များကို စိစစ်နိုင်ရန် လိုအပ်သည်။ အဆိုပါ လုပ်ငန်းစဉ်အဆင့်တစ်ခုခုတွင် အမှားအယွင်း ဖြစ်ပေါ်ပါက စားသောက်ကုန်များ သက်တမ်းမကုန်ခင် ပျက်စီးစေနိုင်သည်။ ထို့ကြောင့် မိမိထုတ်ကုန်များ ပျက်စီးစေနိုင်သည့် အကြောင်းအရာများကို သိရှိအောင် လေ့လာထားရန် လိုအပ်သည်။

စားသောက်ကုန်သက်တမ်းကို သတ်မှတ်ရာတွင် မိမိတို့ ထုတ်လုပ်သည့် ထုပ်ပိုးပြီးသော ကုန်ချော၏ သက်တမ်းကိုဆိုလိုခြင်းဖြစ်သည့်အတွက် ထုပ်ပိုးပစ္စည်းမှန်ကန်စေရန် ရွေးချယ်နိုင်ရန်လည်း လိုအပ်သည်။ စားသောက်ကုန်သက်တမ်းကို တိုက်ရိုက်တိုင်းတာဖော်ပြသည့် စက်ပစ္စည်းကိရိယာများ မရှိပါ။ စားသောက်ကုန်သက်တမ်းကို အမျိုးအစားပေါ်မူတည်ပြီး ခြောက်လမှ တစ်နှစ်အထိ အများဆုံးသတ်မှတ်ပေးလေ့ရှိကြသည်။ ဓာတ်ခွဲခန်းများသို့ပေးပို့ပြီး ဓာတ်ခွဲခန်းမှ သတ်မှတ်ပေးသော parameters များအား သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ် စသဖြင့် စစ်ဆေးခြင်းဖြင့် မိမိထုတ်ကုန်၏ သက်တမ်းကို လေ့လာသတ်မှတ်နိုင်သည်။ ဓာတ်ခွဲခန်း ရလဒ်များအပြင် စားသောက်ကုန်၏ အမျိုးအစားပေါ်မူတည်ပြီး ပါဝင်ပစ္စည်းအချိုးအစား မှန်ကန်မှု၊ ထုတ်လုပ်မှုနည်းစဉ်မှန်ကန်မှု (တစ်သတ်မတ်တည်း)၊ သိုလှောင်ထိန်းသိမ်းမှုအနေအထား၊ (အချိန်၊အပူချိန်၊ စိုထိုင်းစ စသည်)၊ သယ်ယူပို့ဆောင်မှု၊ ပတ်ဝန်းကျင်အပူချိန်နှင့် လေထုစိုထိုင်းဆများ၊ ပိုးမွှားကျရောက်နိုင်မှုများ စသည့်အချက်များကိုလည်း ထည့်သွင်းစဉ်းစားသုံးသပ်ရန်လည်း လိုအပ်သည်။ စားသောက်ကုန်ကို အချိန်ကာလတစ်ခု သတ်မှတ်ပြီး စားသောက်ကုန်၏ သတ်မှတ်အရည်အသွေးပြောင်းလဲမှုကို ဓာတ်ခွဲစစ်ဆေးပြီးမှသာ စားသောက်ကုန်၏ သက်တမ်းကို သိရှိနိုင်မည်ဖြစ်သည်။

စားသောက်ကုန် သက်တမ်းကို ဓာတ်ခွဲစမ်းသပ်ရာတွင် အများအားဖြင့် အစားအစာထဲရှိ ဓာတုပစ္စည်းများ (pH, Acidity, Oxidation )ပြောင်းလဲခြင်းကို စစ်ဆေးခြင်း (Chemical Testing)၊ ပိုးမွှားများပေါက်ပွားခြင်း (Yeast,Bacteria, aW, moisteure, temperature, E.coli,etc.) ကို စစ်ဆေးခြင်း (Microbiological Testing)နှင့် အနံ့၊ အရသာ၊ ပုံသဏ္ဌာန် ပြောင်းလဲခြင်းကို စမ်းသပ်စစ်ဆေးခြင်း(Sensory Evaluation)တို့ ကို စစ်ဆေးလေ့ရှိသည်။ စားသောက်ကုန်၏ aW, pHနှင့် အပူချိန် ပေါ်မူတည်ပြီး စားသောက်ကုန်များ ပျက်စီးနိုင်သဖြင့် Molds, Yeasts and Bacteria များပေါက်ပွားနိုင်သည့် ပမာဏအောက်တွင် စားသောက်ကုန်များကို ထုတ်လုပ်ရသည်။ သက်တမ်းကုန်ဆုံးနေသော စားသောက်ကုန်များကို စားသုံးမိပါက ဝမ်းပျက်ဝမ်းလျှောခြင်း၊ အော့အန်ခြင်း၊ ယားယံခြင်း၊ နာမကျန်းဖြစ်ခြင်းအပြင် သေဆုံးနိုင်သည့် အခြေအနေများပါက ကြုံတွေ့ရနိုင်သဖြင့် စားသောက်ကုန်ထုတ်လုပ်သူများအနေဖြင့် မိမိစားသောက်ကုန်၏ သက်တမ်းကိုဖော်ပြရန် အထူးလိုအပ်သည်။ စားသောက် ကုန်သက်တမ်းများ ထည့်သွင်းဖော်ပြခြင်းဖြင့် ဥပဒေကို လိုက်နာရာရောက်သည့်အပြင် မိမိကုန်ပစ္စည်းအတွက် သတ်မှတ်ကာလအတွင်း ကောင်းမွန်သော အရည်အသွေးရရှိရန် အာမခံပေးပြီး စားသုံးသူအား ဘေးကင်းစေသည့်အတွက် မိမိ၏ဂုဏ်သတင်း ထိန်းသိမ်းရာလည်း ရောက်ပေသည်။ စားသုံးသူများမှလည်း မိမိတို့ ဝယ်ယူသည့် စားသောက်ကုန်၏ သက်တမ်းကို သေချာရွေးချယ်ပြီးမှ ဝယ်ယူ သုံးစွဲခြင်းဖြင့် ကျန်းမာပျော်ရွှင်သော လူမှုဘဝကို ရရှိစေရန် ရည်ရွယ်ရေးသား မျှဝေလိုက်ပါသည်။

---

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

**ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ် စုံစမ်းတိုင်ကြားနိုင်ပါသည်-**

**မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး**

**ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။**

**ဖုန်း - ၀၆၇(၃)၄၀၈၅၀၅**

**အီးမေးလ် - mmcc.office@commerce.gov.mm**

---

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါ်နခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# ပြည်ထောင်စုအဆင့် MSMEs ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်ထိ ကျင်းပခဲ့သည်။

## ရည်ရွယ်ချက်

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှုတိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာစေရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ထုတ်ကုန်ပစ္စည်းများသည် "ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေးပိုကောင်းရန်" ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု အစီအမံများ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန် အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ဈေးကွက် ချဲ့ထွင်နိုင်ရန်၊ MSME များနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက် ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုး ဆောင်ရွက်ပေးရန်ဖြစ်သည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် MSME လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်သန်လျက် စနစ်တကျ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပေရာ ပြခန်းပေါင်း ၉၆ ခန်း၊ ထုတ်ကုန်ပြိုင်ပွဲဝင် ပစ္စည်းအမယ် (အမည်) ပေါင်းများစွာ ပါဝင်ခင်းကျင်းပြသ ယှဉ်ပြိုင်ခဲ့ကြသည်။

ပြခန်းပေါင်း ၉၆ ခန်းတွင် ဝန်ကြီးဌာနပြခန်းများအနေဖြင့် စက်မှုဝန်ကြီးဌာန ပြခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြခန်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြခန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြခန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြခန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြခန်းဟူ၍ ရှစ်ခန်း ပါဝင်သည်။ တိုင်းဒေသကြီး/ပြည်နယ်တို့မှ MSME ထုတ်ကုန်ပြခန်း ၁၆ ခန်း ခင်းကျင်းပြသထားသည်။

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြခန်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေး ပိုမိုကောင်းမွန်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိပြီး အလျား ၅၀ ပေ x အနံ ၃၀ ပေရှိ ဝန်ကြီးဌာနကိုယ်စားပြုပြခန်းဆောင် တစ်ခုကို ပါဝင်ခင်းကျင်းပြသခဲ့သည်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ရှင်သန်အားကောင်းလာစေရန် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် အလွန် အရေးပါသဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ လုပ်ငန်းနယ်ပယ်အလိုက် ထွက်ရှိသည့် ထုတ်ကုန်များ၊ စီးပွားရေးအရ တွက်ခြေကိုက်မှုရှိသည့် ကုန်စည်များအား ပြည်တွင်းစားသုံးမှုဖူလုံစွာ ထုတ်လုပ်ခြင်းအပြင် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့ရန်၊ ပို့ကုန် အမယ်သစ်များ တင်ပို့နိုင်ရန်၊ ဈေးကွက်သစ် ရရှိရေးနှင့် ဈေးကွက်ချဲ့ထွင် တင်ပို့နိုင်ရေးအတွက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် အမှတ် (၅) ဝန်ကြီးဌာန ပြခန်းဆောင်ရှေ့ မျက်နှာစာတွင် နွားနှစ်ကောင် တပ်ဆပ်ထားသည့် လှည်းယာဉ်ပေါ်၌ ဆန်အိုးကြီး၊ ဖရဲသီး၊ သခွားမွှေး၊ နာနတ်သီး၊ သရက်သီး၊ အုန်းသီး၊ အုန်းလက်မှုထွက်ကုန်ပစ္စည်းများတင်ပြီး လှည်းယဉ်ခြေရင်းတွင် ဒူးရင်းသီး၊ ပြောင်းဖူး အစရှိသည့်

## Nilsoe (စီးပွား/ကူးသန်း)

သီးနှံနမူနာ ရုပ်လုံးရုပ်ကြွများဖြင့် အလှဆင်ပြသခဲ့သည်။

ကုန်သွယ်ရေးဦးစီးဌာန၏ ပါဝင်ပြသမှု ပြကွက်များအနေဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများ မှတ်ပုံတင်ခြင်း၊ eComReg System၊ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ Digital Economy Development Committee- DEDC ၏ နိုင်ငံတော်အဆင့် Digital Transformation ဆောင်ရွက်နိုင်ရန်အတွက် မြန်မာဒီဂျစ်တယ် စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ ကို ရေးဆွဲ၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် ထုတ်ပြန်ထားခဲ့ပြီး အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ချက်များ၊ စီးပွားရေးလုပ်ငန်များကြားတွင် ယှဉ်ပြိုင်ဆောင်ရွက်နိုင်မှုကို မြှင့်တင်နိုင်ရန် ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ယှဉ်ပြိုင်မှု ဥပဒေအကြောင်း၊ နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းများတွင် ပို့ကုန် ကုန်တင်ယာဉ်များ စနစ်တကျ သွားလာနိုင်ရေး၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပြုနိုင်ရေးတို့အတွက် ၂၀၂၃ ခုနှစ်တွင် စတင် ကျင့်သုံးဆောင်ရွက်ခဲ့သည့် နယ်စပ်ပို့ကုန်ယာဉ် ထွက်ခွာခွင့်လက်မှတ် Vehicle Monitoring System (VMS) အကြောင်း၊ ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းစဉ်တစ်ခုဖြစ်သော ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားမှုကို အပြည့်အဝ အွန်လိုင်းစနစ်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည့် Tradenet 2.0 စနစ်အကြောင်း၊ မြန်မာပို့ကုန်များအတွက် နိုင်ငံတကာတင်ပို့ရာတွင် အသုံးပြုလျက်ရှိသော အကောက်ခွန် သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပေးလျက်ရှိသည့် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် - Country of Origin ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဝန်ဆောင်မှုလုပ်ငန်းများကို Digital စနစ်ဖြင့် အပြည့်အဝ ဆောင်ရွက်နိုင်သည့်အတွက် ဂျပန်နိုင်ငံမှ ၂၀၂၄ခုနှစ်တွင် ချီးမြှင့်ခဲ့သည့် ASOCIO Digital Government Award ဆုတို့အား ပြသခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန၏ ပါဝင်ပြသမှု ပြကွက်များအနေဖြင့် စားသုံးသူ ကာကွယ်ရေးဥပဒေနှင့် ပတ်သက်သည့် အချက်များ၊ စားသုံးသူကာကွယ်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များ မြေပဲဆန်၊ နှမ်းနှင့် နေကြာတို့၏ ဆီပါဝင်မှုရာခိုင်နှုန်း၊ အစိုဓာတ်နှင့် ထွက်ရှိရာ ဒေသ၊ ဆီကျန် ရာခိုင်နှုန်း၊ အသားဓာတ်ပါဝင်မှုနှင့် အမျှင်ဓာတ်ပါဝင်မှု၊ မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှု လုပ်ငန်းလီမိတက် Myanmar Inspection & Testing Services Ltd. မှ ပြည်ပသို့တင်ပို့မည့် ဆန်များ၊ တင်သွင်းသည့် ဆီများ၏ အရည်အသွေးနှင့် အရေအတွက်ကို စစ်ဆေးပေးနေခြင်းတို့အား ကားချပ်များဖြင့်လည်း ပြသခဲ့သည်။ ဆီနှင့် ဆီထွက်သီးနှံ ဓာတ်ခွဲခန်းတွင် စားသုံးဆီ အရည်အသွေး စမ်းသပ်စစ်ဆေးမှုများအနက် ဆီ၏အရောင်နှင့် ဆီပျက်/မပျက်ကို တိုင်းတာ စစ်ဆေးပေးသည့် စက်ပစ္စည်းကိရိယာများ၊ ဓာတ်ခွဲခန်းသုံး ဖန်ထည်ပစ္စည်းများ၊ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု CTQMရှိ ဓာတ်ခွဲခန်းများရှိ စမ်းသပ်စစ်ဆေးမှု အမျိုးအစားအလိုက် စစ်ဆေးခနှုန်းထားများဖော်ပြထားသည့် Pamphle အများ၊ "ကျန်းမာရေးနှင့် ညီညွတ်သော ဆီကောင်းဆီသန့် ဝယ်ယူနည်းနှင့် စားသုံးဆီဆိုင်ရာ ဆောင်းပါးများ" စာအုပ်များနှင့် ဆီကြိတ်စက်ငယ်နှင့် စက်ရုံပုံစံငယ်များဖြင့် ပါဝင်ပြသခဲ့သည်။ Global Good Pure Group Co., Ltd. ၏ စံချိန်အမှတ်တံဆိပ်ဖြင့် မြေပဲဆီနှင့် နေကြာဆီ ကြိတ်ခွဲ ထုတ်လုပ် သည့် ဆီကြိတ်စက်ငယ်နှင့် စက်ရုံပုံစံငယ်ကိုလည်း ပြသထားပြီး မြေပဲဆီ စမ်းသပ်ထုတ်လုပ်နေမှုကိုလည်း သရုပ်ပြ ဆောင်ရွက်ခဲ့သည်။

မူပိုင်ခွင့်ဦးစီးဌာန၏ ပါဝင်ပြသမှု ပြကွက်များအနေဖြင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်၊ စာပေနှင့် အနုပညာမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့် တီထွင်မှုမူပိုင်ခွင့်စသည့် မူပိုင်ခွင့်ဥပဒေ စာအုပ် လေးအုပ် ပုံစံတူ ပြသထားခြင်း၊ အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာများ၊ မူပိုင်ခွင့် ဥပဒေလေးခုနှင့် ဒေသဆိုင်ရာ အညွှန်းတို့ အာဏာသက်ဝင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြထားခြင်း၊ ဒေသဆိုင်ရာ အညွှန်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်တို့နှင့်ပတ်သက်၍ ရှင်းလင်းချက်များ၊ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များ၊ အမှတ်တံဆိပ်အမျိုးအစားများအကြောင်း ရှင်းလင်းတင်ပြထားခြင်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ တီထွင်မှု မူပိုင်ခွင့်တို့နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ၊ လျှောက်ထားနိုင်သည့် မှတ်ပုံတင်စနစ်များကို ရှင်းလင်းတင်ပြထားခြင်းတို့အား ကားချပ်များဖြင့် လည်းကောင်း ပုံစံငယ်များဖြင့်လည်းကောင်း ပြသခဲ့သည်။ ဒေသဆိုင်ရာ အညွှန်းအဖြစ် အကာအကွယ်ရရှိနိုင်သော မြန်မာနိုင်ငံထွက် ထင်ပေါ်ကျော်ကြားသည့် ထုတ်ကုန်ပစ္စည်းများဖြစ်သည့် ရွှေဘိုပေါ်ဆန်းမွှေး ဆန်၊ ပုဂံ ယွန်းထည်၊ ရှာငံ ကော်ဖီ၊ ကျောက်ဆည်စိန်တလုံး သရက်၊ အရာတော် သနပ်ခါး၊ ပုသိမ်ထီး၊ မြန်မာ့သနပ်ခါး၊ စပျစ်ဝိုင်တို့အား နမူနာပြသခဲ့သည်။

မြန်မာနိုင်ငံတွင် ဖန်တီးထားသည့် မြန်မာ့လက်ရာဒီဇိုင်းများအား မူပိုင်ခွင့်ဥပဒေနှင့်အညီ အကာအကွယ်ရရှိစေရန်နှင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရုပ်ပွားတော်ဒီဇိုင်း၏ စက်မှုဒီဇိုင်း မှတ်ပုံတင် လက်မှတ်ထုတ်ပေးခဲ့မှု အခြေအနေအား ဓာတ်ပုံမှတ်တမ်းဖြင့် ပြသခဲ့သည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ပါဝင်ပြသမှု ပြကွက်များအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့လိုသည့် MSME များအတွက် GACC တွင် မှတ်ပုံတင်ခြင်း၊ MSMEs များအတွက် ကုန်သွယ်မှုသတင်းအချက်အလက် ဝန်ဆောင်မှုတစ်ခုဖြစ်သည့် Myantrade Website၊ MSMEs ထုတ်ကုန် များ ဈေးကွက် ချိတ်ဆက်နိုင်ရေးအတွက် Digital E-Commerce Platform များ၊ ပြည်တွင်းပြည်ပကုန်စည်ပြပွဲများအကြောင်း ရှင်းလင်းခြင်းနှင့် ပြည်ပပို့ကုန် ကော်ဖီပို့ကုန်များဖြစ်သည့် Because Coffee Zayn Coffee Pop Pop Coffee Genius Coffee (Pure)၊ ဟော်နန်း ကော်ဖီ၊ Favorite Coffee များကို ကော်ဖီကောင်တာအဖြစ် ပါဝင်ပြသခဲ့သည်။

ပြည်ပ ပို့ကုန်နမူနာပစ္စည်းများ၊ ဆန်မျိုးစုံ ပြကွက်၊ ပဲမျိုးစုံပြကွက်၊ ရော်ဘာပြကွက်၊ သီးနှံမျိုးစုံပြကွက်တို့ကို ခင်းကျင်းပြသထားသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့နှင့်ပူးပေါင်း၍ ပြခန်းဆောင်သို့ လာရောက်ကြည့်ရှုလေ့လာကြသော အများပြည်သူများကို ဆန်၊ ပဲ နှင့် ဆီများ မေတ္တာလက်ဆောင် ပေးဝေခဲ့သည်။

## လုပ်ငန်းစီးပွားချိတ်ဆက်မှု ပြခန်း(Business Matching Hall)

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရာတွင် လုပ်ငန်း/ စီးပွား ချိတ်ဆက်မှု ဆပ်ကော်မတီ ဥက္ကဋ္ဌအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက တာဝန်ယူဆောင်ရွက်ပြီး ဆက်စပ်ဦးစီးဌာနများဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုအဆင့် MSMEs ကုန်စည်ပြပွဲနှင့် ပြိုင်ပွဲ၏ လုပ်ငန်းစီးပွားချိတ်ဆက်မှု ပြခန်းတွင် ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးအဖွဲ့၊ ပြည်ပဈေးကွက်ချိတ်ဆက်ရေးအဖွဲ့၊ ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေးအဖွဲ့နှင့် ဆက်စပ်ဦးစီးဌာနများမှ တိုင်းဒေသကြီး/ ပြည်နယ်များမှ လာရောက်သည့် MSME လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ချိတ်ဆက်ကူညီ ဆောင်ရွက်ပေးခဲ့သည်။

ပြည်တွင်းဈေးကွက် ချိတ်ဆက်မှုအနေဖြင့် MSME လုပ်ငန်းများမှ ထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းရှိ လက်လီ/လက်ကားဆိုင် ABC Convenience Store, Makro ၊ City Mart၊ Gamone Pwint , Sein Gay Har , Gandamar Wholesale နှင့် Capital ဆိုင်တို့တွင် ရောင်းချနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မိမိတို့ထုတ်ကုန်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ ပြည်ပဈေးကွက် ထိုးဖောက်နိုင်စေရန်အတွက် MSME လုပ်ငန်းရှင်များ ဈေးကွက်ဝင်ရောက်ခွင့် ရရှိနိုင်ရေး ပြည်ပနိုင်ငံများသို့ စေလွှတ်ထားသည့် စီးပွားရေးသံမှူး ၁၆ ဦးတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့်အတွက် ပြည်ပဈေးကွက်၏ လိုအပ်ချက်များအား သိရှိစေခြင်း၊

စာမျက်နှာ - 25 သို့

# ပဲအမျိုးမျိုး တင်ပို့မှု တည်ငြိမ်စေရန် အိန္ဒိယနိုင်ငံနှင့် ရေရှည်ကုန်သွယ်ရေးမူဝါဒ ရရှိစေရေး ဘရာဇီးရှာဖွေနေ

IBRAFE (Brazilian Institute of Beans and Pulses) မှ ညွှန်ကြားရေးမှူး Najla Souza က ပဲမျိုးစုံ ကုန်သွယ်မှုတွင် တည်ငြိမ်မှုနှင့် တိုးတက်မှုရရှိစေရန် ဘရာဇီးနှင့် အိန္ဒိယနိုင်ငံတို့အကြား ရေရှည်ကုန်သွယ်မှု မူဝါဒများ လိုအပ်ကြောင်း CNBCTV နှင့် အင်တာဗျူး၌ အလေးပေး ပြောကြားခဲ့သည်။

ဘရာဇီးသည် ယမန်နှစ်က အိန္ဒိယနိုင်ငံသို့ မတ်ပဲ (Urad) မက်ထရစ်တန် ခုနစ်သောင်း တင်ပို့ခဲ့ပြီး မြန်မာနိုင်ငံပြီးလျှင် ဒုတိယအကြီးဆုံး တင်ပို့သူဖြစ်လာခဲ့သည်။ ပြည်ပသို့ ပဲအမျိုးမျိုး တန်ချိန် သုံးသိန်းတင်ပို့ခဲ့သည့်အနက် တန်ချိန် ၁၆၆၀၀၀ ကို အိန္ဒိယသို့ တင်ပို့ခဲ့သည်။ ထို့ပြင် နှမ်းအမျိုးမျိုးတန်ချိန် ၂၅၀၀၀၀ ထုတ်လုပ်ခဲ့သည့်အနက် တန်ချိန် တစ်သိန်းကို အိန္ဒိယသို့ တင်ပို့ခဲ့သည်။ ယမန်နှစ်အတွင်း အိန္ဒိယက ဩစတြေးလျ၊ ဘရာဇီးလ်၊ အာဂျင်တီးနား နိုင်ငံများမှ တင်သွင်းခဲ့သည်။ ဤသို့ ထပ်လောင်း၍ တင်ပို့မှုက ပြိုင်ဆိုင်မှု တိုးမြင့်လာပြီး ဈေးနှုန်းများ လျှော့ချခြင်းဖြင့် အိန္ဒိယကို အကျိုးပြုသည်။ သို့သော်လည်း ရေရှည်ကုန်သွယ်မှု အာမခံချက်မရှိဘဲ ထုတ်လုပ်မှုတိုးချဲ့ရန်ကိုမူ ဘဏ္ဍာရေးအန္တရာယ်ကြောင့် ဘရာဇီး လယ်သမားများက ချီတုံချတုံ ဖြစ်နေကြသည်ဟုဆိုသည်။

ဘရာဇီးသည် မြန်မာနိုင်ငံကို အစားထိုး၍ အဓိကတင်ပို့ရောင်းချသူဖြစ်လာရန် ကြိုးပမ်းခြင်းမဟုတ်ဘဲ အိန္ဒိယ၏ ကြီးထွားလာသော ပဲမျိုးစုံဝယ်လိုအားကို ဖြည့်ဆည်းရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း Souza ထည့်သွင်းပြောကြားခဲ့သည်။ ဆက်ဆံရေးပိုမိုခိုင်မာစေရန် IBRAFE သည် အိန္ဒိယ အိမ်ထောင်စုများအတွက် အလားအလာရှိသော ရွေးချယ်စရာများအဖြစ် ပဲနီပြားအကျား (Carioca bean) အပါအဝင် ဘရာဇီးလ်ပဲမျိုးစုံကို တက်ကြွစွာ မြှင့်တင်လျက်ရှိသည်။

ရေရှည်တည်တံ့မှုရှိစေရန် ၎င်း၏ စိုက်ပျိုးထုတ်လုပ်မှုကို ကွဲပြားစေရေး ဘရာဇီးက အာရုံစိုက်ထားသည်။ မြေဆီလွှာ ကျန်းမာရေးနှင့် ကုန်ထုတ်စွမ်းအားကို ထိန်းသိမ်းရန် ပဲပုပ်၊ ပြောင်းနှင့် ပဲမျိုးစုံတို့ကြားတွင် သီးနှံအလှည့်အပြောင်း စိုက်ပျိုးရေးအဖြစ် ဘရာဇီးလယ်သမားများက ဆောင်ရွက်နေကြသည်။ လက်ရှိအချိန်၌ IBRAFE နှင့် ဘရာဇီးလ်နိုင်ငံအခြေစိုက် အိန္ဒိယသံအမတ်ကြီးတို့က ရေရှည်မူဝါဒ တစ်သမတ်တည်းရှိစေရန် ဆွေးနွေးခဲ့သည်။

IBRAFE သည် ဘရာဇီး လယ်သမားများအတွက် တည်ငြိမ်သော သီးနှံအဖြစ် ပဲမျိုးစုံကိုမြှင့်တင်ရန် လုပ်ဆောင်နေသော်လည်း နိုင်ငံတကာ ဈေးကွက်များ အထူးသဖြင့် အိန္ဒိယတွင် တည်ငြိမ်မှုက အရေးကြီးကြောင်း၊ မသေချာမရေရာမှုများ ရှိသော်ငြားလည်း ဘရာဇီးလယ်သမားများသည် အမြတ်အစွန်းနှင့် ရေရှည်အခွင့်အလမ်းများကို မြင်သောကြောင့် မတ်ပဲနှင့် ပဲစင်းငုံအပါအဝင် ကောက်ပဲသီးနှံအသစ်များကို စမ်းသပ်ရန် လမ်းဖွင့်ထားဆဲဖြစ်ကြောင်း ၊ IBRAFE သည် အိန္ဒိယနိုင်ငံရှိ တိုးတက်ပြောင်းလဲနေသော ဈေးကွက်အရွေ့များနှင့် ၎င်းတို့၏ မဟာဗျူဟာများကို ချိန်ညှိရန် ဘရာဇီးရှိ လယ်သမားများ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် ကုန်သည်များနှင့် ဆက်လက်ထိတွေ့ ဆက်ဆံနေကြောင်း Souza က ထည့်သွင်းပြောကြားခဲ့ သည်။

အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှ အဓိကတင်ပို့နေသည့် မတ်ပဲနှင့် ပဲစင်းငုံများကို ဘရာဇီးနိုင်ငံမှ တိုးမြှင့်တင်ပို့ရန် ဆောင်ရွက်လာခြင်းကြောင့် အိန္ဒိယပဲဈေးကွက်တွင် ဈေးကွက်ပြိုင်ဘက်များ တိုးလာမည်ဖြစ်ကြောင်း သိရသည်။

**ရင်းမြစ်။ CNBC**

**ဒေါက်တာရွှေစင်ကို (ကုန်သွယ်ရေးဦးစီးဌာန)**

# အာရှတွင် ကော်ဖီဈေးကွက်ချဲ့ထွင်ရန် ကင်ညာနိုင်ငံ ကြိုးပမ်းနေ

ကင်ညာနိုင်ငံသည် ၎င်း၏ ဥရောပနှင့် မြောက်အမေရိကရှိ ကော်ဖီတင်ရောင်းချမှု ဈေးကွက်အား ကွဲပြားစေရန်နှင့် ပို့ကုန်ဈေးကွက်ချဲ့ထွင်ရန် ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအနေဖြင့် ဖေဖော်ဝါရီ ၂၀ ရက်ကကျင်းပသော The Africa Coffee Trade Fair 2025 တွင် အာရှဝယ်လက် ကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံခဲ့သည်။ တစ်ရက်တာကျင်းပသော အဆိုပါပွဲတွင် ကင်ညာနိုင်ငံမှ ထုတ်လုပ်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန် တရုတ်နှင့် တောင်ကိုရီးယားမှ ကော်ဖီတင်သွင်းသူ ၅၀ ကျော်ကိုခေါ်ယူခဲ့သည်။ ကင်ညာ အမျိုးသား စာရင်းအင်းဗျူရို၏ မကြာသေးမီက စာရင်းဇယားများအရ ကင်ညာနိုင်ငံ၏ ကော်ဖီတင်ပို့မှုကဏ္ဍသည် နိုင်ငံ၏စီးပွားရေးအတွက် အရေးပါသောအခန်း ကဏ္ဍမှပါဝင်နေပြီး ၂၀၂၃ ခုနှစ်အတွင်း ကင်ညာနိုင်ငံသည် ကော်ဖီတန်ချိန် ၄၈၆၄၈ တန် ထုတ်လုပ်ခဲ့ကာ တင်ပို့မှုမှ အမေရိကန် ၂၅၁ ဒသမ ၈၆ သန်းရရှိ ခဲ့ကြောင်း သိရသည်။ ကင်ညာနိုင်ငံသည် လက်ဖက်ပန်းမန်များနှင့်အတူ ကော်ဖီတင်ပို့မှုမှ နိုင်ငံခြားငွေ အဓိကရရှိနေခြင်းဖြစ်သည်။

အာရှဈေးကွက်များ သို့တိုးချဲ့ခြင်းသည် ကင်ညာ ကော်ဖီသမားများ၏ လက်ရှိ ကင်ညာကော်ဖီ ၇၀ ရာခိုင်နှုန်းကျော်ကို ဝယ်ယူနေသည့် မြောက်အမေရိကနှင့် ဥရောပတို့အပေါ် ၎င်းတို့၏ မှီခိုအားထားမှုကို လျှော့ချရန် ကူညီ ပေးလိမ့်မည်ဖြစ်ကြောင်း နိုင်ရိုဘီကော်ဖီအိတ်ချိန်း၏ အမှုဆောင်အရာရှိချုပ် Lisper Ndungu က မှတ်ချက်ပြုခဲ့သည်။ အာရှတွင် လူလတ်တန်းစားများ တိုးပွားလာမှုသည် လယ်သမားများအား ၎င်းတို့၏ကော်ဖီထုတ်လုပ်မှုကို တိုးမြှင့်ရန်နှင့် ၁၉၈၉ ခုနှစ်က တန်ချိန် ၁၃၀၀၀၀ ဖြင့် ထုတ်လုပ်မှု အထွတ်အထိပ်သို့ ရောက်ရှိခဲ့သော ကဏ္ဍကိုပြန်လည်အသက်ဝင်လာအောင် တွန်းအားပေးရန် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း Lisper Ndungu က ဆက်လက်ပြောကြားခဲ့သည်။

African Fine Coffee Association ၏ ဒုတိယဥက္ကဋ္ဌ Karuga Macharia uifnmonf e-commerce ပလက်ဖောင်းများနှင့် ဒေသတွင်း အထူးကော်ဖီပြပွဲများမှတစ်ဆင့် တိုက်ရိုက်ရောင်းချမှုကို မြှင့်တင်ခြင်းဖြင့် ကင်ညာသည် အာရှဈေးကွက်ကို ပိုမိုထိုးဖောက် ဝင်ရောက်နိုင်ရန် အကြံပြုခဲ့သည်။

**Source : Xinhua, DOCAYangon**

စာမျက်နှာ - 24 ဆောင်းပါးမှ အဆက်

MSME လုပ်ငန်းရှင်များ စီးပွားရေးအမြင် ကျယ်လာပြီး ပြည်ပဈေးကွက် ထိုးဖောက်နိုင်ရန် နည်းလမ်းများ ရရှိစေခဲ့ခြင်း၊ ဘဏ္ဍာငွေရရှိရေး ချိတ်ဆက်မှုအနေဖြင့် ပုဂ္ဂလိကဘဏ် KBZ Bank , UAB Bank , Shwe Bank , MCB Bank , A Bank , SME Development Bank , AYA Bank , MEB Bank တို့မှ ဘဏ်ချေးငွေရရှိရေး၊ ဘဏ်များ၏ ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များရရှိရေး တွေ့ဆုံရှင်းလင်း ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

### ဦးစီးဌာနအလိုက် ဝန်ဆောင်မှုများ

အစိုးရဌာနများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများတွင် One Stop Service တွင် မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် ကုန်အမှတ်တံဆိပ်၊ ဒီဇိုင်း၊ တီထွင်ဆန်းသစ်မှုဖော်မြူလာများကို မူပိုင်ခွင့် တင်နိုင်ရေး အသိပညာပေးခြင်းနှင့် မူပိုင်ခွင့်မှတ်ပုံတင် လျှောက်ထားမည်ဆိုပါက မှတ်ပုံတင်လက်မှတ် ရရှိရေး ဆောင်ရွက်ပေးခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ကုမ္ပဏီထူထောင်လိုသည့် MSME လုပ်ငန်းရှင်များ၏ ကုမ္ပဏီအသစ်များ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များ၊ စာရွက်စာတမ်းများ၊ လိုအပ်ချက်များကို ဆောင်ရွက်ပေးခဲ့သည်။

ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် လည်း ပို့ကုန်/သွင်းကုန်များ တင်ပို့/သွင်းနိုင်ရေး မှတ်ပုံတင်ခြင်း၊ ပို့ကုန်/သွင်းကုန်များနှင့်ပတ်သက်ပြီး online စနစ်ဖြစ်သည့် ကုန် သွယ်မှု ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်သည့်စနစ် TradeNet 2.0 မှ လျှောက်ထားရမည့် လုပ်ငန်းစဉ်များကို သိရှိနိုင်စေရန်နှင့် online sale များ မှတ်ပုံတင်နိုင်ရန် ဆောင်ရွက်ရမည့် နည်းလမ်းများ ကို အသိပညာပေးခဲ့သည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း စိုက်ပျိုးရေးထုတ်ကုန်များ Export လုပ်မည်ဆိုပါက ဆောင်ရွက်ရမည့်နည်းလမ်း၊ နိုင်ငံများ၏ ကန့်သတ်ချက်များ၊ ပိုးမွှားကင်းစင်ကြောင်း စစ်ဆေးချက် ထုတ်ယူရမည့် နေရာများ အစရှိသည်တို့ကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပို့ကုန်/သွင်းကုန်များနှင့် ပတ်သက်ပြီး အကောက်ခွန်နှင့်သက်ဆိုင်သည့် အခွန်နှုန်းထားများ၊ အခွန်သက်သာခွင့်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန - FDA အနေဖြင့် စားသောက်ကုန်မှတ်ပုံတင်ရရှိစေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

လုပ်ငန်း/စီးပွားချိတ်ဆက်မှုဆပ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲကျင်းပသည့် ၁၀-၂-၂၀၂၅ ရက်နေ့မှ ၁၆-၂-၂၀၂၅ ရက်နေ့အတွင်း ပြည်တွင်းဈေးကွက် ချိတ်ဆက်မှုတွင် MSME လုပ်ငန်းရှင် ၂၀၂ ဦး၊ ပြည်ပဈေးကွက်ချိတ်ဆက်မှုတွင် MSME လုပ်ငန်းရှင် ၆၄ ဦး၊ ရင်းနှီးမတည်ငွေ ချိတ်ဆက်မှုတွင် MSME လုပ်ငန်းရှင် ၇၂ ဦးနှင့် အစိုးရဌာနများနှင့် ချိတ်ဆက်မှုတွင် MSME လုပ်ငန်းရှင် ဦးရေ ၃၀၀ ရှိပြီး လုပ်ငန်း/စီးပွားချိတ်ဆက်နိုင်ရေး တွေ့ဆုံဆွေးနွေးမှု ၈၁၈ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

အထူးစီးပွားရေးဇုန်များဖြစ်သည့် သီလဝါအထူးစီးပွားရေးဇုန်ရှိ ကုမ္ပဏီ ၁၂ ခုမှ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင် ၂၃ ဦးနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ရင်းနှီးမြှုပ်နှံသူ China International Trust and Investment Corporation (CITIC) မှ တာဝန်ရှိသူ နှစ်ဦး၊ စုစုပေါင်း ကုမ္ပဏီ ၁၃ ခုမှ ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင် ၂၅ ဦးတို့ လာရောက် လေ့လာခဲ့ကြပြီး လုပ်ငန်း စီးပွားချိတ်ဆက်မှုပြခန်း (Business Matching Hall) တွင် လာရောက်လေ့လာကြသည့် MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ ၎င်းတို့ သိရှိလိုသည့် အချက်အလက်များနှင့်ပတ်သက်၍ မေးမြန်းမှုများအား ပြန်လည်ရှင်းလင်း ဖြေကြားပေးခြင်း၊ ဝယ်ယူရန် စိတ်ဝင်စားသူများအား အရောင်းကိုယ်စားလှယ်များနှင့် ဆက်သွယ်မှုရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်းနှင့် မီဒီယာများ၏ Interview များအား စိတ်ပါဝင်စားစွာ ရှင်းလင်းဖြေကြားခြင်းများ ဆောင်ရွက်ခဲ့သည်။

ပြည်တွင်း ဈေးကွက်ချိတ်ဆက်မှုတွင် MSME လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ထုတ်ကုန်များကို နိုင်ငံတစ်ဝန်းရှိ နာမည်ကြီး လက်လီ/လက်ကားအရောင်းဆိုင်ကြီးများတွင် ရောင်းချခွင့် ရရှိနိုင်ရေးအတွက် အဆုံးအဖြတ်ပေးနိုင်သည့် လက်လီ/လက်ကား ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံခွင့်၊ မိမိတို့ ထုတ်ကုန်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခွင့် စသည့် အခွင့်အလမ်းများ ရရှိခဲ့ခြင်း၊ သက်ဆိုင်ရာ ပြည်ပနိုင်ငံများသို့ ဈေးကွက်ဝင်ရောက်ခွင့်ရရှိနိုင်ရေး သတ်မှတ်ထားသည့် စံချိန်စံညွှန်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရည်အသွေး မြှင့်တင်နိုင်ရေး ဗဟုသုတများ၊ နိုင်ငံတကာ ဈေးကွက်သို့ ဝင်ရောက်နိုင်ခွင့် နည်းလမ်းများ၊ အသိပညာများကို လုပ်ငန်းရှင်များမှ သိရှိနားလည်စေခြင်း၊ ဘဏ်များမှ ချေးငွေရရှိရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အသေးစိတ် ဆွေးနွေးညှိနှိုင်းပေးခြင်းများ၊ လမ်းညွှန်မှုများပြုလုပ်ပေးခြင်းနှင့် လုပ်ငန်းလိုင်စင်၊ ပိုင်ဆိုင်မှုအထောက်အထား၊ အခွန်ပေးဆောင်ထားမှု၊ SME အောင်စီ၏ ထောက်ခံချက်များ ရယူ၍ Working Capital Loan, Fixed Capital Loan, SME Loan များကို မိတ်ဆက်ကြခြင်းကြောင့် အဆိုပါအချက်များ ပြည့်စုံသူများအနေဖြင့် ချေးငွေ မြန်ဆန်စွာရယူနိုင်သည့် အခွင့်အလမ်းများရရှိခြင်း၊ ပြပွဲတွင် ပါဝင်ပြသသည့် MSME လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းမှ ဆက်စပ်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်မှုများရရှိခဲ့ပြီး ဈေးကွက်သတင်းအချက်အလက်များ အပြန်အလှန်မျှဝေပေးနိုင်ခဲ့ခြင်းကြောင့် လုပ်ငန်းတိုးချဲ့နိုင်မည့် အခွင့်အလမ်းများနှင့် လုပ်ငန်းကွန်ရက်များ တူးဖော်နိုင်မည့် အကျိုး ကျေးဇူးများ ရရှိခဲ့ကြောင်း ရေးသားမျှဝေလိုက်ပါသည်။

■

# စားသုံးဆီအက်စစ်များနှင့် ကျန်းမာရေး

**အိအိချော (CTQM)**

စားသုံးဆီသည် မြန်မာတို့၏ နေ့စဉ်ကြော်လှော်ချက်ပြုတ်ရာတွင် မရှိမဖြစ် အခြေခံ စားသောက် ကုန်တစ်ခုဖြစ်သည်။ စားသုံးဆီဟုဆိုရာ၌ ရှေးအစဉ်အဆက် ဘိုးဘေးများလက် ထက်မှပင် စားသုံးလာကြသည့် ပြည်တွင်းဖြစ် မြေပဲဆီနှင့် နှမ်းဆီတို့အပြင် ခေတ်ကာလ လိုအပ် ချက်အရ ပြည်ပမှ တင်သွင်းလာသော စားအုန်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီစသည်တို့လည်း ပါဝင်နေသည်။

မြန်မာတို့၏ စားသုံးဆီ စားသုံးရခြင်းအပေါ် နှစ်သက်မြတ်နိုးမှုကို "ဆီရွှဲ ဖွဲတောင် ဟင်းဖြစ်" ဆိုသည့်စကားရပ်က သက်သေခံနိုင်သည်။ ထို့ပြင် ဟင်းချက်စားရာတွင် ဆီနည်းနေသည့်အခါ ဆီပြန်ဟင်းမဖြစ်ဘဲ ခြောက်ခြောက်ကပ်ကပ်ဖြစ်နေပါက "ဆီမပါ ပြားမပါ"ဟု ထုတ်ဖော်ပြောဆိုရလောက်အောင် စိတ်မကျေနပ်မှုကို ပြသတတ်ကြသည်။ ဤမျှလောက် စားသုံးဆီစားသုံးမှုကို နှစ်သက်ကြသော မြန်မာပြည်သူများအနေဖြင့် "မိမိတို့ ဝယ်ယူသုံးစွဲနေသော စားသုံးဆီအမျိုးမျိုးတို့၏ အရည်အသွေးပိုင်းဆိုင်ရာ အကြောင်းအရာများသည် မိမိတို့ကျန်းမာရေးနှင့် တိုက်ရိုက် ဆက်စပ်နေသည်"ဟူသော အချက်ကို နှလုံးသွင်းထားရမည်ဖြစ်သည်။

စားသုံးဆီတို့၏ အရည်အသွေးပိုင်းဆိုင်ရာ အကြောင်းအရာများကို လေ့လာကြည့်မည်ဆိုလျှင် စားသုံးဆီ တစ်မျိုးချင်းစီ၏ အဆီအက်စစ်များ ဖွဲ့စည်းပုံနှင့် ပါဝင်မှုအချိုးအစားတို့က အဓိကကျလှသည်။ စားသုံးဆီသည် ဓာတုဗေဒဖွဲ့စည်းပုံအရ အဆီအက်စစ် (Fatty Acid) နှင့် ဂလစ်စရော (Glycerol) တို့ ပေါင်းစပ်ပါဝင်နေသည်။ ယင်းအဆီအက်စစ်အပိုင်းတွင် မပြည့်ဝမှု တစ်ခုပါသော အဆီအက်စစ် (Mono Unsaturated Fatty Acid)၊ မပြည့်ဝမှုတစ်ခုထက်ပိုသော အဆီအက်စစ် (Poly Unsaturated Fatty Acid) နှင့် ပြည့်ဝအဆီအက်စစ် (Saturated Fatty Acid) များသည် အချိုးအစား အမျိုးမျိုးတို့ဖြင့် ပါဝင်ပေါင်းစပ်လျက် တည်ရှိကြသည်။ ၎င်းတို့၏ ပေါင်းစပ်မှုအချိုးပေါ် မူတည်၍ စားသုံးဆီများ၏ အရည်အသွေးနှင့် ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ ကွဲပြားနေရခြင်း ဖြစ်သည်။

မြန်မာ့စားသုံးဆီဈေးကွက်တွင် အရောင်းရဆုံးစားသုံးဆီ အမျိုးအစားသည် စားသုံးသူများ သုံးစွဲမှု အများဆုံးစားအုန်းဆီဖြစ်သည်ဟုဆိုလျှင် မှားသည်ဟု ငြင်းနိုင်မည် မဟုတ်ပါ။ စားအုန်းဆီပြီးလျှင် မြေပဲဆီသည် သုံးစွဲမှုအများဆုံးဆီဖြစ်သည်။

မြန်မာစားသုံးသူတို့ အများဆုံးစားသုံးကြသည့် စားအုန်းဆီသည် ဆီအုန်းသီး၏ အသားပိုင်းအား ကြိတ်ချေခြင်းမှ ရရှိလာသည့် ဆီကြမ်းအား နည်းပညာသုံး၍ အဆင့်ဆင့်ပြန်လည်သန့်စင်ပြီးမှ ရရှိလာခြင်းဖြစ်သည်။ ဆီကြမ်း(Crude Oil) အဆင့်တွင် အနီရောင်အဖြစ် ခပ်ပျစ်ပျစ်တည်ရှိပြီး သန့်စင်ပြီးသောဆီချော (RBD Palm Oil) အဆင့်တွင် အဝါရောင်အဖြစ် ပြောင်းလဲလာကာ အရည်နှင့် အနှစ်ပိုင်းတွဲဆက်လျက် (Semi-solid) တည်ရှိသည်။ ၎င်းကို အအေးခံ၍ အရစ်ကျခွဲထုတ်ခြင်း (Fractionation) ပြုလုပ်ပြီးမှသာ ဆီအရည်ပိုင်း (RBD Palm Olein) ကို ရရှိနိုင်သည်။

သန့်စင်ပြီးသောဆီချောများ (RBD Palm Oil) နှင့် အအေးခံခွဲထုတ်ပြီးသော ဆီအရည်ပိုင်း (RBD Palm Olein) တို့သည် ဆီကြမ်းအဆင့်တွင် ပါဝင်နေသည့် မကောင်းသော အချဉ်ဓာတ်၊ အခွဲဓာတ်၊ အနံ့နှင့် အရောင်တို့ကင်းစင်ပြီးဖြစ်သောကြောင့် စားသုံးဆီအဆင့်ဟု သတ်မှတ်နိုင်သည်။ ထို့ကြောင့် ၎င်းတို့၏ ဓာတုဖွဲ့စည်းပုံကို CODEX STANDARD စံချိန်စံညွှန်းတွင် လေ့လာမည်ဆိုပါက Palm OilwGifPalmitic ပြည့်ဝအဆီအက်စစ် (၃၉ ဒသမ ၃- ၄၇ ဒသမ ၅)၊ Stearic ပြည့်ဝအဆီအက်စစ် (၃ ဒသမ ၅-၆) နှင့် Oleic မပြည့်ဝအဆီအက်စစ် (၃၆-၄၄)ပါဝင်နေသည်။ ထိုနည်းတူ Palm Olein တွင် Palmitic ပြည့်ဝအဆီအက် စစ် (၃၈ -၄၃ဒသမ၅) Stearic ပြည့်ဝ အဆီအက်စစ် (၃. ၅-၅) နှင့် Oleic မပြည့်ဝအဆီ အက်စစ် ၃၉. ၈-၄၆ ပါဝင်နေကြောင်း တွေ့ရမည်ဖြစ်သည်။

စားသုံးဆီဈေးကွက်တွင် ဒုတိယရောင်းအားအကောင်းဆုံးဖြစ်သည့် မြေပဲဆီကို အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ (ဂဲ) သန့်စင်ပြီးသော အခွံချွတ်ပြီး မြေပဲဆန်ကို မိရိုးဖလာအတိုင်း ဆုံဖြင့်ကြိတ်၍ဖြစ်စေ၊ ခေတ်မီစက်ဖြင့် ကြိတ်၍ဖြစ်စေ ရရှိနိုင်သည်။ အပူချိန် ၅၀ ဒီဂရီစင်တီဂရိတ်အောက်ရှိသော ထုတ်လုပ်မှုဖြစ်စဉ်ကို အသုံးပြုထားသောကြောင့် အအေးကြိတ် သဘာဝဆီရိုင်း (Cold Pressed Virgin Oil) အဖြစ် တန်ဖိုးထား စားသုံးကြသည်။ ၎င်း၏ ဓာတုဖွဲ့စည်းပုံမှာ CODEX စံချိန်စံညွှန်းအရ Palmitic ပြည့်ဝ အဆီအက်စစ် (၈-၁၄)၊ Stearic ပြည့်ဝအဆီအက်စစ် (၁ - ၄. ၅)၊ Oleic မပြည့်ဝ အဆီအက်စစ် (၃၅-၆၉)၊ Linoleic မပြည့်ဝမှုတစ်ခုထက်ပိုသော အဆီအက်စစ် (၁၂-၄၃) တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

"အစာလည်းဆေး၊ ဆေးလည်းအစာ"ဟု အယူအဆဖြင့် စားသောက်တတ်ကြသည့် မြန်မာတို့၏ မိရိုးဖလာစားသုံးဆီတစ်မျိုးဖြစ်သော နှမ်းဆီကို နှမ်းစေ့လေးများအား ကြိတ်၍ ထုတ်ယူရရှိနိုင်သည်။ နှမ်းစေ့လေးများကို အခွံချွတ်၍ ကြိတ်သကဲ့သို့ အခွံပါအတိုင်းလည်း ကြိတ်ကြပါသည်။ နှမ်းဆီသည်လည်း အအေးကြိတ် သဘာဝဆီရိုင်းဖြစ်ပြီး ၎င်း၏ ဓာတုဖွဲ့စည်းပုံသည် CODEX စံချိန်စံညွှန်းအရ Palmitic ပြည့်ဝအဆီအက်စစ် (၇. ၉ -၁၂)၊ Stearic ပြည့်ဝအဆီအက်စစ် (၄. ၅ - ၆. ၇)၊ Oleic မပြည့်ဝ အဆီအက်စစ် (၃၄. ၄-၄၅. ၅)၊ Linoleic မပြည့်ဝမှုတစ်ခုထက်ပိုသော အဆီအက်စစ် (၃၆. ၉-၄၇. ၉) တို့ ပါဝင်နေသည်။

စားသုံးဆီတွင် ပါဝင်ဖွဲ့စည်းထားကြသော အဆီအက်စစ်များစွာရှိသည့်အနက် ရာခိုင်နှုန်းအများဆုံးဖြင့် ပါဝင်နေသော အဆီအက်စစ်အမျိုးအစားသည် ၎င်းစားသုံးဆီ၏ ဝိသေသလက္ခဏာ၊ ဂုဏ်အရည်အသွေးနှင့် ကျန်းမာရေးအတွက် အကျိုးသက်ရောက်မှုတို့ကို အဆုံးအဖြတ်ပေးရာတွင် များစွာသက်ရောက်မှုရှိစေသည်။ Palmitic အက်စစ်သည် ကာဗွန်အရေအတွက် ၁၆ လုံးပါသော ပြည့်ဝအဆီအက်စစ် အမျိုးအစားဖြစ်ပြီး နှလုံးရောဂါဖြစ်ပွားစေသော သွေးတွင်းကိုလက်စထရော မြင့်မားမှုနှင့် ဆက်စပ်နေသည်။ Oleic Acid သည် ကာဗွန် ၁၈ လုံးပါပြီး မပြည့်ဝမှုတစ်ခုရှိသော မိုနိုမပြည့်ဝအဆီအက်စစ် (Mono Unsaturated Fatty Acid) အမျိုးအစားဖြစ်သည်။ နှလုံးကျန်းမာရေးကို များစွာအထောက်အကူပြုသော အဆီအက်စစ်ဟုလည်း မှတ်သားဖူးသည်။ ထို့ပြင် မပြည့်ဝမှု တစ်ခုထက်ပို၍ ပါဝင်ပြီး ကာဗွန် ၁၈ လုံးရှိသော Linoleic Acid သည် Poly Unsaturated Fatty Acid ဖြစ်ကာ နှလုံးကျန်းမာရေးကို များစွာအထောက်အကူပြုပြီး သွေးအတွင်းရှိ မကောင်းသော ကိုလက်စထရောပါဝင်မှုကိုလည်း လျော့ကျစေနိုင်သည်။

ဤသို့ဆိုလျှင် စားသုံးသူမိဘပြည်သူများအနေဖြင့် မိမိတို့နှစ်သက်စွာ ဝယ်ယူစားသောက်နေသော ဆီအမျိုးအစားများ၏ ဂုဏ်အရည်အသွေးများကို နှိုင်းယှဉ်စဉ်းစားနိုင်မည်ဖြစ်သည်။ စားအုန်းဆီတွင် ပါဝင်သော ပြည့်ဝအဆီအက်စစ်များ၏ ပမာဏသည် မြေပဲဆီ၊ နှမ်းဆီတို့ထက် များစွာမြင့်တက်နေသည်ကို တွေ့ရှိနိုင်သကဲ့သို့ ကျန်းမာရေးအကျိုးပြု မပြည့်ဝအဆီ အက်စစ်အမျိုးအစားများသည် စားအုန်း ဆီတွင် ပါဝင်မှု ပိုနည်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် စားအုန်းဆီကို နှစ်ရှည်လများ ပမာဏအတိုင်းအတာ အချိန်အဆမရှိဘဲ စားသောက်နေကြသူများ အနေဖြင့် မိမိတို့၏ သွေးတွင်းကိုလက်စထရော အတိုင်းအတာနှင့် နှလုံးအခြေအနေတို့ကို စစ်ဆေးထားသင့်သည်။

ကျန်းမာရေးစစ်တမ်း ကောက်ယူချက်များအရ မြန်မာနိုင်ငံ၏ သေဆုံးမှုအများဆုံး ၁၀ မျိုးတွင် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် သေဆုံးမှုအများဆုံးဖြစ်ပြီး သုတေသနတွေ့ရှိချက်များအရ စားအုန်းဆီတွင်ပါဝင်သော ကိုလက်စထရော ပမာဏသည် အခြား ဟင်းသီးဟင်းရွက်ဆီများအောက် နည်းသော်လည်း ၎င်းတွင် ပြည့်ဝဆီ များစွာ ပါဝင်နေသောကြောင့် နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် သွေးတိုးရောဂါတို့ကို ပိုမိုဖြစ်နိုင်စေကြောင်း လေ့လာသိရှိရသည်။

ကမ္ဘာ့နိုင်ငံများ၏ စားအုန်းဆီရောင်းဝယ်မှုကို လေ့လာကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်အတွင်း အီသီယိုးပီးယားနိုင်ငံသည် စုစုပေါင်းစားသုံးဆီသုံးစွဲမှု ၆၃၀၀၀၀ MT ဝန်းကျင်ရှိခဲ့ပြီး ၎င်း၏ ၉၀ရာခိုင်နှုန်း မှာ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများမှ တင်သွင်းသော စားအုန်းဆီများဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ်အတွင်း စားသုံးဆီတင်သွင်းမှုအတွက် ဒေါ်လာသန်းပေါင်း ၅၅၀ သုံးစွဲခဲ့ရာ ယင်း၏ ၈၈ ရာခိုင်နှုန်းသည်လည်း မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများမှ စားအုန်းဆီများဖြစ်ကြောင်း၊ ပြည့်ဝဆီ စားသုံးခြင်း၏ အကျိုးသက်ရောက်မှုအနေဖြင့် ၎င်းနိုင်ငံအတွင်း နှလုံးရောဂါ (Cardiovascular Disease) ခံစားရသူ များပြားလာခဲ့ကြောင်း လေ့လာသိရှိရသည်။

စားအုန်းဆီသည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဟင်းချက်ဆီ (Cooking Oil) အုပ်စုတွင်ပါဝင်သော စားသုံးဆီဖြစ်သော်လည်း ကျန်းမာရေး အထောက်အကူပြုစားသုံးဆီ (Healthy Oil) အုပ်စု ဝင်အဖြစ် ရပ်တည်နိုင်ခြင်း မရှိခဲ့သည်မှာ ၎င်းတွင် ပမာဏများစွာပါဝင်နေသော ပြည့်ဝဆီကြောင့်ဖြစ်သည်။ ထို့ကြောင့် ၂၀၀၃ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့ (FAO) တို့ကလည်း ပြည့်ဝဆီ အလွန်အကျွံ စားသုံးခြင်းသည် နှလုံးရောဂါခံစားရန် ဖြစ်နိုင်ခြေများကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဆီကိုစား၍ အသားမဖြစ်သော်လည်း နေ့စဉ်လှုပ်ရှား သွားလာမှုများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သောစွမ်းအင်ကို ရရှိနိုင်ရန် စားသုံးဆီကို မစားမဖြစ် စားနေကြရမည်ဖြစ်သည်။ သို့သော်လည်း မိမိတို့၏ ကျန်းမာရေးကို ရှေးရှုပြီး ပြည့်ဝဆီများကို ရှောင်ရှားကြရမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း မပြည့်ဝဆီ အများအပြားပါဝင်ပြီး ကျန်းမာရေးကို အထောက်အကူပေးနိုင်သော ပြည်တွင်းဖြစ် မြေပဲဆီ၊ နှမ်းဆီတို့ကို ရွေးချယ်ဝယ်ယူကာ အနည်းဆုံးပမာဏ လျှော့ချပြီး စားသောက်နေထိုင် သွားသင့်ကြောင်း ရေးသား တင်ပြလိုက်ရပါသည်။


**ကျမ်းကိုးစာရင်း -**

**၁။ MWD Web Portal, Myawaddy.net.mm**

**၂။ https://www.jstage.jst.go.jp/Article/jos/70/12/70**


## ယခုနှစ်တွင် ဆန်တန်ချိန် ၇ ဒသမ ၅ သန်း တင်ပို့ရန် ဗီယက်နမ်နိုင်ငံ စီစဉ်

ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ဆန်တန်ချိန် ၇ ဒသမ ၅ သန်းကျော်တင်ပို့ရန် စီစဉ်ထားပြီး အများစုမှာ မဲခေါင်မြစ်ဝကျွန်းပေါ် ဒေသမှဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ အဆိုအရသိရသည်။

၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ဒေသတွင်း ဆန်တန်ချိန် ၂၄ သန်းခန့် ထွက်ရှိရန်လည်း မျှော်မှန်းထားကြသည်။ ပထမနှစ်ဝက်တွင် ပြည်ပသို့ ဆန်တန်ချိန် ၄ ဒသမ ၅၃ သန်းခန့် တင်ပို့မည်ဖြစ်ပြီး ကျန်တန်ချိန် သုံးသန်းအား ဒုတိယနှစ်ဝက်တွင် တင်ပို့မည်ဟု ဗီယက်နမ်သတင်းအေဂျင်စီက ဖေဖော်ဝါရီ ၁၇ ရက်တွင် ဖော်ပြခဲ့သည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသည် ဆန်စပါးအထွက်နှုန်း အထွတ်အထိပ်သို့ ရောက်ရှိရန် မျှော်မှန်းထားပြီး ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလများတွင် ဆန်တင်ပို့မှုမြင့်တင်ရန် ကုန်သွယ်ရေးဝန်ကြီးဌာနက အဆိုပြုထားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ဆန်ဟတ်တာ ခုနစ်သန်း စိုက်ပျိုးမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်ကထက် ၁၃၂၀၀၀ လျော့နည်းမည်ဟု ခန့်မှန်းထားကြသည်။ နိုင်ငံ၏ ဆန်အထွက်နှုန်းမှာ တန်ချိန် ၄၃ ဒသမ ၁ သန်းရှိကြောင်း သိရသည်။

**Source : Xinhua, ဟန်ကိုကျော် (DOCAYGN)**

# ငွေချေးစာချုပ် ဈေးကွက်နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (၂)

ထွန်းသက်ထွန်း


နိုင်ငံတစ်ခု၏ ငွေကြေးစနစ် တိုးတက်ဖွံ့ဖြိုးရန်အတွက် နိုင်ငံအစိုးရများ သည်နည်းလမ်း အမျိုးမျိုး ဖြင့်ဆောင်ရွက်ကြရာတွင် ငွေချေးစာချုပ်တိုးတက်ဖွံ့ဖြိုးရေးသည်အဓိကနေရာမှ ပါဝင်ပတ်သက်လျက်ရှိသည်။ အစိုးရသည် ၎င်းတို့၏ တစ်နှစ်တာရငွေနှင့် သုံးငွေများကိုနှိုင်းယှဉ်တွက်ချက်ကြပြီး လိုငွေများရှိသည့်အခါတိုင်း ယင်းလိုငွေကိုဖြည့်တင်းကြရသည်။ ယင်းသို့ဖြည့်တင်းကြရာတွင် ကာလရှည်ငွေချေးစာချုပ်များကို ထုတ်ဝေသည်ရှိသလို ကာလတို ငွေတိုက်ဘီလ်များလည်း ထုတ်ဝေဖြည့်တင်းကြသည်။ အဓိကအားဖြင့် ငွေတိုက်စာချုပ်များကို အများပြည်သူသို့ ထုတ်ဝေရောင်းချကာ ဖြည့်တင်းကြသည်။ ထိုသို့ရောင်းချကြရာတွင် အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများ၊ တစ်ဦးချင်း ရင်းနှီးမြှုပ်နှံသူများက ဝယ်ယူရင်းနှီးကြသည်။ ငွေချေးစာချုပ်များကို သက်တမ်း တစ်နှစ်နှင့်အထက် နှစ်နှစ်၊ သုံးနှစ်၊ ငါးနှစ်၊ ၁၀ နှစ်၊ အနှစ် ၃၀ စသည်ဖြင့် ထုတ်ဝေကြပြီး အတိုးနှုန်းမှာလည်း ကာလသက်တမ်းကိုလိုက်၍ အမျိုးမျိုးပေးလေ့ရှိသည်။ ငွေတိုက်စာချုပ်တစ်ခု၏တန်ဖိုးကိုလည်း ရင်းနှီးမြှုပ်နှံသူ အရွယ်အစား အမျိုးမျိုးမှ ဝယ်ယူနိုင်စေရန် အမျိုးအစားစုံလင်စွာ ထုတ်ဝေကြသည်။ ငွေချေးစာချုပ်၏ အတိုးများကိုလည်း တစ်နှစ်လျှင်နှစ်ကြိမ် ပေးလေ့ရှိကာနှစ်ကာလသက်တမ်းပြည့်ပါက ဝယ်ယူထားသည့် အရင်းငွေကို ပြန်အမ်းပေးသည်။

ငွေချေးစာချုပ်များသည် ထုတ်ဝေထားသောကာလ သက်တမ်းမစေ့မီ တစ်ဦးနှင့်တစ်ဦး လွတ်လပ်စွာ လွှဲပြောင်းရောင်းချနိုင်ကြပြီး အများအားဖြင့် စတော့ဈေးကွက်တွင်လည်းကောင်း၊ စတော့ ဈေးကွက်ပြင်ပ OTC ဈေးကွက်တွင် လည်းကောင်း ရောင်းချကြသည်။ ငွေချေးစာချုပ်များကို အစိုးရများအပြင် နိုင်ငံပိုင်စီးပွားရေးအဖွဲ့များ၊ မြူနီစီပါယ်များ၊ ကော်ပိုရေးရှင်းများ၊ ကုမ္ပဏီကြီးများကလည်း ၎င်းတို့လိုအပ်သည့် ကာလရှည်ဘဏ္ဍာငွေလိုအပ်ချက်အရလည်း ထုတ်ဝေကြသည်။

နိုင်ငံတော်အစိုးရမှ ထုတ်ဝေသည့် ငွေချေးစာချုပ်များသည် ငွေချေးစာချုပ်အတွက် ကျောထောက်နောက်ခံ အဖြစ်အာမခံပစ္စည်းများ ၊ ပိုင်ဆိုင်ပစ္စည်းများကို တင်ပြရန်မလိုဘဲ ထုတ်ဝေနိုင်သည်။ နိုင်ငံတော်မှ လွဲ၍အခြားသောအဖွဲ့အစည်းများမှာ ထုတ်ဝေသည့် ငွေချေးစာချုပ်များအတွက်မူ ထုတ်ဝေမည့်အဖွဲ့၏ ကျောထောက်နောက်ခံ တောင့်တင်းမှုကို ပြသသည့်အနေဖြင့်လည်းကောင်း၊ အချိန်စေ့လျှင် ပြန်အမ်းနိုင်ခြေ အပြည့်အဝရှိသည်ကို ပြသည့်အနေနှင့်လည်းကောင်း မိမိတို့ပိုင်ဆိုင်ထားသည့် ပစ္စည်းစာရင်းများကို တင်ပြကြရသည်။

အချို့သော သက်တမ်းကြာရှည်စွာအောင်မြင်မှုရရှိလာပြီး နာမည်ကောင်းရရှိထားသော ကုမ္ပဏီများသည်လည်း မိမိတို့၏ သိက္ခာသမာဓိကို အခြေခံကာ ထုတ်ဝေကြပြီး ငွေချေးစာချုပ် ထုတ်ဝေရာတွင် ကျောထောက်နောက်ခံ အပေါင်ပစ္စည်းများ မပါဝင်ဘဲ ထုတ်ဝေကြသည်။ ယင်းကို ဒီဘင်ချာ(Debenture)ဟု ခေါ်ဆိုသည်။

ငွေချေးစာချုပ်များကို ထုတ်ဝေရာတွင် ထုတ်ဝေသည့်အဖွဲ့အစည်းများ၏ ငွေကြေးခိုင်မာမှုမည်မျှ ရှိ၊ မရှိ၊ စီမံခန့်ခွဲမှုမည်မျှကောင်းမကောင်း၊ လုပ်ငန်း၏ ရှေ့အလားအလာများ၊ ဆုံးရှုံးနိုင်ခြေရှိမှုများကို အကဲဖြတ်ပေးသည့်အဖွဲ့ (Rating Agencies)များလည်း ပေါ်ပေါက်လာရသည်။ ယင်းအဖွဲ့တို့သည် ငွေချေးစာချုပ်ထုတ်ဝေမည့်အဖွဲ့များကို ကွင်းဆင်းစစ်ဆေးခြင်း၊ စာရင်းဇယားများကို စစ်ဆေးခြင်း၊ အုပ်ချုပ်စီမံခန့်ခွဲသူများ၏ အရည်အချင်း၊ ငွေကြေးသုံးစွဲမည့် ရည်ရွယ်ချက်၊ ဈေးကွက်၏ အနေအထား စသည်တို့ကို သုတေသနပြုလုပ် တွက်ချက်ကာ ဆုံးရှုံးနိုင်ခြေ အဆင့်အတန်း သတ်မှတ်ချက် Ratingများကို ထုတ်ပြန်ကြေညာပေးရသည်။ Rating များမှာ AAA AA ၊ A ၊ A+ ၊ BBB ၊ BB ၊ B ၊ B+ ၊ CCC ၊ CC ၊ C+ စသည်ဖြင့် သတ်မှတ်ပေးကြပြီး AAA မှာ ဆုံးရှုံးနိုင်ခြေ အနည်းဆုံးဖြစ်သည်။ CCC မှာ ဆုံးရှုံးနိုင်ခြေ အများဆုံးဖြစ်သည်။ အများအားဖြင့် နိုင်ငံတော်အစိုးရမှထုတ်ဝေသည့် ငွေချေးစာချုပ်များသည် AAA အဆင့်ရှိ ငွေချေးစာချုပ်များဖြစ်သည်။ ထို့ကြောင့် အစိုးရငွေချေးစာချုပ်များသည် အခြားသော ငွေတိုက်စာချုပ်များအတွက် နှိုင်းယှဉ်စရာ နမူနာပြစံနှုန်း benchmark အဖြစ် သတ်မှတ်ကြသည်။ ကမ္ဘာပေါ်တွင် ထင်ရှားသော အဆင့်အတန်း သတ်မှတ်သည့်အဖွဲ့များမှာ Standard and Poors , Moodys, Fitch စသည်တို့ဖြစ်ပါသည်။




### စွန့်စားမှုနှင့် ရလဒ်

ငွေချေးစာချုပ် ထုတ်ဝေသူများသည် မိမိတို့ကိုသတ်မှတ်ထားသော အဆင့်အတန်းကိုလိုက်၍ အတိုးနှုန်းနှင့်ကာလ သက်တမ်းအမျိုးမျိုးကို သတ်မှတ်ထုတ်ဝေကြသည်။ ဥပမာ - AAA အဆင့်ရှိ ငွေချေးစာချုပ်ကို ငွေချေးစာချုပ်ကို တစ်နှစ်အတိုးနှုန်း ၅ ရာခိုင်နှုန်းနှင့် ထုတ်ဝေချိန်တွင် BBB အဆင့်ရှိငွေချေးစာချုပ်ကို ၅ ရာခိုင်နှုန်းထက်မြင့်သည့် အတိုးနှုန်း ဥပမာ- (၇) ရာခိုင်နှုန်းနှင့် ထုတ်ဝေကြသည်။ ဆိုလိုသည်မှာ စွန့်စားမှုများများ ရယူပါက အတိုးများများရနိုင်ပြီး စွန့်စားမှုမရယူလိုသူများက အတိုးနည်းနည်းရသည့်သဘောဖြစ်သည်။ သို့သော် ဤသည်မှာ မိမိတို့ ဝယ်ယူသူများ၏ ဆုံးဖြတ်ချက်ဖြစ်သည်။

ငွေချေးစာချုပ် ဝယ်ယူရင်းနှီးမြှုပ်နှံသူ အမျိုးမျိုးရှိသည်။ တစ်ဦးချင်း ရင်းနှီးမြှုပ်နှံသူများရှိသလို အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူများဖြစ်သည့် ပင်စင်ရန်ပုံငွေအဖွဲ့များ၊ အာမခံရန်ပုံငွေအဖွဲ့များ၊ အကျိုးတူရန် ပုံငွေအဖွဲ့များ၊ ယုံကြည်အပ်နှံစီမံခန့်ခွဲသည့် အဖွဲ့များ၊ ဘာသာရေးအဖွဲ့များ၊ သက်သာချောင်ချိရေးအဖွဲ့များက ဝယ်ယူရင်းနှီးကြသည်။ ရင်းနှီးမြှုပ်နှံသူတို့သည် မိမိတို့ ၏ ဘဏ္ဍာရေး စီမံချက်အရစိတ်ကူးအမျိုးမျိုးဖြင့် ဝယ်ယူ စုဆောင်းကြသဖြင့် မိမိတို့ဝယ်ယူကြသည့် ငွေချေးစာချုပ်အမျိုးအစားများမှာလည်း တူညီမှုမရှိနိုင်ပါ။ အချို့သောအဖွဲ့များက ဆုံးရှုံးနိုင်ခြေများသည့် ငွေချေးစာချုပ်များကို အတိုးများများနှင့် ဝယ်ယူကြသလို အချို့ဆုံးရှုံးနိုင်ခြေကို မခံလိုသူများကလည်း စိတ်ချရပြီး အတိုးနည်းသည့်ငွေချေးစာချုပ်များကို ဝယ်ယူကြသည်။

### ငွေချေးစာချုပ်အတိုးနှုန်းနှင့် ဘဏ်တိုးနှုန်းတို့ ဆီးသောစနစ်

ငွေချေးစာချုပ်များတွင်ပေးသော အတိုးနှုန်းသည် နိုင်ငံတော်အစိုးရမှ သတ်မှတ်ပြဋ္ဌာန်းသော ဘဏ်တိုးနှုန်းနှင့်တိုက်ရိုက်ဆက်စပ်လျက်ရှိသည်။ အစိုးရအတိုးနှုန်းများ လျှော့ချလိုက်သောအချိန်တွင် ငွေချေးစာချုပ် များ၏အတိုးနှုန်းမှာ အမြင့်တွင်ရောက်နေပါက ယင်းငွေချေးစာချုပ်များကို ဈေးကွက်တွင် အပိုကြေး premium များ ပေးကာ ဝယ်ယူရောင်းချလေ့ရှိကြသည်။ ငွေချေးစာချုပ်များ ဈေးကောင်းသည့် အချိန်ဟု သတ်မှတ်ကြသည်။ အကယ်၍ အစိုးရမှ အတိုးနှုန်းများကို မြှင့်တင်လိုက်၍ ငွေတိုက်စာချုပ်များက အတိုးနှုန်းအောက် ရောက်သွားချိန်တွင် ယင်းငွေတိုက်စာချုပ်များကို ဈေးကွက်တွင်လျှော့နှုန်း discount ဖြင့် အရောင်းအဝယ်ပြုလုပ်ကြသည်။ ယင်းအချိန်သည်ငွေချေးစာချုပ်ကိုင်ဆောင်ထားသူများ မျက်နှာငယ်ချိန်ဖြစ်သည်။ ထို့ကြောင့် အချို့ငွေချေးစာချုပ်များတွင် အတိုးနှုန်းဒဏ်ကို ကာကွယ်ရန် ထုတ်ဝေထားသည့် ငွေချေးစာချုပ်များကို အချိန်မစေ့မီ ပြန်လည်ခေါ်ယူနိုင်သော အင်္ဂါရပ် Call features များ ထည့်သွင်းကာ ရောင်းချလေ့ရှိကြသည်။ဥပမာ- အတိုးနှုန်းများ ချလိုက်ချိန်တွင် မိမိတို့ ထုတ်ဝေထားသည့် ငွေချေးစာချုပ်များသည် အတိုးကြီးကြီးပေးနေရပါက တွက်ခြေမကိုက်သောကြောင့်မူလ ထုတ်ဝေစဉ်ကတည်းကအချိန် မတိုင်မီပြန်ခေါ် ခွင့်များ ထည့်သွင်းရေးဆွဲထားခြင်းဖြစ်သည်။ သို့သော် အချိန်မတန် မီပြန်ခေါ်ပါက အပိုကြေး ပေးကာ ခေါ်လေ့ရှိသည်။

### ငွေချေးစာချုပ်အမျိုးအစားများ

ကမ္ဘာပေါ်တွင် ငွေကြေးစနစ်များတိုးတက်ထွန်းကားလာသည်နှင့်အမျှ ငွေချေးစာချုပ်များကိုလည်း အမျိုးအစားစုံလင်စွာဖြင့် ထုတ်ဝေလာကြပါသည်။ ၎င်းတို့မှာ-

(က) Straight bond

(ခ) Debenture

(ဂ) zero coupon bond

(ဃ) bond with warrant

(င) convertible bond စသည်တို့ဖြစ်သည်။

Straight bond ဆိုသည်မှာ ငွေချေးစာချုပ်များကို ထုတ်ဝေစဉ်က အခြားသော မက်လုံးများမပါဝင်ဘဲ နှစ်စဉ် ပေးဝေသည့် အတိုးနှုန်းနှင့် သက်တမ်းကုန်လျှင် အရင်းငွေသာ ပြန်လည်ရနိုင်သည့်ငွေချေးစာချုပ်များ ဖြစ်သည်။ အခြားသောလဲလှယ်ခွင့်များ မပါဝင်ပါ။

Debenture ဆိုသည်မှာ ထုတ်ဝေသူသည့် ၎င်း၏သက်တမ်းရှည်ကြာကာနာမည်ကောင်းရမှု၊ စိတ်ချရမှုအပေါ် မူတည်ကာ အာမခံပစ္စည်းများ ကျောထောက်နောက်ခံမပါဝင်ဘဲ ထုတ်ဝေသည့် ငွေချေးစာချုပ်များဖြစ်သည်။ စိတ်ချရမှုအားကောင်းသောကြောင့် အတိုးပေးငွေ၊ အခြားငွေချေးစာချုပ်များထက် နည်းပါးပါသည်။

Zero coupon bond ဆိုသည်မှာ ထုတ်ဝေသူက အတိုးနှုန်းတစ်ခုသတ်မှတ်လိုက်ကာ အတိုးမပေးသော်လည်း စတင်ရောင်းချစဉ်ကတည်းက လျှော့နှုန်းနှင့်ရောင်းချပြီး အချိန်စေ့လျှင် ဝယ်ယူစဉ်ကထက် ငွေပိုမိုရရှိစေသည့် ငွေချေးစာချုပ်များဖြစ်သည်။

Bond with warrant ဆိုသည်မှာ ထုတ်ဝေသည့် ငွေချေးစာချုပ်တွင် warrant ဟုခေါ် ဆိုသော စာရွက်ကလေးတစ်ခုတွဲထားကာ ယင်းစာရွက်ကလေးသည် တစ်ချိန်တွင် ထုတ်ဝေသောကုမ္ပဏီ၏ သာမန်ရှယ်ယာများကို ဝယ်ယူပိုင်ခွင့်ဖြစ်သည်။ ဥပမာ- warrantငါးစောင်လျှင် ရှယ်ယာတစ်စောင်နှင့် လဲလှယ်ပိုင်ခွင့်ဖြစ်သည်။ ယင်း warrant များကို သီးခြားဖြုတ်ယူ၍ တန်ဖိုးတစ်ခုသတ်မှတ်ကာ စတော့ဈေးကွက်တွင်ရောင်းဝယ်နိုင်ကြပါသည်။

Convertible bond ဆိုသည်မှာ မူလက ငွေချေးစာချုပ်အဖြစ် ထုတ်ဝေသော်လည်း ကြိုတင်သတ်မှတ်ထားသည့် သက်တမ်းတစ်ခုရောက်သည်နှင့် ရှယ်ယာအဖြစ် ပြောင်းလဲသတ်မှတ်နိုင်သည့် ငွေချေးစာချုပ်များဖြစ်ပေသည်။

**Reference: Investment guide book**

# ဘုရင့်နောင် ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ပြည်တွင်း တစ်တန် ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်း တစ်တန်ဈေးနှုန်းများ နှိုင်းယှဉ်ရာတွင် ပဲစင်းငုံ တစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၆၅၇၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၀၁၀၀၀၀ သို့ ဈေးကျဆင်းသွားပြီး မတ်ပဲတစ်တန် ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၉၄၀၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၉၉၃၀၀၀ သို့ လည်းကောင်း၊ ပဲတီစိမ်း တစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၁၉၉၀၃၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၁၇၅၂၀၀ သို့လည်းကောင်း၊ ပဲလွန်းဖြူအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၂၉၆၅၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၄၄၉၆၀၀ သို့ လည်းကောင်း အသီးသီး ဈေးမြင့်တက်သွားသည်ကို တွေ့ ရှိရသည်။

လက်ရှိတွင် အိန္ဒိယအစိုးရ နိုင်ငံခြားကုန်သွယ်မှုအထွေထွေညွှန်ကြားမှု ဦးစီးဌာနက ပဲစင်းငုံကို လွတ်လပ်စွာတင်သွင်းခွင့် မူဝါဒကို ၂၀၂၆ခုနှစ်၊ မတ်လ ၃၁ ရက်အထိ သက်တမ်းတိုးလိုက်သည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံအတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် ပဲစင်းငုံအား စီးပွားဖြစ် ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။


**ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့၏ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်သည်။**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းကာလတူနှိုင်းယှဉ်ချက်

ရေတွက်ပုံ- တန်/ကျပ်

| စဉ် | လအမည် | မတ်ပဲ | ပဲစင်းငုံ | ပဲတီစိမ်း | ပဲလွန်းဖြူ |
|---|---|---|---|---|---|
| ၁ | ၂၀၂၄(ဖေဖော်ဝါရီလ) | ၂၉၄၀၀၀၀ | ၃၆၅၇၀၀၀ | ၁၉၉၀၃၀၀ | ၂၂၉၆၅၀၀ |
| ၂ | ၂၀၂၅(ဖေဖော်ဝါရီလ) | ၂၉၉၃၀၀၀ | ၃၀၁၀၀၀၀ | ၃၁၇၅၂၀၀ | ၂၄၄၉၆၀၀ |

စစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ် တို့၏ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။







MCPL
MYANMAR C.P. LIVESTOCK CO.,LTD.
မြန်မာစီပီလိုက်(ဖ်)စတော့(ခ်)ကုမ္ပဏီလီမိတက်
HI Pork
FIVE STAR
အသားစားကြက်မွေးမြူရေး
ဥစားကြက်မွေးမြူရေး
ဝက်မွေးမြူရေး


WELLE
VITTO-C
သင့်ရဲ့ စစ်မှန်သော
ရွေးချယ်မှု VITTO-C
Vitamin ORANGE
Vitamin APPLE
GLUTA COLLAGEN
Vitamin LEMON-LIME
200%


NK
NK MYANMAR CO.,LTD.
Construction and R.M.C
HEAD OFFICE
Ph : 09 430 30487, 09 443 443 576, 09 513 3837
CONCRETE PLANT (1)
Ph : 09 965 124 842, 09 261 616 483, 09 534 1476
CONCRETE PLANT (2)
Ph : 09 965 124 842, 09 685 455 073, 09 949 907 786, 09 683 906 944
Email : info@nkmyanmar.com Website : www.nkmyanmar.com

Prime
Prime Metal Co.,Ltd.
အရည်အသွေးနှင့်ယုံကြည်စိတ်ချရမှုအတွက်
အကောင်းဆုံးရွေးချယ်မှု
Welded H.Beam & Steel Pipe
H Beam
MS Steel Pipe
GI Pipe
GI Hollow Pipe
+95 9765442587
www.primemetalmm.com
Block No. (1/18-20), Yangon Industrial Zone-Extension No.(1),
Mingaladon Tsp, Yangon, Myanmar.

# SHWE WAH YAUNG Agriculture Production Co.,ltd.



Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street,
Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com

## မြန်မာကောင်းသုခ ကုမ္ပဏီလီမိတက်

သီးနှံစိုက်ပျိုးသော တောင်သူဦးကြီးများအတွက် အရည်အသွေးအာမခံ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊
ရွက်ဖျန်းမြေဩဇာနှင့် ဓါတ်မြေဩဇာများကို နိုင်ငံတကာမှ တင်သွင်းဖြန့်ဖြူးပါသည်။



**အရည်အသွေးပထမ မြန်မာကောင်းသုခ**

COMMERCE
INTERNATIONAL

# အမေရိကန်က တရုတ်ကုန်သင်္ဘောများ ကမ်းကပ်ခကို ဒေါ်လာ ၁ ဒသမ ၅ သန်း ကောက်ခံမည်

တရုတ်ကုန်သင်္ဘောများ ကမ်းကပ်ခွင့်ကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းအထိ တိုးမြှင့်ကောက်ခံရန် အမေရိကန်ပြည်ထောင်စုက ပြင်ဆင်နေကြောင်း The Straits Times သတင်းဌာန၏ ဖေဖော်ဝါရီ ၂၈ ရက် ရေးသားဖော်ပြချက်အရ သိရသည်။

တရုတ်နိုင်ငံက တည်ဆောက်သည့် ကုန်တင်သင်္ဘောများသည် အမေရိကန် ဆိပ်ကမ်းများသို့ ဝင်ရောက်ဆိုက်ကပ်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း ကောက်ခံရန် အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး (USTR)က အဆိုပြုထားခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြထားခြင်း ဖြစ်သည်။




အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး (USTR) အနေဖြင့် ထိုကဲ့သို့ပြုလုပ်ရန် စီစဉ်ရခြင်းမှာ ကမ္ဘာလုံးဆိုင်ရာ သင်္ဘောသွားလာမှု၊ ရေကြောင်းနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် တရုတ်နိုင်ငံ၏ ကြီးစိုးလွှမ်းမိုးနေမှုကို စုံစမ်းစစ်ဆေးရေးရန်အတွက်ဟု ဆိုသည်။

တရုတ်နိုင်ငံသည် စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာမှုနှင့်အတူ ကုန်သွယ်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့် သင်္ဘောတည်ဆောက်မှုလုပ်ငန်းများမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လျက်ရှိနေသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ သင်္ဘောတည်ဆောက်မှု အချိုးကို ကြည့်မည်ဆိုလျှင် ၁၉၉၉ ခုနှစ်က ၅ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးက မိမိတို့အဆိုပြုထားသည့် တရုတ်သင်္ဘောများ ကမ်းကပ်ခနှင့် အခြားသော သင်္ဘောသွားလာမှုကန့်သတ်ချက်များကို အသေးစိတ် တင်ပြထားသည်ဟု အမေရိကန် ဗဟိုမှတ်ပုံတင်ရုံး၏ ကြေညာချက်ကို ကိုးကားပြီး The Straits Times သတင်းဌာနက ရေးသားဖော်ပြ ထားခြင်းဖြစ်သည်။

USTR အနေဖြင့် ထိုကဲ့သို့ အခြေအနေများကို ယခုလ မတ် ၂၄ ရက်တွင် အများပြည်သူသိရှိနိုင်ရန် ကြားနာမှုတစ်ရပ် ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

လက်ရှိတွင် အမေရိကန်ပြည်ထောင်စုအနေဖြင့် ကျဆင်းနေသည့် သင်္ဘောလုပ်ငန်းကို ပြန်လည်တည်ဆောက်ရန်အတွက် ကြိုးပမ်းလျက်ရှိနေည်။ စုံစမ်းစစ်ဆေးမှု၏ ရလဒ်ကို ဒေါ်နယ်ထရမ့် သမ္မတအဖြစ် ကျမ်းသစ္စာမဆိုခင် ရက်ပိုင်းအလို ပြီးခဲ့သည့်လက ကြေညာခဲ့သည်။

အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး၏ ကမ်းကပ်ခ အဆိုပြုချက်တွင် တရုတ် ရေလမ်း သယ်ယူပို့ဆောင်ရေးကုမ္ပဏီများပိုင် သင်္ဘောများအတွက် အမေရိကန် ဆိပ်ကမ်းကပ်ခကို သင်္ဘောတစ်စင်းလျှင် အမေရိကန်ဒေါ်လာ တစ်သန်း သတ်မှတ်ရန်နှင့် သင်္ဘော၏ ကုန်တင်နိုင်စွမ်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ ကောက်ခံ သွားရန် ဆိုသည့်အချက် ပါဝင်သည်။

သို့သော် အခြားတစ်ဖက်တွင် တရုတ် ရေကြောင်းကုမ္ပဏီများမဟုတ်ဘဲ အခြားသော ကုမ္ပဏီများပိုင် တရုတ်ထုတ်သင်္ဘောများ ဆိပ်ကမ်းဝင်ရောက်ခွင့်ကိုမူ တစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း ကောက်ခံသွားမည်ဟု ဆိုသည်။

**Source; The Straits Times**




## ဗီဒီယိုအတိုများ တင်နိုင်မည့် App အသစ်တစ်ခုကို အင်စတာဂရမ် ထုတ်မည်

ကမ္ဘာတစ်ဝန်း အောင်မြင်မှု ရရှိနေသည့် TikTok ကဲ့သို့ ဗီဒီယိုအတိုများ တင်နိုင်မည့် App အသစ်တစ်ခုကို ထုတ်လုပ်ရန် အင်စတာဂရမ်က စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အမေရိကန်ပြည်ထောင်စု၌ TikTok၏ အနာဂတ်မှာ မရေမရာဖြစ်နေပြီး သမ္မတသစ် ဒေါ်နယ်ထရန့် တက်လာချိန် အမေရိကန်တွင် TikTok အသုံးပြုမှုကို ရပ်တန့်ရန် ကြိုးပမ်းခဲ့ပြီး လောလောဆယ်တွင် ယင်းကို ၇၅ ရက် ဆိုင်းငံ့အဖြစ် ပြုလုပ်ထားသည်။ ထိုကဲ့သို့ အခြေအနေမျိုးတွင် အင်စတာဂရမ်က TikTok ကဲ့သို့ ဗီဒီယိုအတိုများ တင်၍ရနိုင်မည့် သီးသန့် App တစ်ခုကို ဖန်တီးရန် စီစဉ်လာခဲ့ခြင်းဖြစ်သည်။

အင်စတာဂရမ်၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Adam Mosseri က TikTok ကဲ့သို့ App အသစ်တစ်ခု ထပ်ထုတ်ရန် မိမိ၏ ဝန်ထမ်းများကို အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။ သို့သော် အင်စတာဂရမ်၏ မိခင်ကုမ္ပဏီဖြစ်သည့် Meta ကမူ ယင်းကိစ္စနှင့် ပတ်သက်ပြီး အတည်ပြု ပြောဆိုထားခြင်း မရှိသေးကြောင်း သတင်းတွင် ဆက်လက်ဖော်ထားပြသည်။

ထိုကဲ့သို့ အခြေအနေမျိုးတွင် အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်ကမူ TikTok ကို အမေရိကန်နှင့် တရုတ်တို့အကြား ဖက်စပ်လုပ်ငန်းအဖြစ် လည်ပတ်ရန် အဆိုပြုထားသည်ဟုဆိုသည်။ တရုတ်နိုင်ငံမှ TikTok ၏ မိခင်ကုမ္ပဏီဖြစ်သည့် ByteDanceနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ပိုင်ဆိုင်မှုကို ၅၀ ရာခိုင်နှုန်းစီ ခွဲဝေရန် ကြိုးပမ်းမှုများ ရှိနေသော်လည်း လက်ရှိအချိန်အထိ တိကျသည့်အဖြေတစ်ခု ပေါ်ထွက်လာခြင်း မရှိသေးကြောင်း သိရသည်။

**Source; Reuters**

## နိုင်ငံတကာ အကူအညီပေးသည့် ဘတ်ဂျက်ကို ၉၂ ရာခိုင်နှုန်းအထိ အမေရိကန် လျှော့ချ

ထရန့်အစိုးရ တက်လာပြီးချိန်တွင် နိုင်ငံခြားဖွံ့ဖြိုးရေးနှင့် အကူအညီပေးသည့် အစီအစဉ်များမှ ဘဏ္ဍာငွေများကို ၉၂ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၅၄ ဘီလီယံ)အထိ လျှော့ချလိုက်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်ဟု ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။




ဒေါ်နယ်ထရန့်သည် အမေရိကန်သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည့် ဇန်နဝါရီ ၂၀ ရက်မှစပြီး အမေရိကန်၏ နိုင်ငံခြား အကူအညီများအားလုံးကို ရက် ၉၀ ကြာ ရပ်ဆိုင်းထားရန် အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အမေရိကန်ဦးစားပေးဆိုင်ရာ မူဝါဒနှင့် မကိုက်ညီသည့် အစီအစဉ်များတွင်လည်း သုံးစွဲငွေများကို လျှော့ချရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ သုံးစွဲငွေများကို လျှော့ချရန်အစီအစဉ်တွင် အမေရိကန် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ (USAID) မှ ချုပ်ဆိုထားသည့် နိုင်ငံခြားအကူအညီပေးရေး နှစ်ရှည် စာချုပ်များကို အဓိကထားခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ယင်းစာချုပ်အများစုကို လျှော့ချလိုက်ခြင်းဖြစ်သည်။

သမ္မတသစ် ဒေါ်နယ်ထရန့်သည် ဘဏ္ဍာငွေများကို ၉၂ ရာခိုင်နှုန်းတစ်နည်းအားဖြင့် အမေရိကန်ဒေါ်လာ ၅၄ ဘီလီယံ တန်ဖိုးရှိသည့် စာချုပ်ပေါင်း ၅၈၀၀ ခန့်ကို အမေရိကန် ဦးစားပေး မူဝါဒအရ ဖျက်သိမ်းရန် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောဆိုသည်ဟု သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

သို့သော် အချို့သော နိုင်ငံခြားအကူအညီများနှင့် ဆက်စပ်နေသည့် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၉ ဘီလီယံတန်ဖိုးရှိသည့် ထောက်ပံ့ငွေစာချုပ်ပေါင်း ၉၁၀၀ ကျော်ကိုမူ ပြန်လည်သုံးသပ်ခဲ့သည်ဟု သိရသည်။ ယင်းအထဲတွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ ထောက်ပံ့ငွေစာချုပ်ပေါင်း ၄၁၀၀ ကိုသာ ဖျက်သိမ်းရန် ဆုံးဖြတ်ချက် ချခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၂၈ ရာခိုင်နှုန်း လျှော့ချလိုက်ခြင်ဖြစ်သည်။

နိုင်ငံခြားဖွံ့ဖြိုးရေးနှင့် အကူအညီပေးသည့်အစီအစဉ်များမှ ဘဏ္ဍာငွေများကို ၉၂ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၅၄ ဘီလီယံ)အထိ လျှော့ချမည့် အစီအစဉ်တွင် အစားအသောက်အကူအညီ၊ HIV နှင့် ငှက်ဖျားကဲ့သို့သော ရောဂါများအတွက် အသက်ကယ်ကုသမှုများနှင့် ဟေတီ၊ ကျူးဘား၊ ဗင်နီဇွဲလားနှင့် လက်ဘနွန်နိုင်ငံများသည် ဖျက်သိမ်းခြင်း မခံရသည့် အစီအစဉ်များတွင် ပါဝင်မည် ဖြစ်ကြောင်း သိရသည်။

**Source; BBC**

စိုင်းဗညား - စုစည်းသည်

C